ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ကောင်းမှုအနည်းငယ်ပြုဖန်များသော်**
**ကောင်းမှုနှင့်ပြည့်**

ငါ၏ အနည်းငယ်မျှသော ကောင်းမှုသည် ငါ့အား အကျိုးမပေးလတ္တံ့ဟု ကောင်းမှုကို မထီမဲ့မြင် မမှတ်ရာ၊ မိုးပေါက်ကျဖန်များသော် ရေအိုးကြီးပင် ပြည့်လေသကဲ့သို့၊ ကောင်းမှုကို အနည်းငယ် အနည်းငယ်ပြုဖန်များသော် ပညာရှိသည် ကောင်းမှုနှင့် ပြည့်လေ၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

၁၃၈၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 15 January 2025 ၁၁၇၀၃

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက်(NCA)ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ကယားပြည်နယ် တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများက နိုင်ငံတော်အစိုးရနှင့်အတူ ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် ထာဝရငြိမ်းချမ်းရေးကို သားစဉ်မြေးဆက်ခံစားနိုင်အောင် တည်ဆောက်သွားကြရန် အထူးလိုအပ်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၃)နှစ်မြောက် ကယားပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

( ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက် )

**ချစ်ခင်လေးစားအပ်ပါသော ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသား မိဘပြည်သူ ညီအစ်ကိုမောင်နှမများ ခင်ဗျား-**

ယနေ့ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့သည် ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် ကယားတိုင်းရင်းသားများအတွက် မင်္ဂလာအပေါင်းနှင့်ပြည့်စုံသော ကယားပြည်နယ်နေ့ဖြစ်ပါသည်။ ယခုကဲ့သို့ နှစ်သစ်ကူးအခါသမယတွင် ကျရောက်သည့် ကယားပြည်နယ်နေ့၌ ကယားတိုင်းရင်းသားများနှင့် ပြည်ထောင်စုဖွား မိဘပြည်သူများအားလုံး ကိုယ်၏ကျန်းမာခြင်း စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် ပြည်နယ်တစ်ခုအဖြစ်ပါဝင်သော ကရင်နီပြည်နယ်ကို ၁၉၅၁ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပြင်ဆင်ချက်အက်ဥပဒေအရ လူထုဆန္ဒဖြင့် **စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

**ယနေ့ ဖတ်စရာ**

**(၅၃)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသန ညီလာခံ**
ဆောင်းပါး
စာမျက်နှာ » ၆

**ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်အာမခံအလုပ်သမားများအား လူမှုဖူလုံရေးကူညီမှု အကျိုးခံစားခွင့်များ ပေးအပ်**
စာမျက်နှာ » ၇

**မြန်မာစံချိန်စံညွှန်းများ သတ်မှတ်ခြင်း**
စာမျက်နှာ » ၉

**မရယူနိုင်ခြင်းသည် ကွဲပြားသော အခင်းအကျင်းများဆီသာ ဦးတည်စေသည်**
ဆောင်းပါး
စာမျက်နှာ » ၁၀

# ထန်းတပင်မြို့နယ်၌ နွေစပါးလျာထားဧက ၄၇၀၀၀ ကျော် ရှိသည့်အနက် ဧက ၂၄၀၀၀ ကျော် စိုက်ပျိုးပြီးစီး

ထန်းတပင် ဇန်နဝါရီ ၁၄

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်အတွင်း ၂၀၂၄-၂၀၂၅ နွေစပါးစိုက်ပျိုးရာသီတွင် နွေစပါးလျာထားစိုက်ဧက ၄၇၀၀၀ ကျော်ရှိသည့်အနက် ဧက ၂၄၀၀၀ ကျော် စိုက်ပျိုးပြီးစီးကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**စာမျက်နှာ ၄ ကော်လံ ၄ သို့ ✳**



ထန်းတပင်မြို့နယ်၌ နွေစပါးစိုက်ပျိုးနေမှုကို တွေ့ရစဉ်။

ကြေးမုံ

# စည်းလုံးညီညွတ်မှုစွမ်းပကားဖြင့် သမိုင်းမှတ်တမ်းကောင်းရေးထိုး

ပြည်ထောင်စုမြန်မာနိုင်ငံတော် လွတ်လပ်ရေးရပြီးချိန်မှစ၍ နိုင်ငံဖြစ်တည်မှု ပထဝီမြေအနေအထားအရ နိုင်ငံတော်လုံခြုံရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် တပ်မတော်သည် ခေတ်အဆက်ဆက်တွင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးကို တစိုက်မတ်မတ် တာဝန်ထမ်းဆောင်ခဲ့သည်။

လွတ်လပ်ရေးနှင့်အတူ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ပေါ်ပေါက်လာခဲ့ပြီး ပြည်ထောင်စုကြီး၏ သမိုင်းကြောင်းအစဉ်အဆက်အရ ရှေးပဝေသဏီကာလများကတည်းက အတူတကွ ပေါင်းစည်းနေထိုင်ခဲ့ကြပြီး ပြည်နယ်များ၊ တိုင်းဒေသကြီးများ စုပေါင်းတည်ဆောက်ထားသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ရေရှည်တည်တံ့ခိုင်မြဲအောင် တပ်မတော်က အသက်၊ သွေး၊ ချွေးပေးဆပ်ကာ ကာကွယ်စောင့်ရှောက်လျက်ရှိသည်။ တပ်မတော်သည် ခေတ်သမိုင်းအဆက်ဆက်တွင် ပြည်ထောင်စုကြီး ထိခိုက်ပျက်စီးစေနိုင်သောအခြေအနေများ ပေါ်ပေါက်လျှင် သမိုင်းပေးတာဝန်အရ တာဝန်ယူဆောင်ရွက်ခဲ့ရသည်။

တပ်မတော်သည် ဒီမိုကရေစီစနစ်ကို လမ်းခင်းပုံဖော်ပေးခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့ခြင်းနှင့် အဆိုပါမဲမသမာမှုများကို ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိခဲ့သည့်အပြင် နိုင်ငံတော်၏ အာဏာကို အတင်းအဓမ္မရယူရန် လုပ်ဆောင်လာခဲ့သောကြောင့် ဖြစ်ပေါ်လာသည့် အခြေအနေများအရ နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ်အခြေအနေကြေညာပြီး တပ်မတော်သည် နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ခဲ့သည်။ နိုင်ငံတော်တာဝန် စတင်ထမ်းဆောင်စဉ် အစောပိုင်းကာလများ၌ ဆူပူဆန္ဒပြမှုများသာ ရှိခဲ့သော်လည်း နောက်ပိုင်းတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့နှင့် ပြည်ပမှ သွေးထိုးမြှောက်ပင့်ပေးမှုများကြောင့် အကြမ်းဖက်အဖွဲ့များဖွဲ့စည်းကာ နိုင်ငံအတွင်း လုံခြုံမှု၊ တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် နည်းလမ်းမျိုးစုံ လုပ်ကိုင်လာကြသည်။

တပ်မတော်အနေဖြင့် အဆိုပါဖြစ်စဉ်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခဲ့သည်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်၏ အဓိကကာကွယ်ရေးအင်အားစုဖြစ်သည့် တပ်မတော်နှင့် ပြည်သူကို သွေးကွဲအောင် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိသည်။ တိုင်းပြည်တွင် မည်သို့သောအခြေအနေရှိသည်ဖြစ်စေ တပ်မတော်သည် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို သက်စွန့်ကြိုးပမ်းဆောင်ရွက်နေမှုအပေါ် နိုင်ငံတော်အစိုးရနှင့် နိုင်ငံသားများက အသိအမှတ်ပြု ဂုဏ်ယူလျက်ရှိသည်။

တပ်မတော်အနေဖြင့် စစ်မှန်သည့်အမျိုးသားရေးတာဝန်ကိုသာ ရှေးရှုပြီး တိုင်းပြည်နှင့် လူမျိုးအကျိုးကို သယ်ပိုးခဲ့သည်မှာ သမိုင်းကြောင်း သက်သေများရှိခဲ့ပြီးဖြစ်သည်။ "ယခု မိမိတို့ တပ်မတော်၏ နိုင်ငံ့အရေးတာဝန်များကို ထမ်းဆောင်နေမှုများသည် သမိုင်းများပင်ဖြစ်သဖြင့် သမိုင်းမှတ်တမ်းကောင်းကို ရေးထိုးနိုင်ရမည်ဖြစ်ကြောင်း၊ လက်ရှိ ပြည်တွင်း၊ ပြည်ပ အန္တရာယ်များ၊ ဝင်ရောက်စွက်ဖက်မှုများနှင့် ကြုံတွေ့နေရချိန်တွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်နေကြသူများအားလုံး၏ နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် တာဝန်ထမ်းဆောင်နေမှုများကိုလည်း မိမိအနေဖြင့် အသိအမှတ်ပြုဂုဏ်ပြုပါကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဇန်နဝါရီလ ၁၀ ရက်နေ့တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

နိုင်ငံတော်တွင် ဖြစ်ပေါ်လျက်ရှိသည့် ဆူပူအကြမ်းဖက်မှုဖြစ်စဉ်များကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ အပြစ်မဲ့ပြည်သူများ အသက်ခန္ဓာဆုံးရှုံးခဲ့ကြရသကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားသည့် လမ်း၊ တံတားများ၊ စက်ရုံ၊ အလုပ်ရုံများ၊ အဆောက်အအုံများ များစွာပျက်စီးဆုံးရှုံး ထိခိုက်ခဲ့ရသည်။ ထိုသို့ နိုင်ငံတော်အနေဖြင့် ထိခိုက်နစ်နာရသကဲ့သို့ ပြည်သူတစ်ဦးချင်းအနေဖြင့်လည်း လူမှုစီးပွားဘဝများ ထိခိုက်နစ်နာဆုံးရှုံးခဲ့ရသည်။ နိုင်ငံတော်ထိခိုက်ပျက်စီးခြင်းကြောင့် ပြည်သူများလည်း ထိခိုက်ပျက်စီးစေပြီး ပြည်သူများ ထိခိုက်ပျက်စီးပါကလည်း နိုင်ငံတော် ထိခိုက်ပျက်စီးခြင်းသာဖြစ်၍ နိုင်ငံတော်နှင့်ပြည်သူကို တပ်မတော်က ကာကွယ်စောင့်ရှောက်လျက်ရှိသည်။

သို့ဖြစ်ရာ ယခုကာလ၌ ပေါ်ပေါက်လျက်ရှိသည့် အကြမ်းဖက်ဖြစ်စဉ်များနှင့် ပတ်သက်၍ ပြည်သူလူထု၊ အစိုးရ၊ တပ်မတော်တို့၏ ပေါင်းစည်းအား၊ ညီညွတ်သောအင်အားများဖြင့် ကာကွယ်ရှင်းလင်းဖယ်ရှားကြရမည်ဖြစ်ပြီး ဒေသအသီးသီး၌ အကြမ်းဖက်တိုက်ခိုက်မှုများမရှိစေရေး၊ လက်နက်ကိုင်၍ ပြည်သူလူထုကို အနိုင်ကျင့်မှုများမရှိစေရေး၊ နယ်မြေလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးတာဝန်များကို စည်းလုံးညီညွတ်မှုဖြင့် သမိုင်းမှတ်တမ်းကောင်း ရေးထိုးကြရမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ပြဟ္မစိုရ်တရားနှင့် စစ်မှန်သောမျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဖော်ဆောင်ပေးရေး။

## ပုံနှိပ်ခြင်းလုပ်ငန်း၊ ထုတ်ဝေခြင်းလုပ်ငန်းနှင့် သတင်းအေဂျင်စီလုပ်ငန်း လုပ်ကိုင်သူများ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် အသိပေးကြေညာခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများ ထွက်ရှိသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ်များအား ၅ နှစ် သက်တမ်းခွင့်ပြုပေးခဲ့ပါသည်။

၂။ အသိအမှတ်ပြုလက်မှတ် သက်တမ်းကုန်ဆုံးပါက နည်းဥပဒေ ၂၁ အရ သက်တမ်းကုန်ဆုံးသည့်ရက်မှစ၍ ရက်ပေါင်း ၆၀ အတွင်း သတ်မှတ်ပုံစံနှင့်အတူ အခကြေးငွေ ကျပ်တစ်သောင်းပေးသွင်း၍ ပြန်ကြားရေးဝန်ကြီးဌာနသို့ အသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် လာရောက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၃။ သက်တမ်းကုန်လွန်သော အသိအမှတ်ပြုလက်မှတ်များဖြင့် လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့် မရှိကြောင်းနှင့် သက်တမ်းကုန်ဆုံးပြီး လုပ်ငန်းဆက်လက်လုပ်ကိုင်ပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း ၀၁-၅၄၁၄၁၃၊ ၀၁-၈၆၀၄၇၅၀၊ ၀၁-၈၆၀၄၇၅၁၊ ၀၁-၅၄၄၅၈၃၊ iprd.crd.ygn@gmail.com သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## ၁၄ - ၁ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ဂရမ်) ၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၃၈၀၀၀၀** ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၄ - ၁ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၂၀၀ | ၈,၁၀၀ | ၁,၄၆၈ | ၁၁,၈၈၁,၀၀၀ |
| MTSH | ၃,၂၀၀ | ၃,၂၀၀ | ၁,၂၈၂ | ၄,၀၉၀,၈၅၀ |
| MCB | ၈,၅၀၀ | ၈,၅၀၀ | ၄၅ | ၃၈၂,၅၀၀ |
| FPB | ၁,၉၅၀ | ၁,၉၀၀ | ၃၆၀ | ၆၈၄,၅၀၀ |
| TMH | ၃,၀၀၀ | ၃,၂၀၀ | ၁၀ | ၃၁,၀၀၀ |
| EFR | ၁,၇၀၀ | ၁,၇၀၀ | ၁,၄၆၀ | ၂,၄၆၇,၀၀၀ |
| AMATA | ၄,၁၀၀ | ၄,၂၀၀ | ၃၀၁ | ၁,၂၃၄,၂၀၀ |
| MAEX | ၃,၂၀၀ | ၃,၂၀၀ | ၁၃ | ၄၁,၆၀၀ |
| MADPL(PLB) | ၃,၀၀၀ | ၃,၀၅၀ | ၁,၅၀၃ | ၄,၅၈၄,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးဝင်းနိုင်
**ခေတ္တ စာတည်းမှူး** - ဦးအေဝမ်းစိုး
**စာတည်းများ** - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
**ဘာသာပြန် စာတည်းများ** - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အခမ့်ဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

☆ **ရှေ့ဖုံးမှ**

၁၉၅၂ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့မှစ၍ ကယားပြည်နယ်အဖြစ် တရားဝင်ပြောင်းလဲခေါ်ဝေါ်ခဲ့ပါသည်။ ထိုသို့ ကယားပြည်နယ်ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့သည့် နေ့ရက်ကို **"ကယားပြည်နယ်နေ့"** အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ပါသည်။

ကယားပြည်နယ်သည် တောတောင်ရေမြေ သဘာဝအလှတရားများ၊ မြေပေါ်မြေအောက် သယံဇာတများ ပေါကြွယ်ဝကာ ရိုးရာယဉ်ကျေးမှုအလှများဖြင့် သာယာလှပသော ပြည်နယ်ဖြစ်ပါသည်။ ရာသီဥတုမျှတပြီး ဒေသခံတိုင်းရင်းသားများ၏ ရင်းနှီးဖော်ရွေမှု၊ ရိုးသားပွင့်လင်းမှုတို့သည် ပြည်နယ်၏ နှစ်သက်စွဲလမ်းဖွယ်ရာ ဂုဏ်အင်္ဂါများပင်ဖြစ်ပါသည်။ ထို့အပြင် ဒေသခံတိုင်းရင်းသားပြည်သူများက ပြည်နယ်အကျိုးကို ဝိုင်းဝန်းဆောင်ရွက်မှုတို့ကြောင့် ဖွံ့ဖြိုးတိုးတက်ပြီး ခိုင်ခိုင်မာမာ ရပ်တည်နိုင်ခဲ့သည့် ပြည်နယ်တစ်ခုလည်း ဖြစ်ပါသည်။ ထိုသို့ရရှိပြီးအခြေခံကောင်းများကို အမိအရဆုပ်ကိုင်၍ ကယားပြည်နယ် တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများက နိုင်ငံတော်အစိုးရနှင့်အတူ ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် ထာဝရငြိမ်းချမ်းရေးကို သားစဉ်မြေးဆက်ခံစားနိုင်အောင် တည်ဆောက်သွားကြရန် အထူးလိုအပ်နေချိန်ဖြစ်ပါသည်။

မိမိတို့မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းများစွာကတည်းက ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်စာပေနှင့် ကိုယ်ပိုင်ဘာသာစကားများဖြင့် တိုင်းရင်းသားညီအစ်ကို မောင်နှမအားလုံးတို့သည် နိုင်ငံ၏ဒေသအသီးသီးတွင် ဥမကွဲသိုက်မပျက်၊ စည်းလုံးညီညွတ်စွာယှဉ်တွဲ၍ နေထိုင်ခဲ့သော အချုပ်အခြာအာဏာပိုင်နိုင်ငံ ဖြစ်ပါသည်။ ထိုကဲ့သို့ စည်းလုံးညီညွတ်ခဲ့သည့် နိုင်ငံတော်ကြီးကို နယ်ချဲ့အင်္ဂလိပ်တို့သည် ၁၈၂၄ ခုနှစ်ကစ၍ မတရားကျူးကျော်စစ် သုံးကြိမ်ပြုခဲ့ပြီး သူ့ကျွန်ဘဝကို သွတ်သွင်းခဲ့ပါသည်။

ထို့နောက် နယ်ချဲ့တို့သည် တောင်ပေါ်မြေပြန့်တစ်ခုချင်းစီကို ဥပဒေများခွဲခြားပြဋ္ဌာန်းပြီး နှစ်ပေါင်းတစ်ရာကျော် ရည်ရွယ်ချက်ရှိရှိဖြင့် သွေးခွဲအုပ်ချုပ်ခဲ့ကြပါသည်။ ပြည်မကို အုပ်ချုပ်ရာတွင်လည်း ကွဲပြားခြားနားမှုများပြားအောင် လုပ်ဆောင်ခဲ့ကြပါသည်။

၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့ လွတ်လပ်ရေးရရှိပြီးစ၌ နိုင်ငံရေးပါတီများ၏ အာဏာလွန်ဆွဲမှု ပြင်းထန်လာခဲ့သည်ကို တွေ့ရှိရပါသည်။ ၁၉၄၈ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် ဗမာပြည် ကွန်မြူနစ်ပါတီသည် နိုင်ငံရေးသဘောထားကွဲလွဲမှုကို နိုင်ငံရေးနည်းဖြင့် မဖြေရှင်းဘဲ လက်နက်ကိုင်လမ်းစဉ်ကို ရွေးချယ်ခဲ့ရာမှစ၍ လွတ်လပ်ရေး၏အနှစ်သာရကို မခံစားရဘဲ နိုင်ငံအဝန်း တိုက်ပွဲများဖြင့် လက်နက်ကိုင်ပဋိပက္ခများ စတင်ခဲ့ပါသည်။ အလားတူ နယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှုပယောဂကြောင့် အချို့တိုင်းရင်းသားများကလည်း အယူဝါဒအမျိုးမျိုးဖြင့် လက်နက်ကိုင်လမ်းစဉ်ကို ဖော်ဆောင်ခဲ့ကြပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကင်းမဲ့ခဲ့သည်မှာ ယနေ့ကာလအထိ ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် လွတ်လပ်ရေးနှင့်အတူ လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်လာခဲ့သည်မှာ နှစ်ပေါင်း (၇၆) နှစ်ကျော်လွန်ခဲ့ပြီဖြစ်၍ လက်နက်ကိုင်ပဋိပက္ခ မည်သည့်အကြောင်းကြောင့် ဖြစ်ပွားနေရသည်ကို ပြန်လည်ဆန်းစစ်ကြည့်ရန် လိုပါသည်။ သမိုင်းကြောင်းကိုသိမှ ပစ္စုပ္ပန်ကာလ၌ အားနည်းချက်များကို သိမြင်ပြီး အနာဂတ်အတွက် အကျိုးဖြစ်ထွန်းမည်ဖြစ်ပါသည်။ နိုင်ငံရေးအယူအဆကွဲလွဲမှုများကို နိုင်ငံရေးနည်းဖြင့်မဖြေရှင်းဘဲ လက်နက်စွဲကိုင်ခဲ့ကြရာက ပြည်တွင်း လက်နက်ကိုင် ပဋိပက္ခဖြစ်ပွားနေခြင်းဖြစ်ပြီး တည်ငြိမ်အေးချမ်းမှု မရှိခြင်းကို သတိပြုသင့်ကြပါသည်။

လက်ရှိနိုင်ငံတွင်း၌ ဖြစ်ပေါ်နေသည့် မတည်ငြိမ်မှုများနှင့် ဆူပူအကြမ်းဖက်မှုများမှာ ဒီမိုကရေစီရေးကို ဆောင်ရွက်နေသည်ဟု ဆိုသူများက မဲမသမာမှုများဖြင့် နိုင်ငံတော်အာဏာကို မတရားသဖြင့် ရယူရန်ဆောင်ရွက်ခဲ့ပြီး ဥပဒေနှင့်အညီ ဒီမိုကရေစီ နည်းလမ်းကျ ဖြေရှင်းခဲ့ခြင်းမရှိဘဲ လက်နက်ကိုင်အကြမ်းဖက်လမ်းစဉ်ကို ရွေးချယ်ခဲ့ကြသောကြောင့်သာ ဖြစ်ပါသည်။ ဒီမိုကရေစီစနစ်ကို ကျင့်သုံးကာကွယ်နေပါသည်ဟုဆိုသော ပြည်ပနိုင်ငံအချို့ကလည်း ဒီမိုကရေစီစနစ်နှင့် ဆန့်ကျင်ဘက်ဖြစ်သည့် လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်မှုများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အားပေးအားမြှောက်ပြုလုပ်နေကြပါသည်။ ၎င်းတို့မှာ မိမိတို့နိုင်ငံအား သူတို့အလိုကျ ခြယ်လှယ်ချုပ်ကိုင်နိုင်ရန်နှင့် ပြည်သူလူထု၏ ဆန္ဒဖြစ်သည့် ပါတီစုံဒီမိုကရေစီစနစ်ကို နှောင့်နှေးစေပြီး ဒီမိုကရေစီအမည်ခံ အာဏာရှင်စနစ်ကို အားပေးနေခြင်းပင်ဖြစ်သည်ကို သတိပြုမိကြစေလိုပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူ့ဆန္ဒဖြစ်သည့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို မလွဲမသွေ ဆက်လက်လျှောက်လှမ်းသွားရမည် ဖြစ်ပါသည်။ ထိုကဲ့သို့ လျှောက်လှမ်းနိုင်ရန် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကြီးကျင်းပနိုင်ရေး လိုအပ်သည့် ပြင်ဆင်မှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒမှန်ကိုထုတ်ဖော်နိုင်သည့် လွတ်လပ်ပြီး တရားမျှတသည့် အထွေထွေ ရွေးကောက်ပွဲကို မဖြစ်မနေ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း အလေးအနက် ပြောကြားလိုပါသည်။ နိုင်ငံတော်အကျိုး၊ တိုင်းရင်းသားပြည်သူလူထု၏အကျိုးကိုသာ အစဉ်ရှေးရှု ကြိုးပမ်းဆောင်ရွက်ပြီး နိုင်ငံတော်ကြီး ပိုမိုတည်ငြိမ်အေးချမ်းပြီး သာယာဝပြောစေရန်နှင့် စားရေရိက္ခာ ဖူလုံစေရန် အဓိကထားပြီး တိုင်းရင်းသားပြည်သူများနှင့်အတူ တက်ညီလက်ညီ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

တိုင်းရင်းသားပြည်သူများ၏ ဆန္ဒနှင့်အညီ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရန် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်အတူ နိုင်ငံ့ဝန်ထမ်းများအားလုံး၊ အရပ်ဘက်အဖွဲ့အစည်းများအားလုံး၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိရန် အဓိကကျသည့်အချက်မှာ မိမိတို့တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်ကြရေးနှင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးပင်ဖြစ်ပါသည်။ ယခုလတ်တလော အခြေအနေတွင် ပြည်ပနိုင်ငံများ၏ သွေးထိုးလှုံ့ဆော်မှုများ၊ သဘောထားကွဲလွဲပြီး နိုင်ငံနှင့် ပြည်သူအကျိုးကို မျက်ကွယ်ပြုလုပ်ဆောင်နေသော အချို့အဖွဲ့အစည်းများ၏ ခြေထိုးမှုများ၊ ကျင့်ဝတ်ဖောက်ဖျက်ပြီး နိုင်ငံတော်ကို အန္တရာယ်ချောက်ကမ်းပါးထဲသို့ ဆွဲချနေသည့် မဟုတ်မမှန် လုပ်ကြံသတင်းများ၊ NUG၊ CRPH၊ PDF အစရှိသည့် အကြမ်းဖက်အဖွဲ့အစည်းများ၏ သွေးဆောင်စည်းရုံးမှုနှင့် အကြမ်းဖက်လုပ်ရပ်များကြောင့် ဒေသအချို့တွင်ရှိသည့် ပြည်သူလူထုအကြား အသိအမြင်များ မှားပြီး ညီညွတ်မှုများပြိုကွဲကာ မငြိမ်းမချမ်းဖြစ်နေသည်ကို တွေ့မြင်ကြရမည်ဖြစ်ပါသည်။

ကယားပြည်နယ်တွင် မကြာမီကာလက KNDF အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် လွိုင်ကော်မြို့အပါအဝင် မြို့ရွာများ ထိခိုက်ပျက်စီးခဲ့ရပါသည်။ ပြည်နယ်အတွင်းနေထိုင်သည့် လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများက ကိုယ့်ဒေသကိုယ်ဖျက်ဆီးသည့် လုပ်ရပ်ဖြစ်ပါသည်။ ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရေး တည်ငြိမ်အေးချမ်းရေးအတွက် ၎င်းဒေသတွင် နေထိုင်သူများကပင် လုပ်ဆောင်ကြရမည်ဖြစ်ပြီး ဒေသ၏ဖွံ့ဖြိုးတိုးတက်မှု ပျက်စီးစေရန်နှင့် တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန် လုပ်ဆောင်မှုများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်မှာလည်း ဒေသခံများပင်ဖြစ်ပါသည်။ အကြမ်းဖက်တိုက်ခိုက်မှုများကို ဒေသခံတိုင်းရင်းသားအဖွဲ့အစည်းများက လုပ်ဆောင်ခြင်းသည် အမျိုးသားရေးစိတ်ဓာတ်ကင်းမဲ့ပြီး လွဲမှားသည့်အတွေးအခေါ် အယူအဆများဖြင့် နိုင်ငံရေးအရ ရင့်ကျက်မှုမရှိခြင်းနှင့် ကိုယ့်ဒေသ၊ ကိုယ့်တိုင်းရင်းသားကို သစ္စာဖောက်ဖျက်ခြင်းပင် ဖြစ်ပါသည်။

ထို့ကြောင့် ဒေသအတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဒေသခံများ၏ လုံခြုံရေးကို ဖျက်ဆီးနေသည့် ဒေသတွင်းနေထိုင်သော လက်နက်ကိုင်အဖွဲ့အစည်းများ၏ အကြမ်းဖက်လုပ်ဆောင်မှုများ လျော့ပါးစေရေးအတွက် ၎င်းတို့သက်ဆိုးရှည်စေမည့် ကိစ္စရပ်များကို ပြည်သူအားလုံးက ဝိုင်းဝန်းတားဆီး ဆောင်ရွက်ပေးကြစေလိုပါသည်။ အကြမ်းဖက်သောင်းကျန်းသူများသည် မြို့ရွာများရှိ နေအိမ်များ၌ ဝင်ရောက်နေထိုင်ပြီး ဒေသခံပြည်သူလူထုကို အကာအကွယ်ယူ၍ နှောင့်ယှက်ဖျက်ဆီးတိုက်ခိုက်မှုများ လုပ်ဆောင်ခြင်းဖြစ်၍ ပြည်သူများအနေဖြင့် သတိတရား၊ အသိတရားများဖြင့် ရှောင်ရှားမည်ဆိုပါက သောင်းကျန်းသူ အမြစ်ပြတ်ချေမှုန်းရေးလုပ်ငန်းများကို ပိုမိုမြန်ဆန်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် အဓိကလိုအပ်ချက်မှာ ပြည်သူများအားလုံး အသိဉာဏ်ပညာပြည့်ဝရေးနှင့် အတွေးအခေါ် မှန်ကန်ရေးပင်ဖြစ်ပါသည်။ နိုင်ငံနှင့် ပြည်သူ့အကျိုးကို ပြည်သူများကပင် အသိပညာဖြင့် ထိန်းသိမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ နိုင်ငံတော်အနေဖြင့် ပြည်သူများ အသိပညာဗဟုသုတပြည့်ဝကြစေရန်နှင့် ပညာပြည့်ဝပြီး လူ့စွမ်းအားအရင်းအမြစ်များ ပြည့်စုံသောလူငယ်များ ပေါ်ထွက်လာရေး ပညာရေးကဏ္ဍကို မြှင့်တင်ပေးလျက်ရှိရာ တိုင်းရင်းသားမိဘပြည်သူများက ဝိုင်းဝန်းပူးပေါင်းပါဝင်ကြရန် တိုက်တွန်းလိုပါသည်။ မဖွင့်နိုင်သေးသည့် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းပြင်ပရောက်ပြီး ကျောင်းမတက်နိုင်ကြသည့် ကျောင်းသားများ ကျောင်းသို့ပြန်လည်ရောက်ရှိရေး၊ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရေးတို့ကို အလေးထားဆောင်ရွက်ပေးကြရန်လိုပါသည်။ သို့မှသာ လူငယ်များ ဗလငါးတန်ပြည့်ဝပြီး ဒေသအကျိုး၊ နိုင်ငံနှင့်လူမျိုးအကျိုးကို ဆောင်ရွက်နိုင်ကြမည် ဖြစ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူ ညီအစ်ကို မောင်နှမများခင်ဗျာ–**

ယခုထက်ပို၍ ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သည့် ပြည်နယ်တစ်ခုဖြစ်ပေါ်လာရန် ပြည်နယ်အတွင်း နေထိုင်ကြသော တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး၏ စိတ်ဓာတ်နှင့် အင်အားသည် အဓိကဖြစ်ပါသည်။ နိုင်ငံ၏အားသည် နိုင်ငံအတွင်းမှာရှိသကဲ့သို့ ပြည်နယ်၏အင်အားသည်လည်း ပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး၏ စုပေါင်းအားပင် ဖြစ်ပါသည်။

ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး တိုင်းရင်းသားပြည်သူများအကြား မျိုးချစ်စိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် နိုင်ငံနှင့်ပြည်သူကို ကာကွယ်စောင့်ရှောက်ပေးကြပါ။ နိုင်ငံ၏ အနာဂတ်လူငယ်မျိုးဆက်သစ်များကို တန်ဖိုးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်လာအောင် ပြုစုပျိုးထောင်ပေးကြပါ။ ကယားပြည်နယ်ရှိ တိုင်းရင်းသားများကလည်း အတွေးအခေါ်အယူအဆမှန်ကန်စွာဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များတွင် စည်းစည်းလုံးလုံး ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန်နှင့် ကယားပြည်နယ်တစ်ခုလုံး အေးချမ်းသာယာ၍ ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်ကာ တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားပါစေကြောင်း ဆန္ဒပြုတိုက်တွန်းလျက် ဤသဝဏ်လွှာပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းအမှတ်စဉ်(၁) ဖွင့်ပွဲအခမ်းအနား ကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၁၄**

ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်း အမှတ်စဉ်(၁) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၁ နာရီတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက သင်တန်းတွင် ဥပဒေပင်မအရင်းအမြစ်များနှင့် ဥပဒေအခြေခံအကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဥပဒေမူကြမ်းရေးဆွဲခြင်း၊ ပြင်ဆင်ဥပဒေမူကြမ်းရေးဆွဲခြင်း၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက်များ၊ ပေါင်းစပ်ဆောင်ရွက်ရသည့် အထူးဥပဒေများ၊ အပြည်ပြည်ဆိုင်ရာဥပဒေ စသဖြင့် ဘာသာရပ် ၁၉ ခုကို သင်ကြားပို့ချမည်ဖြစ်ကြောင်း၊ ဥပဒေပညာရပ်များအား သင်ယူခွင့်ရရှိချိန်တွင် သတ်မှတ်ထားသည့် သင်တန်းစည်းကမ်းများအတိုင်း မိမိအတွက်၊ ဌာနအတွက် အကျိုးရှိအောင် သင်ယူလေ့လာကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းကို ဇန်နဝါရီ ၁၃ ရက်မှ ၂၄ ရက်အထိ ရက်သတ္တနှစ်ပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသားသင်တန်းသူ ၂၆ ဦး တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ရန်ကင်းပညာရေးဒီဂရီကောလိပ်၌ ဥပဒေအသိပညာပြန့်ပွားရေး ဗဟိုနည်းပြသင်တန်းဖွင့်လှစ်

**ရန်ကင်း ဇန်နဝါရီ ၁၄**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် ရန်ကင်းမြို့နယ်၌ ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော ဥပဒေအသိပညာပြန့်ပွားရေး ဗဟိုနည်းပြသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီက ရန်ကင်းပညာရေးဒီဂရီကောလိပ်မြတ်ပညာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အဖွင့်အမှာစကားပြောကြားရာတွင် ဥပဒေအသိပညာပြန့်ပွားရေး ဗဟိုနည်းပြသင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ဥပဒေရေးရာကိစ္စရပ်များကို ပြောကြားပြီး ရန်ကင်းပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီး ဦးအောင်မြတ်စိုးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါသင်တန်းသို့ ရန်ကင်း၊ သင်္ဃန်းကျွန်း၊ လှည်းကူး၊ ဟားခါး(တွဲဖက်)ပညာရေးဒီဂရီကောလိပ်များမှ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြများ၊ စီမံဝန်ထမ်းအဆင့်ရှိ သင်တန်းသား ၇၀ တို့ တက်ရောက်ကြပြီး ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ်ရုံး အဖွဲ့မှူး ဒေါ်မေသက်မော်နှင့် သဃ်န်းကျွန်းခရိုင်ဥပဒေအရာရှိ ဦးချမ်းသာတို့က ဥပဒေအသိပညာပြန့်ပွားရေး ဘာသာရပ်များကို ပို့ချခဲ့ကြောင်း သိရသည်။

**လှလှထွေး(ပြန်/ဆက်)**

✳ **ထန်းတပင်မှ**

"ထန်းတပင်မြို့နယ်မှာ နွေစပါးလျာထား စိုက်ဧက ၄၇၄၂၅ ဧကရှိပြီးတော့ လက်ရှိဧကပေါင်း ၂၄၁၅၂ ဧကစိုက်ပျိုးနိုင်ခဲ့ပါတယ်။ လျာထားဧကထက် ကျော်လွန်အောင် စိုက်ပျိုးနိုင်ရေးအတွက်လည်း ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဝင်းကိုက ပြောသည်။

**လက်တွေ့စိုက်ပျိုးပြသ**

တောင်သူများ စပါးစိုက်ပျိုးရာတွင် လုပ်အားကုန်ကျမှုစရိတ်များ၊ မျိုးစေ့နှုန်းထား ကုန်ကျမှုစရိတ်များ သက်သာစေရန်နှင့် စပါးအထွက်နှုန်းများ တိုးတက်လာစေရန်အတွက် နွေစပါးဧက ၁၀၀ စံပြစိုက်ခင်းတွင် စိုက်ပျိုးနည်းစနစ်များကို သက်ဆိုင်ရာကွင်းအလိုက် ဒေသခံတောင်သူများအား အသိပညာပေး လက်တွေ့စိုက်ပျိုးပြသပေးလျက်ရှိသည်။ နွေစပါးစိုက်ခင်းများ တစ်ဧကအထွက်နှုန်း တိုးတက်ရေးအတွက် လိုက်နာရမည့်နည်းလမ်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက အသိပညာပေးဆောင်ရွက်လျက်ရှိသကဲ့သို့ နည်းပညာမျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးနိုင်ရေး ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**



# ပေါင်မြို့နယ်၌ လက်ဆွဲကောက်စိုက်စက်နှင့် ကူဘိုတာကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်း ကွင်းသရုပ်ပြ

**ပေါင် ဇန်နဝါရီ ၁၄**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဒုတိယ သီးနှံနွေစပါး(အောင်နိုင်တိုး) အား လက်ဆွဲ ကောက်စိုက်စက်နှင့် ကူဘိုတာကောက်စိုက်ဖြင့် စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက ရင်းငြိမ်မြောက်ကျေးရွာ တောင်သူတစ်ဦး၏ လယ်မြေ၌ ပြုလုပ်သည်။



လက်ဆွဲကောက်စိုက်စက်နှင့် ကူဘိုတာ ကောက်စိုက်စက်တို့ဖြင့် လက်တွေ့ကွင်းသရုပ်ပြ စိုက်ပျိုးခြင်းကို ရင်းငြိမ်မြောက်ကျေးရွာရှိ တောင်သူ ဒေါ်သိင်္ဂီမြင့်၏ လယ်ယာမြေ၌ ပြုလုပ်ရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မျိုးလှိုင်၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးအရာရှိ ဦးရဲမြင့်နှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနတို့မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးကာ လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးကြသည်။

သထုံခရိုင် ပေါင်မြို့နယ်စက်မှုလယ်ယာဦးစီးဌာန အနေဖြင့် ပေါင်မြို့နယ်အတွင်း နွေစပါးစိုက်ကာလတွင် တောင်သူများ လုပ်သားရှားပါးမှု ပြေလည်စေရန်အတွက် ကြဲပက်စိုက်ပျိုးခြင်းအစား လက်ဆွဲကောက်စိုက်စက်နှင့် ကူဘိုတာကောက်စိုက်စက် အသုံးပြုပြီး စိုက်ပျိုးခြင်းဖြင့် ဒေသတွင်း စားရေရိက္ခာဖူလုံရေးနှင့် တောင်သူများ၏ လူမှုစီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကြံခင်းမြို့၌ မီးဘေးကြိုတင်ကာကွယ်ရေး တစ်အိမ်တက်ဆင်း စစ်ဆေးခြင်းနှင့် အသိပညာပေး ဆောင်ရွက်

**ကြံခင်း ဇန်နဝါရီ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် မီးသတ်ဦးစီးမှူး ဦးကိုကိုနိုင်ကြီးကြပ်မှုဖြင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေး တစ်အိမ်တက်ဆင်းစစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

အဆိုပါ အသိပညာပေး တစ်အိမ်တက်ဆင်း စစ်ဆေးရာတွင် ကြံခင်းမြို့နယ် မီးသတ်စခန်းမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးမြင့်ထွေးနှင့် သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက ကြံခင်းမြို့ပေါ်ရှိ မြို့မရပ်ကွက်၊ ရွာသစ်ရပ်ကွက်၊ ရွှေတောင်စုရပ်ကွက်တို့ရှိ နေအိမ်များအား တစ်အိမ်တက်ဆင်း စစ်ဆေးပြီး ဂက်စ်မီးဖိုများ အသုံးပြုပုံနှင့် မီးသတ်ဆေးဘူး အသုံးပြုပုံများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်း၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ လျှင်မြန်စွာ မီးငြိမ်းသတ်နိုင်ရေးနှင့် အနီးဝန်းကျင်သို့ မီးမကူးစက်နိုင်ရန် အအေးပေးစနစ်ဖြင့် အပူရှိန်လျှော့ချခြင်းနှင့် မီးငြိမ်းသတ်နည်း စနစ်များကို လက်တွေ့သင်ကြားပြသခဲ့ကြောင်း သိရသည်။

**ရောဦးသာ**





# မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တတိယအကြိမ် အစည်းအဝေးကျင်းပ

## ရင်းနှီးတည်ထောင်သူနှင့် ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ရေး၊ နိုင်ငံအတွင်း အထူးစီးပွားရေးဇုန်များ ဖွံ့ဖြိုးမှုမြန်ဆန်ရေး ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၄**

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် တတိယအကြိမ် အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ သီလဝါ၊ ကျောက်ဖြူနှင့် ထားဝယ်အထူးစီးပွားရေးဇုန်တို့မှ စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌက သီလဝါအထူးစီးပွားရေးဇုန်အတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ်များ ဝင်ရောက်ခဲ့မှုအခြေအနေ၊ မြန်မာအစိုးရအသိအမှတ်ပြု စုပေါင်းကုမ္ပဏီ (Myanmar Government Designated Entity–GDE) အဖြစ် ဖွဲ့စည်းထားသည့် Kyauk Phyu SEZ Consortium Company Limited နှင့် CITIC Consortium တို့အကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပြီး လုပ်ငန်းများ အောင်မြင်အောင် ဆက်လက်ဆောင်ရွက်ရန်နှင့် ထားဝယ်အထူးစီးပွားရေးဇုန်သည် အရှေ့တောင်အာရှတွင် အရေးပါသည့် ဇုန်တစ်ခုဖြစ်လာနိုင်သည့်အတွက် ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို အရှိန်အဟုန်မပျက် ဆောင်ရွက်ပြီး ရင်းနှီးတည်ထောင်သူနှင့် ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ရေး၊ နိုင်ငံအတွင်း အထူးစီးပွားရေးဇုန်များ ဖွံ့ဖြိုးမှုမြန်ဆန်ရေး၊ ရင်းနှီးတည်ထောင်သူနှင့် ရင်းနှီးမြှုပ်နှံသူများအား မြန်မာအထူးစီးပွားရေးဇုန် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ပေးရေး ကိစ္စရပ်များကို ပြောကြားသည်။

ဆက်လက်၍ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌက သီလဝါအထူးစီးပွားရေးဇုန်သို့ ရင်းနှီးမြှုပ်နှံမှုအသစ် ဝင်ရောက်လာမှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးတက်လာသည့် အခြေအနေ၊ ပို့ကုန်ကဏ္ဍ တိုးမြှင့်တင်ပို့နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေး၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်း စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်မည့် မြန်မာအစိုးရအသိအမှတ်ပြု စုပေါင်းကုမ္ပဏီ (Myanmar Government Designated Entity Consortium–GDE) ၏ အခြေအနေ၊ စီမံကိန်းဧရိယာနှင့် တည်နေရာ ပိုမိုကောင်းမွန်စွာ အကောင်အထည်ဖော်နိုင်ရေး တရုတ်နိုင်ငံ CITIC ဘက်မှ ကျွမ်းကျင်သူများနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီကို အထောက်အကူပြုနိုင်ရန် မြန်မာဘက်မှ ကျွမ်းကျင်သူပညာရှင်ဖွဲ့စည်းထားရှိမှု အခြေအနေနှင့် ကျောက်ဖြူရေနက်ဆိပ်ကမ်း စီမံကိန်းအောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားရေး၊ ရင်းနှီးတည်ဆောက်သူအသစ်များဖြင့် ဆက်လက်လုပ်ကိုင်နိုင်စေရန်အတွက် ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရေးကိစ္စရပ်များကို ပြောကြားသည်။

ထို့နောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး မြန်မာ ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထိန်လင်းက ယခင်ကျင်းပခဲ့သည့် ဒုတိယအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှုများကို လည်းကောင်း၊ သီလဝါအထူးစီးပွားရေးဇုန်၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ထားဝယ်အထူးစီးပွားရေးဇုန်တို့မှ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများက မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့အစည်းအဝေးသို့တင်ပြသည့် အမှာစာများကို လည်းကောင်း၊ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဝင်များက ဇုန်တစ်ခုချင်းအလိုက် လုပ်ငန်းဆောင်ရွက်ပေးနေမှု အခြေအနေများကို လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌက ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများ ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့်ယှဉ်တွဲ ဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးမင်းဟန်စိုး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘဏ်လုပ်ငန်းစည်းမျဉ်းနှင့်<br>ကြီးကြပ်စစ်ဆေးရေးဌာနကြီး<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ညွှန်ကြားရေးမှူးချုပ်<br>ဥက္ကဋ္ဌရုံး<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| ( ခ ) | ဒေါ်မေခိုင်ဝင်း<br>ညွှန်ကြားရေးမှူးချုပ်<br>ဥက္ကဋ္ဌရုံး<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ညွှန်ကြားရေးမှူးချုပ်<br>ဘဏ်လုပ်ငန်းစည်းမျဉ်းနှင့်<br>ကြီးကြပ်စစ်ဆေးရေးဌာနကြီး<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် |

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဒေါက်တာ သန္တာကြည်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း<br>ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းဦးစီးဌာန<br>စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်း<br>ဝန်ကြီးဌာန |
| ( ခ ) | ဒေါက်တာ အောင်ကျော်<br>ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>ပညာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>ပညာရေးဝန်ကြီးဌာန |

# ပြည်မြို့နယ်၌ ကြံသီးနှံ ကွင်းသရုပ်ပြပွဲနှင့် အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**ပြည် ဇန်နဝါရီ ၁၄**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်တွင် မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေ (၂၀၂၂) စီမံကိန်းဖြင့် ဆောင်ရွက်သည့် ကြံသီးနှံစိုက်ကွင်းသရုပ်ပြပွဲနှင့် တောင်သူအသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ပြည်မြို့ အနောက်လက်ခုပ်ပင်အုပ်စုရှိ တောင်သူ ဦးဉာဏ်ဝင်း၏ KK3 ကြံသီးနှံ (၅ဧက) စံပြစိုက်ခင်း၌ ကျင်းပသည်။



ဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန (သကြားထွက်သီးနှံဌာနခွဲ) ညွှန်ကြားရေးမှူး ဦးဝင်းလှိုင်ဦးက အရည်အသွေးကောင်းမွန်သော ကြံသီးနှံ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး နည်းပညာရပ်များနှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းမြင့်က ကွင်းသရုပ်ပြပွဲနှင့် နည်းပညာဆွေးနွေးပွဲ ဆောင်ရွက်မှုကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ကြံသီးနှံစိုက် တောင်သူများအတွက် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ပြီး စံပြကွက် ကွင်းသရုပ်ပြပွဲ ဆက်လက်ဆောင်ရွက်ကာ ကြံသီးနှံစိုက်ကျွမ်းကျင်ပညာရှင်တစ်ဦးက တောင်သူများအား ကြံသီးနှံစိုက်ပျိုးထုတ်လုပ်မှု နည်းပညာရပ်ဆိုင်ရာ သိကောင်းစရာများကို အသိပညာပေး မျှဝေဆွေးနွေးသည်။

ပြည်မြို့နယ်၌ ယခုနှစ် ကြံစိုက်ရာသီတွင် လျာထားဧက ၇၀၀၀ ကျော် ပြည့်မီကျော်လွန်စိုက်ပျိုးနိုင်ခဲ့ပြီး မျိုးကောင်းမျိုးသန့်များ ရရှိစိုက်ပျိုးနိုင်ရေးနှင့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် လိုအပ်သော စိုက်ပျိုးနည်းပညာများကို စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက တောင်သူများနှင့်အတူ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ကိုဆက်(ပြန်/ဆက်)**



# လျှပ်စစ်သုံးမော်တော်ယာဉ်များ တင်သွင်းရောက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၄**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Amazing Auto Co., Ltd က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် DAYUN YUEHU S1 (VIP EDITION) အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Qingdao CRRC Sifang Rolling Stock Co., Ltd က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် DONGFENG NISSAN ARIYA အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် UV Automotive Co., Ltd က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် HONGQI EQM5 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာပါသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၅၃)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ

**ကျန်းမာရေးဝန်ကြီးဌာန၏ ပင်မမဏ္ဍိုင်လုပ်ငန်းကြီးတစ်ရပ်ဖြစ်သော ကျန်းမာရေးသတင်းအချက်အလက်များကို ဖြန့်ဝေရာတွင် အရေးပါသောလုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့် “မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ” ကို နှစ်စဉ် ဇန်နဝါရီလတွင် ကျင်းပလာခဲ့သည်မှာ ယခုအခါ (၅၃)ကြိမ်တိုင်ခဲ့ပြီဖြစ်ပါသည်။**

ရတနာ (သုတေသီ)

ကျန်းမာရေးဝန်ကြီးဌာနက ကြီးမှူး၍ “သုတေသနညီလာခံများ အစဉ်အလာမပျက် ကျင်းပခြင်းအားဖြင့် ကျန်းမာရေးဆိုင်ရာအသိပညာများ တိုးတက်လာပြီး ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်းမြင့်မားလာစေရန်” နှင့် “သုတေသနတွေ့ရှိချက်များကို လက်တွေ့အသုံးချမည့်ကျန်းမာရေးပညာရှင်များ သိရှိဆွေးနွေးနိုင်စေရန်” စသည့် ရည်ရွယ်ချက်များဖြင့် “(၅၃)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ” ကို ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့မှ ၂၄ ရက်နေ့အထိ ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်-၅ ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန (ရုံးချုပ်)တွင် ကျင်းပမည်ဖြစ်ပါသည်။ မြန်မာ့သုတေသီများ၏ ကျန်းမာရေးသုတေသနလုပ်ငန်းများမှ တွေ့ရှိချက်ရလဒ်များကို သုတေသနစာတမ်းများဖြင့် ဖတ်ကြားတင်သွင်းခြင်း၊ ပိုစတာများပြသခြင်းတို့ဖြင့် ညီလာခံကို ကျင်းပဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ကျယ်ကျယ်ပြန့်ပြန့် ထည့်သွင်းကျင်းပ**

၁၉၆၅ ခုနှစ်မှစ၍ ပထမအကြိမ်ညီလာခံကြီးကို စတင်ကျင်းပခဲ့ရာ သမိုင်းကြောင်းကို လေ့လာကြည့်ပါက စတင်ကျင်းပခဲ့သော နှစ်များတွင် သုတေသနစာတမ်းများကိုသာ တင်သွင်းဖတ်ကြားခဲ့သော်လည်း ၁၉၉၁ ခုနှစ်မှစ၍ သုတေသနပိုစတာပြပွဲကို ထည့်သွင်းခဲ့ပြီး ထပ်မံ၍ ၂၀၀၂ ခုနှစ်မှ စတင်ကာ ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ဆွေးနွေးပွဲ (Symposium)များကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ထည့်သွင်းကျင်းပခဲ့ပါသည်။ တစ်ဖန် သုတေသီပညာရှင်များ၏ သုတေသနအရည်အသွေးများ ပိုမိုတိုးတက်ကောင်းမွန်လာစေရန်နှင့် သုတေသနပညာရှင်များ၏ ကြိုးပမ်းအားထုတ်မှုများကို အလေးထား အသိအမှတ်ပြုသောအားဖြင့် ၁၉၉၃ ခုနှစ်မှစ၍ အကောင်းဆုံးစာတမ်းဆုများ၊ အကောင်းဆုံးပိုစတာဆုများ ရွေးချယ်ချီးမြှင့်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်မှစ၍ လူငယ်သုတေသီဆုများ ချီးမြှင့်ခြင်းကို တိုးမြှင့်ဆောင်ရွက်ခဲ့ပါသည်။ ကမ္ဘာတစ်ဝန်းရင်ဆိုင်ကြုံတွေ့ရသည့် ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း၌ “(၄၉) ကြိမ်မြောက် သုတေသနညီလာခံ”ကို Virtual Congress အသွင်ဖြင့် လည်းကောင်း၊ “အကြိမ်(၅၀)မြောက် ရွှေရတုညီလာခံ” ကို Virtual နှင့် In-person ပူးတွဲလျက် Hybrid အသွင်ဖြင့် လည်းကောင်း ကျင်းပခဲ့ပြီး (၅၁)ကြိမ်မြောက်မှစ၍ In-personဖြင့်ပြန်လည်ကျင်းပခဲ့ပါသည်။

မျက်မှောက်ကာလတွင် လူမှုဘဝနေထိုင်မှုနှင့် အစာအာဟာရစားသောက်မှုပုံစံများ ပြောင်းလဲလာခြင်းနှင့်အတူ ဆီးချို၊ သွေးတိုးရောဂါအစရှိသည့် မကူးစက်တတ်သောရောဂါများဖြစ်ပွားမှု တိုးတက်များပြားလာသဖြင့် ယင်းတို့၏အရေးကြီးပုံကို မီးမောင်းထိုးပြနိုင်ရန်အတွက် “(၅၃)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ” ၏ ဆောင်ပုဒ် (Congress Theme) အဖြစ် **“ကျန်းမာသောဘဝပိုင်ဆိုင်ဖို့ ကျန်းမာရေးပြဿနာများဖော်ထုတ်ဖြေရှင်းကြပါစို့ - Moving Forward to a Healthy Lifestyle and Addressing Health Risk Behaviors”** ကို ရွေးချယ်သတ်မှတ်ထားပါသည်။

ကျန်းမာရေးဝန်ကြီးဌာန၏ မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆေးသုတေသနဦးစီးဌာနက နှစ်စဉ်တာဝန်ယူလျက် လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများဖွဲ့စည်းကာ လုပ်ငန်းတာဝန်များကို သတ်မှတ်ထားရှိပြီး စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

**သုတေသနစာတမ်း ၅၄ စောင် တင်သွင်းဖတ်ကြားမည်**

စာတမ်းကြီးကြပ်ရေး ဆပ်ကော်မတီသည် ၂၀၂၄ ခုနှစ် ဩဂုတ်လအတွင်းမှ စတင်၍ ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနများ၊ တက္ကသိုလ်များ၊ နီးနွယ်ဝန်ကြီးဌာနများရှိ သုတေသီပညာရှင်များထံမှ စာတမ်းများကို 53mhrcmoh@gmail.com သို့ ပေးပို့တင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်ခဲ့ပါသည်။ ပေးပို့လာသောစာတမ်းများကို အခြေခံသုတေသန (Basic Research)၊ အသုံးချသုတေသန (Applied Research)၊ ကျန်းမာရေးစနစ်သုတေသန (Health System Research) စသည်ဖြင့် အမျိုးအစားများအလိုက် ခွဲခြားစိစစ်ခဲ့ပါသည်။ ယခုနှစ်ညီလာခံတွင် သုတေသနစာတမ်း ၅၄ စောင် တင်သွင်းဖတ်ကြားမည်ဖြစ်ပြီး သုတေသနပိုစတာ ၄၃ စောင်တို့ကို ပြသမည်ဖြစ်ပါသည်။

တင်သွင်းမည့် စာတမ်းများတွင် ကင်ဆာရောဂါ၊ ဆီးချိုရောဂါ၊ ကိုဗစ်-၁၉ ရောဂါ၊ တီဘီရောဂါ၊ HIV ရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ မြွေဆိပ်၊ ဆေးယဉ်ပါးပိုးများ၊ အစားအသောက်ဘေးကင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ တိုင်းရင်းဆေး၊ သွားကျန်းမာရေး၊ ဆေးပညာသင်ကြားရေးဆိုင်ရာ၊ ကျန်းမာရေးစနစ်ဆိုင်ရာ၊ ဇီဝကမ္မဆိုင်ရာ၊ အာဟာရဆိုင်ရာ၊ အားကစားဆိုင်ရာ၊ သူနာပြုပညာဆိုင်ရာ၊ ခံတွင်းနှင့်သွားကျန်းမာရေးဆိုင်ရာ သုတေသနများ စသည်တို့ ပါဝင်ပါသည်။ ညီလာခံရက်များအတွင်း သုတေသနပိုစတာများကို ခင်းကျင်းပြသထားမည်ဖြစ်ပြီး သုတေသန စာတမ်းဖတ်ပွဲကို နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် အချိန်များခွဲ၍ ကျင်းပမည်ဖြစ်ပါသည်။ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက သဘာပတိများအဖြစ် အလှည့်ကျဆောင်ရွက်ကြမည်ဖြစ်သည်။

**တင်ပြမည့် စာတမ်းများ၊ ပိုစတာများ**

(၅၃)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံတွင် တင်ပြမည့် စာတမ်းများ၊ ပိုစတာများအနက် အချို့ကိုကောက်နုတ်၍ တင်ပြလိုပါသည်။

သွေးကင်ဆာအပါအဝင် သွေးရောဂါများကို မြန်မာနိုင်ငံတွင် အောင်မြင်စွာကုသနိုင်ခဲ့သည်မှာ နှစ်ပေါင်း ၃၀ ကျော်လာခဲ့ပြီဖြစ်ပါသည်။ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး၌ သွေးခြင်ဆီ၊ ပင်မကလာပ်စည်း (Stem Cell) ကို အသုံးပြု၍ သွေးခြင်ဆီအစားထိုးကုသမှု (Haemato poietic Stem Cell Transplant) ကို ၂၀၁၄ ခုနှစ်မှစတင်၍ ဆောင်ရွက်ခဲ့ရာ ယခုအခါ ၁၀ နှစ်တာကာလ၏ ကုထုံးအောင်မြင်မှုရလဒ်ကို သုတေသနပိုစတာအနေဖြင့် တင်ပြသွားမည်ဟု သိရှိရပါသည်။

ယနေ့ကာလတွင်နေထိုင်စားသောက်မှုပုံစံပြောင်းလဲမှု၊ ကိုယ်လက်လှုပ်ရှားမှုနည်းပါးမှုတို့ကြောင့် ပုံမှန်ကိုယ်အလေးချိန်ရှိသော်လည်း သက်လတ်ပိုင်း (အသက် ၄၀- ၆၀ အတွင်းရှိ) အဆီများနေသောသူများကိုတွေ့ရှိရမှုနှင့် ယင်းတို့နှင့်ဆက်စပ်နေသော နှလုံးသွေးကြောဆိုင်ရာအချက်အလက်များကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့ပြမြို့နယ်နှစ်မြို့နယ်တွင် လုပ်ဆောင်ခဲ့သော သုတေသနမှ တွေ့ရှိချက်များသည် နိုင်ငံအတွင်း လူလတ်ပိုင်းများတွင် မကူးစက်နိုင်သောရောဂါများ ကုသခြင်းအတွက် ပိုမိုကောင်းမွန်သော ကုသမှုအစီအစဉ်များ လမ်းညွှန်ချမှတ်ရေးဆွဲရာတွင် အထောက်အကူဖြစ်စေမည်ဟု သိရှိရပါသည်။

**မကူးစက်နိုင်သောရောဂါများကို ကာကွယ်ရာတွင် အထောက်အကူဖြစ်**

မြန်မာနိုင်ငံတစ်ဝန်းရှိ ပထဝီဝင်နယ်မြေလေးခု (တောင်တန်း၊ ကမ်းရိုးတန်း၊ လွင်ပြင်နှင့် မြစ်ဝကျွန်းပေါ်ဒေသ) မှ အရွယ်ရောက်ပြီးသူများ၏ ကိုယ်ကာယကြံ့ခိုင်မှုအား လေ့လာခဲ့သည့် သုတေသနမှ ကိုယ်လက်ကြံ့ခိုင်ရေးလှုပ်ရှားမှုပုံမှန်ပြုလုပ်ခြင်းသည် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာကောင်းမွန်မှု၊ နာတာရှည်အခြေအနေများနှင့် မသန်စွမ်းဖြစ်နိုင်ခြေကိုလျှော့ချပေးကာ မကူးစက်နိုင်သောရောဂါများကို ကာကွယ်ရာတွင် များစွာအထောက်အကူဖြစ်စေသည်ဟု သိရှိရပါသည်။

တီဘီရောဂါကုသရာတွင် ရိုင်ဖန်ပီစင်ဆေးကို ယဉ်ပါးလူနာများ (Rifampicin resistant-TB) အား ဒုတိယတန်းစား တီဘီဆေးများ (Secondline anti-TB drugs) အသုံးပြုသည့် ဆေးယဉ်ပါးတီဘီကုထုံး (MDR-TB treatment) ဖြင့် ကုသရသည်။ ဤတွင် ရိုင်ဖန်ပီစင်ဆေးယဉ်ပါးမှု ရှိ/မရှိကို တိကျစွာရှာဖွေနိုင်ခြင်းသည် သင့်လျော်သောဆေးကုသမှုရရှိစေနိုင်ခြင်းနှင့် ဆေးယဉ်ပါးတီဘီပြန့်ပွားမှုကို ကာကွယ်နိုင်ရေးအတွက် အလွန်အရေးကြီးပါသည်။ ယခုအခါ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ညွှန်းဆိုထားသည့်နည်းပညာများဖြင့် ရောဂါရှာဖွေမရနိုင်သည့် ရိုင်ဖန်ပီစင်ဆေးယဉ်ပါးမှုကို ဖြစ်ပေါ်စေသည့် rpoB မျိုးဗီဇပြောင်းလဲမှုကို တွေ့လာရသည့်အတွက် ယင်းဗီဇပြောင်းလဲမှုများကို အိုက်ဆိုနိုက်ယာဇစ်ဆေးယဉ်ပါးတီဘီ (Isoniazidresistant-TB) တွင် မျိုးဗီဇအစီအစဉ်ဆွဲသည့် (Gene sequencing) နည်းပညာသုံး၍ စောင့်ကြည့်လေ့လာသော သုတေသနမှတွေ့ရှိချက်များသည် ရောဂါရှာဖွေသည့်လမ်းစဉ်ကို ပိုမိုထိရောက်အောင် ပြောင်းလဲစေနိုင်ရန် စဉ်းစားရာတွင် အထောက်အကူဖြစ်နိုင်ကြောင်း သိရှိရသည်။

မြန်မာလူမျိုးအများစု ကြိုက်နှစ်သက်ကြသည့် မြန်မာ့ရိုးရာနည်းဖြင့် အချဉ်ဖောက်ထားသောပဲအနှစ် (ပုံးရည်ကြီး) ၏ အရည်အသွေးနှင့် ဘေးအန္တရာယ်ကင်းရှင်းမှုကိုသိရှိရန် ပုံးရည်ကြီးအမှတ်တံဆိပ် ၃၅ မျိုးတွင် အဏုဇီဝပိုးများနှင့် ထိတွေ့ညစ်ညမ်းခြင်းနှင့် ကြာရှည်ခံဓာတုပစ္စည်းများ သုံးစွဲမှုတို့ကို သုတေသနပြု လေ့လာခဲ့သည့်စာတမ်းကိုလည်း တင်ပြသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။ စာမျက်နှာ ၇ သို့ ☆



(၅၂)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ ကျင်းပစဉ်။

**“ယခုနှစ်ညီလာခံတွင် သုတေသနစာတမ်း ၅၄ စောင် တင်သွင်းဖတ်ကြားမည်ဖြစ်ပြီး သုတေသနပိုစတာ ၄၃ စောင်တို့ကို ပြသမည်ဖြစ်ပါသည်။ သွေးကင်ဆာအပါအဝင် သွေးရောဂါများကို မြန်မာနိုင်ငံတွင် အောင်မြင်စွာကုသနိုင်ခဲ့သည်မှာ နှစ်ပေါင်း ၃၀ ကျော်လာခဲ့ပြီဖြစ်ပါသည်။ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး၌ သွေးခြင်ဆီ၊ ပင်မကလာပ်စည်း (Stem Cell) ကို အသုံးပြု၍ သွေးခြင်ဆီအစားထိုးကုသမှု (Haemato poietic Stem Cell Transplant) ကို ၂၀၁၄ ခုနှစ်မှစတင်၍ ဆောင်ရွက်ခဲ့ရာ ယခုအခါ ၁၀ နှစ်တာကာလ၏ ကုထုံးအောင်မြင်မှုရလဒ်ကို သုတေသနပိုစတာအနေဖြင့် တင်ပြသွားမည်”**

# ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်အာမခံအလုပ်သမားများအား လူမှုဖူလုံရေးကူညီမှုအကျိုးခံစားခွင့်များ ပေးအပ်

နေပြည်တော် ဇန်နဝါရီ ၁၄

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်အာမခံအလုပ်သမားများအား လူမှုဖူလုံရေးကူညီမှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်း ပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တောင်ငူမြို့ ခပေါင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ ပဲခူးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်၊ အလုပ်သမားဝန်ကြီးဌာနမှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများမှ အလုပ်ရှင်ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက တိုင်ဖွန်းမုန်တိုင်း (ရာဂီ)၏ အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် မြန်မာနိုင်ငံအတွင်းရှိ ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှုကြောင့် ပြည်သူအများ အတိဒုက္ခရောက်ခဲ့ရပြီး အလုပ်ရုံ၊ စက်ရုံ၊ အလုပ်ဌာနများ ပိတ်သိမ်းရခြင်း၊ လယ်ယာမြေများ ပျက်စီးဆုံးရှုံးရခြင်းတို့ကြောင့် ဒေသအလိုက်ဆုံးရှုံးမှုများစွာ ဖြစ်ပေါ်ခဲ့ကြောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ လူမှုဖူလုံရေးမြို့နယ်ရုံး ၈၀ တွင် ယနေ့အချိန်အထိ အလုပ်ဌာန ၃၄၉၂၇ ဌာနနှင့် အလုပ်သမား ၁ ဒသမ ၂၇ သန်း အကျုံးဝင်မှတ်ပုံတင်ထားပြီးဖြစ်ကြောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ပဲခူးတိုင်းဒေသကြီး၌ အလုပ်ဌာန ၂၆၆၉ ဌာန၊ အာမခံအလုပ်သမား ၇၇၇၁၀ မှတ်ပုံတင်ထားပြီး ၎င်းတို့အနက် အလုပ်ဌာန ၅၆ ဌာနမှ ရေဘေးသင့်အာမခံအလုပ်သမား ၅၁၉ ဦးအား ငွေကြေးအကျိုးခံစားခွင့် ငွေကျပ် ၃၉ ဒသမ ၁၃ သန်းကို ယနေ့အခမ်းအနားတွင် ခွင့်ပြုထုတ်ပေးခြင်းဖြစ်ကြောင်း ပြောကြားပြီး တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်ထံသို့ အာမခံအလုပ်သမား ၅၁၉ ဦးအတွက် လူမှုဖူလုံရေးကူညီမှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းဖြစ်သည့် ငွေကျပ် ၃၉ ဒသမ ၁၃ သန်းကို လွှဲပြောင်းပေးအပ်သည်။





ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အလုပ်သမားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် အဖွဲ့ရုံးများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုက်နာနေထိုင်ရေး၊ ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်စွာ ဌာနအလိုက် လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခြင်းဖြင့် ဝန်ကြီးဌာနနှင့် နိုင်ငံတော်အစိုးရ၏ ရည်မှန်းချက်၊ ဦးတည်ချက်များ အောင်မြင်မည်ဖြစ်ကြောင်း ပြောကြားသည်။

သတင်းစဉ်

# ဟားခါးမြို့၌ နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ဘုန်းကြီးကျောင်းနှင့် ဘုရားကျောင်းများတည်ဆောက်ခြင်းလုပ်ငန်းများအတွက် ရန်ပုံငွေပေးအပ်

ဟားခါး ဇန်နဝါရီ ၁၄

နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ဘုန်းကြီးကျောင်းနှင့် ဘုရားကျောင်းများ တည်ဆောက်ပြုပြင်ခြင်း လုပ်ငန်းများအတွက် ရန်ပုံငွေပေးအပ်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက ဟားခါးမြို့ ချင်းပြည်နယ်ဝန်ကြီးချုပ်ရုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က အမှာစကားပြောကြားသည်။

ထို့နောက် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သိန်းထွန်းအောင်နှင့် ချင်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ညွှန်ကြားရေးမှူး ဦးဆွေလင်းမြင့်တို့က နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မူဝါဒ၊ လုပ်ငန်းစဉ်များနှင့် ချင်းပြည်နယ်အတွင်း ဆောင်ရွက်နေသည့် နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအနက် ဘာသာ၊ သာသနာ ထွန်းကားပြန့်ပွားရေးဆိုင်ရာ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။



ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့က ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ဘုန်းကြီးကျောင်းနှင့် ဘုရားကျောင်းများအတွက် ဘဏ္ဍာရန်ပုံငွေများ ပေးအပ်ရာ သက်ဆိုင်ရာဆရာတော်များနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာသူများက လိုအပ်သည်များ ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ချောက်မြို့နယ်၌ အခြေခံမီးသတ်သင်တန်းဖွင့်

ချောက် ဇန်နဝါရီ ၁၄

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်၌ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ချောက်/လမ်းရွာရေနံမြေရှိ ဌာနဆိုင်ရာဝန်ထမ်းများအား မီးဘေးကြိုတင်ကာကွယ်နိုင်ရေး အခြေခံမီးသတ်သင်တန်း (၁/၂၀၂၅)ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ချောက်/လမ်းရွာရေနံမြေလုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလွင်နှင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ချောက်/လမ်းရွာရေနံမြေ အထွေထွေမန်နေဂျာ ဦးရဲနိုင်တို့က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးအရာရှိ ဦးသိန်းဇော်ဝင်း ဦးဆောင်သည့် နည်းပြများက အခြေခံမီးသတ်နည်းပညာများ စာတွေ့လက်တွေ့သင်ကြားခြင်းကို ဇန်နဝါရီ ၁၃ ရက်မှ ၂၆ ရက်အထိ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

ငွေကြယ်



☆ စာမျက်နှာ ၆ မှ

ယင်းသုတေသနသည် စားသုံးသူများ ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် များစွာအထောက်အကူ ဖြစ်စေမည် ဖြစ်ပေသည်။

### ပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ လေးခုကိုလည်း ထည့်သွင်းကျင်းပမည်

ညီလာခံတွင် ပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲလေးခုကိုလည်း ထည့်သွင်းကျင်းပမည်ဖြစ်ရာ ညီလာခံပထမရက် မွန်းလွဲပိုင်းတွင် "မြန်မာ-ကိုရီးယား ပညာရှင်များပူးတွဲ၍ တီဘီရောဂါ၊ အသည်းရောင်အသားဝါ ရောဂါနှင့် ငှက်ဖျားရောဂါ သုတေသနဆိုင်ရာ နှီးနှောဖလှယ်ပွဲ (၂၀၂၅) – Myanmar-Korea Joint Symposium (2025)" ကိုလည်းကောင်း၊ တတိယရက်တွင် "ကျန်းမာရေးပြဿနာဖြစ်စေနိုင်သည့် အချက်အလက်များ ဖော်ထုတ်ခြင်းဖြင့် ကျန်းမာရေးနှင့်ညီညွတ်သော လူမှုဘဝ မြှင့်တင်စေရန် ဆောင်ရွက်ခြင်း – Promoting a Healthy Lifestyle and Addressing Health Risk Behaviors" ကို လည်းကောင်း၊ စတုတ္ထရက်တွင် "မြန်မာနိုင်ငံ၏ သွေးလွန်တုပ်ကွေး၊ ဆင်တုပ်ကွေးနှင့် ဇီကာဗိုင်းရပ်စ်ရောဂါများ၏ ဗိုင်းရပ်စ်ပိုးဆိုင်ရာနှင့် သွေးရည်ကြည်ပြောင်းလဲမှုဆိုင်ရာများကို မီးမောင်းထိုးတင်ပြခြင်း – Virological and Immunological Highlights of Dengue, Chikungunya and Zika Virus Infections in Myanmar" ကို လည်းကောင်း၊ ညီလာခံနောက်ဆုံးရက် နံနက်ပိုင်းတွင် "ဉာဏ်ရည်တုနည်းပညာ (Artificial Intelligence)ကို ဆေးပညာတွင် အသုံးပြုပြီး ကျန်းမာရေးမျိုးဆက်သစ်များကို ပုံဖော်မွေးထုတ်နိုင်ရန် ဆောင်ရွက်နေမှု – Artificial Intelligence: Shaping the Next Generation of Health Professionals" ကိုလည်းကောင်း၊ မွန်းလွဲပိုင်းတွင် တရုတ်နိုင်ငံမှ ပညာရှင်များ၏ ပညာရပ်ဆိုင်ရာ ဟောပြောပွဲကိုလည်းကောင်း ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

သုတေသနပညာရှင်များ၏ ကြိုးပမ်းဆောင်ရွက်မှုများကို အသိအမှတ်ပြုအလေးထားသည့်အနေဖြင့် အကောင်းဆုံး စာတမ်းဆုရွေးချယ်ရေးဆပ်ကော်မတီသည် တင်သွင်းလာသည့်စာတမ်းများမှ အခြေခံသုတေသန (Basic Research) စာတမ်းဆုများ၊ လက်တွေ့အသုံးချသုတေသန (Applied Research) စာတမ်းဆုများ၊ ကျန်းမာရေးစနစ်သုတေသန (Health Systems Research) စာတမ်းဆုများ၊ လူငယ်သုတေသီဆုများနှင့် ပိုစတာစာတမ်းဆုများကို စိစစ်ရွေးချယ်မည်ဖြစ်ပြီး ဆုရရှိသူသုတေသီများအား ထိုက်ထိုက်တန်တန် ဆုများ ပေးအပ်ချီးမြှင့်မည်ဖြစ်ပါသည်။

သုတေသန စာတမ်းရှင်များသည် ဆေးသုတေသနဦးစီးဌာနက ထုတ်ဝေသည့် မြန်မာ့ကျန်းမာရေး သိပ္ပံသုတေသနဂျာနယ် (Myanmar Health Sciences Research Journal) သို့ ပေးပို့လိုပါကလည်း ဂျာနယ်သတ်မှတ်ချက်များနှင့် ကိုက်ညီအောင် ဆောင်ရွက်လျက် ဂျာနယ်၏အီးမေးလ် *(https:// www. mhsrj-moh.dmr.gov.mm)*သို့ စာတမ်းများပေးပို့နိုင်မည်ဖြစ်ပါသည်။

ညီလာခံကျင်းပစဉ်ရက်များအတွင်း ဆေးဝါးကုမ္ပဏီများ၊ ဓာတ်ခွဲခန်းကိရိယာ၊ ဓာတုပစ္စည်းတင်သွင်းသည့် ကုမ္ပဏီများက ခေတ်မီဆေးနှင့် ဆေးပစ္စည်းကိရိယာ၊ ဓာတ်ခွဲခန်းသုံး စက်ပစ္စည်းကိရိယာများကို ပြခန်းများဖြင့် စုံလင်စွာခင်းကျင်းပြသကြမည်ဖြစ်ပါသည်။

ယခုအခါ စာတမ်းတင်သွင်းမည့် သုတေသီပညာရှင်များသည် မိမိတို့၏ သုတေသနတွေ့ရှိချက်များကို စွမ်းဆောင်ရည်ပြည့်ဝစွာ အကောင်းဆုံးတင်သွင်း ဖတ်ကြားပြသနိုင်ရေးအတွက် ကြိုးစားဆောင်ရွက်လျက်ရှိနေကြသကဲ့သို့ မိမိတို့စာတမ်းအကောင်းဆုံးဆုအဖြစ် ရွေးချယ်သတ်မှတ်ခံရရေးအတွက်လည်း မျှော်မှန်းလျက်ရှိနေကြပြီဖြစ်ပေသည်။

မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံသို့ တက်ရောက်ကြမည့် ပြည်တွင်းနှင့် နိုင်ငံတကာမှ သုတေသီပညာရှင်များ၊ ဆေးပညာရှင်များ၊ သမားတော်များ၊ စီမံချက်မန်နေဂျာများ၊ ဆေးနှင့်ဆေးနီးနွယ်တက္ကသိုလ်များမှ ဘွဲ့လွန်ကျောင်းသား ကျောင်းသူများသည် သုတေသနစာတမ်းရှင်များ၏ တင်ပြချက်များ၊ နှီးနှောဖလှယ်ပွဲများမှ ပညာရပ်ဆိုင်ရာတင်ပြချက်နှင့် ဆွေးနွေးချက်များကို စိတ်ပါဝင်စားစွာ နားထောင်ကြပြီး ကျန်းမာရေးနှင့် ဆေးပညာရပ်ဆိုင်ရာ သတင်းအချက်အလက်များ (Health & Medical Information) ကို မျှဝေဆွေးနွေးကြမည်ဖြစ်ရာ သုတေသီများအတွက် အလွန်တန်ဖိုးရှိသော အခွင့်အရေးကောင်းကို ရရှိမည်ဖြစ်ပါသည်။

နိဂုံးချုပ်အားဖြင့် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်မှုဖြင့် ကျင်းပသည့် သုတေသနညီလာခံကြီး၌ ပညာရှင်များ၏ တင်ပြဆွေးနွေးတိုင်ပင်အဖြေရှာဖော်ထုတ်ချက်ရလဒ်များကို အခြေပြု၍ နိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုမြှင့်တင်ရေးကဏ္ဍကို အထောက်အကူပြုမည်ဖြစ်သောလုပ်ငန်းများ၊ ပြည်သူ့အကျိုးကို ဖော်ဆောင်သည့် ကျန်းမာရေးစီမံချက်များကို ချမှတ်နိုင်ကြမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

# ၂၀၂၅ မျိုးစေ့ပြပွဲတွင် စိုက်ပျိုးပညာပေးနည်းပညာဖြန့်ဝေမှုလုပ်ငန်းများ ဆောင်ရွက်သွားမည်

နေပြည်တော် ဇန်နဝါရီ ၁၄

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပျဉ်းမနားမြို့ရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်း၌ ၂၀၂၅ ခုနှစ် မျိုးစေ့ပြပွဲကျင်းပရန် ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။



အဆိုပါ မျိုးစေ့ပြပွဲသို့ ဝါစိုက်တောင်သူများ အပါအဝင် နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ စိတ်ပါဝင်စားသူတောင်သူများ၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းဆောင်ရွက်သူ လုပ်ငန်းရှင်များအားလုံးကို ဖိတ်ကြားပြီး စိုက်ပျိုးပညာပေးလုပ်ငန်းများ၊ နည်းပညာဖြန့်ဝေမှုလုပ်ငန်းများအား ဆောင်ရွက်သွားမည်ဖြစ်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် အစေ့ထုတ်ပြောင်းနှင့် နေကြာသီးနှံများကို နည်းစနစ်ကျ ပုံစံကျ စိုက်ပျိုးထားရှိမှု၊ နိုင်ငံခြားဝါမျိုးများဖြစ်သည့် RAKA 66၊ B31 နှင့် KTK မျိုးသုံးမျိုး၊ ပြည်တွင်းဝါမျိုးများဖြစ်သည့် ရွှေတောင်(၈)၊ ရွှေတောင်(၁၀) နှင့် ငွေချည်(၁၁) မျိုးသုံးမျိုး စုစုပေါင်း မျိုးခြောက်မျိုး ယှဉ်ပြိုင်စမ်းသပ်စိုက်ပျိုးထားရှိမှုတို့ကို အသေးစိတ်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

မွေးမြူရေးသိပ္ပံကျောင်း၌ ယှဉ်ပြိုင်စမ်းသပ်စိုက်ပျိုးထားသော ဝါမျိုးများသည် ရေရှိပါကရာသီမရွေးစိုက်ပျိုးဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်သည့်အတွက် ဝါတစ်သီးသာ စိုက်ပျိုးသည့်အချို့ဒေသများတွင် ရေရရှိရေး ဆောင်ရွက်ပေးခြင်းဖြင့် သီးထပ်စိုက်ပျိုးနိုင်ရန် ရည်ရွယ်၍ ယခုကဲ့သို့ စိုက်ပျိုးပြသခြင်းဖြစ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်းသားကျောင်းသူများ၏ မွေးမြူရေးဘာသာရပ်အတွက် သင်ကြားမှုအထောက်အကူပြု ဆိတ်၊ နွားနှင့် ဒေသကြက်မွေးမြူရေးခြံများ၊ လက်တွေ့လေ့ကျင့်စိုက်ပျိုးထားသော ဟင်းသီးဟင်းရွက် စိုက်ခင်းများနှင့် သုတေသနပြုစမ်းသပ်စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးထွက်ရှိသော ဟင်းသီးဟင်းရွက် အသီးအနှံများကို ကျောင်းသားကျောင်းသူများ၏ စားရိပ်သာနှင့် ဝန်ထမ်းများအတွက် သက်သာသောဈေးနှုန်းဖြင့် ပိုမိုရောင်းချပေးနိုင်ရေးကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဇေယျာသီရိမြို့နယ်၌ စက်မှုလယ်ယာ စနစ်ကျလယ်မြေ ၂၆၀ ဒသမ ၇၀ ဧက ဖော်ထုတ်ခြင်းစီမံကိန်းကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား စီမံကိန်းလုပ်ငန်းများ သတ်မှတ်ကာလပြီးစီးရေးနှင့် ရာသီချိန်မီ စိုက်ပျိုးနိုင်ရေးတို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# မြန်မာ့စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ ပြင်ဆင်ရေးဆွဲနိုင်ရေး ညှိနှိုင်းဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၁၄

မြန်မာ့စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (Agriculture Development Strategy–ADS) ပြင်ဆင်ရေးဆွဲနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး စုဝေးဆောင်ခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ADS ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက ကောင်းမွန်သော စီမံအုပ်ချုပ်မှု၊ ကုန်ထုတ်စွမ်းအားနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိမှုစသည့် ရည်မှန်းချက်သုံးရပ်ဖြင့် မြန်မာ့စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ စီမံကိန်းကို ဆောင်ရွက်ခဲ့မှုကြောင့် စားရေရိက္ခာနှင့် အာဟာရပြည့်ဝဖူလုံရေး၊ ကျေးလက်ဒေသ ဆင်းရဲမှုလျှော့ချရေး၊ လုပ်ကွက်ငယ်တောင်သူများ၏ ဝင်ငွေတိုးတက်ရေး၊ လယ်ယာသားငါး ထုတ်ကုန်များ ယှဉ်ပြိုင်နိုင်စွမ်းအားမြင့်မားရေး၊ တောင်သူများ၏ ရပိုင်ခွင့်များရရှိစေခြင်းနှင့် ပိုမိုခိုင်မာစေခြင်းစသည့် အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်ကြောင်း။

## ဆွေးနွေးပြောကြား

နိုင်ငံတော်အစိုးရ၏ မူဝါဒနှင့် လမ်းညွှန်ချက်များ၊ အမျိုးသားမြေအသုံးချမှုကောင်စီ၊ ADS အကောင်အထည်ဖော်ရေး နှင့် ပေါင်းစပ်ညှိနှိုင်းရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များနှင့်အညီ သက်ဆိုင်ရာ ဦးစီးဌာနများနှင့် တက္ကသိုလ်တို့မှ အဆိုပြုလုပ်ငန်းများအပေါ် အခြေခံ၍ ADS (၂၀၂၅–၂၀၃၀) (မူကြမ်း)ကို ပြင်ဆင်ရေးဆွဲထားခြင်း ဖြစ်ကြောင်း၊ ADS ပါ ထပ်ဆင့်ရလဒ်၊ ချက်ချင်းရလဒ်များသည် ယခုလက်ရှိနှင့် နောင်ငါးနှစ်တွင် အမှန်တကယ် ဆောင်ရွက်နိုင်မည့် လုပ်ငန်းများ ဖြစ်စေရန်၊ ခေတ်စနစ်နှင့်အညီဖြစ်ရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ အစည်းအဝေး တက်ရောက် လာကြသူများက ပြင်ဆင်ရေးဆွဲပြီး ADS (၂၀၂၅–၂၀၃၀) (မူကြမ်း)အပေါ် သက်ဆိုင်ရာဌာန တစ်ခုချင်းအလိုက် အသေးစိတ် ဝိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



# ဧရာဝတီတိုင်းဒေသကြီးအတွင်း လယ်ယာထွက်ကုန်ပစ္စည်းများနှင့် ရေထွက်ကုန်ပစ္စည်းများ ပို့ကုန်နှစ်ဆတိုးမြှင့်တင်ပို့နိုင်ရေး တွေ့ဆုံဆွေးနွေး

ပုသိမ် ဇန်နဝါရီ ၁၄

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ ညောင်တုန်းမြို့နယ် ဗိုလ်မြတ်ထွန်းတံတားရွှေတောင်တန်းရိပ်သာတွင် ယနေ့နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီးအတွင်း လယ်ယာထွက်ကုန်ပစ္စည်းများနှင့် ရေထွက်ကုန်ပစ္စည်းများ ပို့ကုန်နှစ်ဆတိုးမြှင့်တင်ပို့နိုင်ရေး တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

တွေ့ဆုံဆွေးနွေးပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက လိုအပ်သည်များကို ဆွေးနွေးတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဓနုဖြူမြို့နယ် ရေကြည်ကျေးရွာရှိ မြို့နယ်သမဝါယမအသင်းစု ဆောင်းနေကြာ ငါးဧကစိုက်ခင်းနှင့် ၂၀၂၄–၂၀၂၅ ခုနှစ် ဆောင်းနေကြာ ၁၀ ဧကသီးသန့်စံပြကွက်များကို ကြည့်ရှုအားပေးခဲ့ပြီး ပိုးမွှားအန္တရာယ်မကျရောက်စေရေး၊ ဝတ်မှုန်ကူးခြင်းအတွက် ပျားပုံးများထားရှိရေး၊ ရေ၊ မြေသြဇာ အချိန်ကိုက် ထည့်သွင်းအသုံးပြုနိုင်ရေးနှင့် အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးကြရန်မှာကြားသည်။ ယင်းနောက် တမြာလျှပ်စစ်မြစ်ရေတင်စီမံကိန်း အကျိုးပြုဧက ၁၀၀၀ အား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက စိုက်ဧကများအား မြစ်ရေပေးဝေနိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဇလွန်မြို့နယ် နန်းတော်ကျွန်းကျေးရွာရှိ အထူးဇုန်(၁) ဆောင်းနေကြာစံပြစိုက်ခင်း ၁၀ ဧက အောင်မြင်ဖြစ်ထွန်းနေမှုများကို ကြည့်ရှုအားပေးခဲ့ပြီး တောင်သူများနှင့် တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါ ဇလွန်မြို့နယ် နန်းတော်ကျွန်းကျေးရွာရှိ တောင်သူများ၏ စိုက်ဧက ၄၁၉၀ တွင် နေကြာ ၁၂၅ ဧက၊ အစေ့ထုတ်ပြောင်း ဧက ၂၆၀၀၊ မတ်ပဲ ဧက ၅၀၀၊ ငရုတ်ဧက ၄၀၀ နှင့် မြေပဲ၊ ပဲပုပ်၊ ပဲတီစိမ်း၊ လွန်းနီ၊ လွန်းဖြူ၊ အခြားပဲမျိုးစုံနှင့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



# ပေါင်မြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်

ပေါင် ဇန်နဝါရီ ၁၄

မွန်ပြည်နယ် ပေါင်မြို့နယ်အတွင်းရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ရှာဖွေကယ်ဆယ်ရေးနှင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများ၌ စွမ်းရည်ပြည့်ဝစေရေးအတွက် လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း(၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က ပေါင်မြို့နယ် မီးသတ်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထင်လင်းအောင်က သင်တန်းပြုလုပ်ပေးရသည့် ရည်ရွယ်ချက်နှင့် စွမ်းရည်ပြည့်ဝစွာဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူးကျော်နိုင်ဦးက သင်တန်းသား အရန်မီးသတ်တပ်ဖွဲ့ဝင်များအား တူညီဝတ်စုံများ ပေးအပ်သည်။

အဆိုပါသင်တန်းကို ဇန်နဝါရီ ၁၃ ရက်မှ ဖေဖော်ဝါရီ ၇ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး ရှာဖွေကယ်ဆယ်ရေးနှင့် မီးငြိမ်းသတ်ရေးဆိုင်ရာ ဘာသာရပ်များကို သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

မွန်မလေး(ပြန်/ဆက်)

# မြန်မာစံချိန်စံညွှန်းများ သတ်မှတ်ခြင်း

အမျိုးသားစံချိန်စံညွှန်းကောင်စီသည် စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၃၃၊ ပုဒ်မခွဲ(ခ) အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပုဒ်မ ၅၊ ပုဒ်မခွဲ(ခ)ပါ လုပ်ငန်းတာဝန်များအရ အောက်ဖော်ပြပါ စံချိန်စံညွှန်း(၇၀)ခုအား မြန်မာစံချိန်စံညွှန်းများအဖြစ် သတ်မှတ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်-

**စဉ် မြန်မာစံချိန်စံညွှန်းများ**

၁။ MMS IEC 60901:1996 + AMD1:1997 + AMD2:2000 + AMD3:2004 + AMD4:2007 + AMD5:2011 + AMD6:2014 လျှပ်ငုတ်အစွပ်တစ်ခုပါ မီးချောင်းများ – စွမ်းဆောင်ရည်သတ်မှတ်ချက်များ

၂။ MMS IEC 61215–1:2021 မြေပြင်ပေါ်ရှိ ဖိုတိုဗို့လ်တစ်မော်ဂျူးများ – ဒီဇိုင်းအရည်အသွေးနှင့် အမျိုးအစား ခွင့်ပြုချက် – အပိုင်း ၁ – စမ်းသပ်မှုလိုအပ်ချက်များ

၃။ MMS IEC 61727:2004 ဖိုတိုဗို့လ်တစ်စနစ်များ– ပစ္စည်းကိရိယာများ၏ ထိတွေ့အသုံးပြုနိုင်သည့် မျက်နှာပြင်ဆိုင်ရာ ထူးခြားသည့်လက္ခဏာများ

၄။ MMS IEC 61730–1:2023 ဖိုတိုဗို့လ်တစ်မော်ဂျူး ဘေးအန္တရာယ်ကင်းရှင်းမှုဆိုင်ရာ အရည်အသွေး ပြည့်မီခြင်း – အပိုင်း ၁ – တည်ဆောက်ခြင်းဆိုင်ရာ လိုအပ်ချက်များ

၅။ MMS IEC 61730–2:2023 ဖိုတိုဗို့လ်တစ်မော်ဂျူး ဘေးအန္တရာယ်ကင်းရှင်းမှုဆိုင်ရာ အရည်အသွေး ပြည့်မီခြင်း – အပိုင်း၂ – စမ်းသပ်ခြင်းဆိုင်ရာလိုအပ်ချက်များ

၆။ MMS IEC 62124:2004 သီးခြားတည်ရှိသော ဖိုတိုဗို့လ်တစ်စနစ်များ – ဒီဇိုင်းအတည်ပြုခြင်း

၇။ MMS IEC 62368–1:2023 အော်ဒီယို/ ဗီဒီယို၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဆိုင်ရာ ပစ္စည်းကိရိယာ – အပိုင်း ၁ – အန္တရာယ်ကင်းရှင်းရေးလိုအပ်ချက်များ၊

၈။ MMS IEC 62446–1:2016+AMD1:2018 ဖိုတိုဗို့လ်တစ်စနစ်များ – စမ်းသပ်ခြင်း၊ မှတ်တမ်းတင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းအတွက် လိုအပ်ချက်များ – အပိုင်း ၁– လျှပ်စစ်ဓာတ်အား ကွန်ရက်ချိတ်ဆက်ထားသောစနစ်များ – မှတ်တမ်းတင်ခြင်း၊ မှန်ကန်သောလည်ပတ်မှုကိုစစ်ဆေးရန် စမ်းသပ်ခြင်းနှင့် စစ်ဆေးခြင်း

၉။ MMS IEC 62841–2–1:2017 + AMD1:2021 လျှပ်စစ်မော်တာဖြင့် လည်ပတ်သော လက်ကိုင်ကိရိယာများ၊ ယာဉ်ဖြင့်သယ်ဆောင်နိုင်သော စက်ကိရိယာများနှင့် မြက်ခင်းနှင့် ဥယျာဉ်သုံးစက်ပစ္စည်းများ၊ အန္တရာယ်ကင်းရှင်းရေး– အပိုင်း ၂–၁ – လက်ကိုင်လွန်များအတွက် သီးခြားလိုအပ်ချက်များ

၁၀။ MMS IEC 62841–2–3:2020 လျှပ်စစ်မော်တာဖြင့် လည်ပတ်သော လက်ကိုင်ကိရိယာများ၊ ယာဉ်ဖြင့်သယ်ဆောင်နိုင်သော စက်ကိရိယာများနှင့် မြက်ခင်းနှင့် ဥယျာဉ်သုံးစက်ပစ္စည်းများ၊ အန္တရာယ်ကင်းရှင်းရေး– အပိုင်း ၂–၃ – လက်ကိုင်ကျောက်စက်များ၊ အဝိုင်းပုံစံအရောင်တင်စက်များနှင့် အဝိုင်းပုံစံကော်ဖတ်စားစက်များအတွက် သီးခြားလိုအပ်ချက်များ

၁၁။ MMS IEC 62841–2–4:2014 လျှပ်စစ်မော်တာဖြင့်လည်ပတ်သော လက်ကိုင်ကိရိယာများ၊ ယာဉ်ဖြင့်သယ်ဆောင်နိုင်သော စက်ကိရိယာများနှင့် မြက်ခင်းနှင့် ဥယျာဉ်သုံးစက်ပစ္စည်းများ၊ အန္တရာယ်ကင်းရှင်းရေး– အပိုင်း ၂–၄ – လက်ကိုင် ကော်ဖတ်စားစက်နှင့် အရောင်တင်စက် (အဝိုင်းပုံစံမှအပ) များအတွက် သီးခြားလိုအပ်ချက်များ

၁၂။ MMS IEC 62841–2–5:2014 လျှပ်စစ်မော်တာဖြင့်လည်ပတ်သော လက်ကိုင်ကိရိယာများ၊ ယာဉ်ဖြင့်သယ်ဆောင်နိုင်သောစက်ကိရိယာများနှင့် မြက်ခင်းနှင့် ဥယျာဉ်သုံးစက်ပစ္စည်းများ၊ အန္တရာယ်ကင်းရှင်းရေး– အပိုင်း ၂–၅ – လက်ကိုင် လွှဝိုင်းများအတွက် သီးခြားလိုအပ်ချက်များ

၁၃။ MMS IEC 62841–2–11:2015+AMD1:2018 လျှပ်စစ်မော်တာဖြင့်လည်ပတ်သော လက်ကိုင်ကိရိယာများ၊ ယာဉ်ဖြင့်သယ်ဆောင်နိုင်သော စက်ကိရိယာများနှင့် မြက်ခင်းနှင့်ဥယျာဉ်သုံး စက်ပစ္စည်းများ၊ အန္တရာယ်ကင်းရှင်းရေး– အပိုင်း ၂–၁၁ – လက်ကိုင်တွန်းဆွဲ ဖြတ်လွှများအတွက် သီးခြားလိုအပ်ချက်များ

၁၄။ MMS IEC 62841–2–14:2015 လျှပ်စစ်မော်တာဖြင့် လည်ပတ်သော လက်ကိုင်ကိရိယာများ၊ ယာဉ်ဖြင့်သယ်ဆောင်နိုင်သောစက်ကိရိယာများနှင့် မြက်ခင်းနှင့် ဥယျာဉ်သုံးစက်ပစ္စည်းများ၊ အန္တရာယ်ကင်းရှင်းရေး– အပိုင်း ၂–၁၄ – လက်ကိုင်ရွှေပေါ်များအတွက် သီးခြားလိုအပ်ချက်များ

၁၅။ MMS IEC 62841–2–17:2017 လျှပ်စစ်မော်တာဖြင့်လည်ပတ်သော လက်ကိုင်ကိရိယာများ၊ ယာဉ်ဖြင့်သယ်ဆောင်နိုင်သောစက်ကိရိယာများနှင့် မြက်ခင်းနှင့် ဥယျာဉ်သုံးစက်ပစ္စည်းများ၊ အန္တရာယ်ကင်းရှင်းရေး– အပိုင်း ၂–၁၇ – လက်ကိုင်ပုံဖော်စက်များအတွက် သီးခြားလိုအပ်ချက်များ

၁၆။ MMS IEC 62841–4–2:2017+AMD1:2022 လျှပ်စစ်မော်တာဖြင့် လည်ပတ်သော လက်ကိုင်ကိရိယာများ၊ ယာဉ်ဖြင့်သယ်ဆောင်နိုင်သော စက်ကိရိယာများနှင့် မြက်ခင်းနှင့် ဥယျာဉ်သုံးစက်ပစ္စည်းများ၊ အန္တရာယ်ကင်းရှင်းရေး– အပိုင်း ၄–၂ – ချုံနွယ်မြက်ရိတ်စက်များအတွက် သီးခြားလိုအပ်ချက်များ

၁၇။ MMS CXS 57 : 1981, Amended in 2022 ပြုပြင်ထုတ်လုပ်ထားသော ခရမ်းချဉ်သီးအနှစ် စံချိန်စံညွှန်း

၁၈။ MMS CXS 67 : 1981, Amended in 2019 စပျစ်သီးခြောက်စံချိန်စံညွှန်း

၁၉။ MMS CXS 87 : 1981, Amended in 2022 ချောကလက်နှင့် ချောကလက်ထုတ်ကုန်များစံချိန်စံညွှန်း

၂၀။ MMS CXS 152 : 1985, Amended in 2021 ဂျုံမှုန့်စံချိန်စံညွှန်း

၂၁။ MMS CXS 192 : 1995, Revision 2019 အစားအသောက်ထပ်ဖြည့်ပစ္စည်းဆိုင်ရာစံချိန်စံညွှန်း

၂၂။ MMS CXS 207 : 1999, Amended in 2018 နို့မှုန့်နှင့်မလိုင်မှုန့် (ခရင်မ်ပေါင်ဒါ)စံချိန်စံညွှန်း

၂၃။ MMS CXS 212 : 1999, Amended in 2022 သကြားစံချိန်စံညွှန်း

၂၄။ MMS CXS 243 : 2003, Amended in 2022 အချဉ်ဖောက်ထားသောနို့များစံချိန်စံညွှန်း

၂၅။ MMS CXS 249 : 2006, Amended in 2019 အသင့်စားခေါက်ဆွဲစံချိန်စံညွှန်း

၂၆။ MMS CXS 251 : 2006 , Amended in 2021 အဆီထုတ်နို့နှင့် ဟင်းရွက်ဆီတို့ရောစပ်ထားသော အမှုန့်စံချိန်စံညွှန်း

၂၇။ MMS CXS 252 : 2006 , Amended in 2021 ဟင်းရွက်အဆီနှင့် အဆီထုတ်ထားသောနို့ဆီအရောစံချိန်စံညွှန်း

၂၈။ MMS CXS 253 : 2006 , Amended in 2018 သုတ်စားစရာ နို့ထွက်ပစ္စည်းအဆီစံချိန်စံညွှန်း

၂၉။ MMS CXS 260 : 2007, Amended in 2022 အချဉ်ဖောက်ထားသောအသီးများနှင့် ဟင်းသီးဟင်းရွက်များစံချိန်စံညွှန်း

၃၀။ MMS CXS 262 : 2006 , Amended in 2019 မိုဇာရယ်လာ (Mozzarella) ဒိန်ခဲစံချိန်စံညွှန်း

၃၁။ MMS CXS 263 : 1966, Amended in 2019 ချက်ဒါ (Cheddar) ဒိန်ခဲစံချိန်စံညွှန်း

၃၂။ MMS CXS 265 : 1966, Amended in 2019 အီဒမ် (Edam) ဒိန်ခဲစံချိန်စံညွှန်း

၃၃။ MMS CXS 266 : 1966, Amended in 2019 ဂေါက်ဒါ (Gouda) ဒိန်ခဲစံချိန်စံညွှန်း

၃၄။ MMS CXS 279 : 1971 , Amended in 2018 ထောပတ်စံချိန်စံညွှန်း

၃၅။ MMS CXS 280 : 1973, Amended in 2018 နို့အဆီဖြင့်ပြုလုပ်ထားသောထုတ်ကုန်များစံချိန်စံညွှန်း

၃၆။ MMS CXS 281 : 1971, Amended in 2018 နို့စိမ်းစံချိန်စံညွှန်း

၃၇။ MMS CXS 282 : 1971, Amended in 2018 နို့ဆီစံချိန်စံညွှန်း

၃၈။ MMS CXS 288 : 1976, Amended in 2018 မလိုင်နှင့် ပြုပြင်ထားသောမလိုင်များစံချိန်စံညွှန်း

၃၉။ MMS CXS 289 : 1995, Amended in 2018 ဝေးပေါင်ဒါစံချိန်စံညွှန်း

၄၀။ MMS CXS 296 : 2009 , Amended in 2022 ဂျယ်လီနှင့်ယိုမျိုးစုံစံချိန်စံညွှန်း

၄၁။ MMS CXS 298R : 2009, Amended in 2023 အချဉ်ဖောက်ထားသော ပဲပုပ်အနှစ်စံချိန်စံညွှန်း

၄၂။ MMS CXS 306 : 2023 ငရုတ်ဆီစံချိန်စံညွှန်း

၄၃။ MMS CXS 321 : 2015, Amended in 2022 ဂျင်ဆင်းဖြင့်ပြုလုပ်ထားသောထုတ်ကုန်များစံချိန်စံညွှန်း

၄၄။ MMS CXS 354R : 2023 Bacillus ဘက်တီးရီးယားနှင့်အချဉ်ဖောက်ထားသော ပဲပုပ်ထုတ်ကုန်များ စံချိန်စံညွှန်း

၄၅။ MMS CXS 355R : 2023 ဖက်ထမင်းစံချိန်စံညွှန်း

၄၆။ MMS 45 : 2024 အစားအသောက်သန့်ရှင်းမှုဆိုင်ရာလမ်းညွှန်ချက်

၄၇။ MMS UNECE Regulation 94 : 2013 မော်တော်ယာဉ်ခေါင်းချင်းဆိုင်၍တိုက်သောဖြစ်ရပ်တွင် ယာဉ်ပေါ်ပါသူများကို ကာကွယ်ခြင်းနှင့်စပ်လျဉ်းသည့် တစ်ပြေးညီပြဋ္ဌာန်းချက်ဆိုင်ရာ စည်းမျဉ်းနံပါတ်–၉၄

၄၈။ MMS UNECE Regulation 95 : 2014 မော်တော်ယာဉ်ဘေးဘက်ခြမ်းအားတိုက်သောဖြစ်ရပ်တွင် ယာဉ်ပေါ်ပါသူများကို ကာကွယ်ခြင်းနှင့်စပ်လျဉ်းသည့် တစ်ပြေးညီပြဋ္ဌာန်းချက်ဆိုင်ရာ စည်းမျဉ်းနံပါတ်–၉၅

၄၉။ MMS ASEAN Stan 21 : 2011 ငရုတ်သီးစိမ်းစံချိန်စံညွှန်း

၅၀။ MMS WHO Guideline : 2007 ကောင်းမွန်သောတိုင်းရင်းဆေးဝါးထုတ်လုပ်မှုကျင့်စဉ်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လမ်းညွှန်ချက်များ –အပိုင်း(၁)

၅၁။ MMS 46 : 2024 Myristica fragrans Houtt. ဇာတိပ္ဖိုလ်

၅၂။ MMS 47 : 2024 Swertia purpurascens (D.Don) C.B.Clarke. ပန်းခါး/ရှမ်းဆေးခါး

၅၃။ MMS 48 : 2024 Tinospora cordifolia (Willd.) Miers ex Hook.f. & Thomson. ဆင်တုံးမနွယ်

၅၄။ MMS 49 : 2024 Vitex trifolia L. ကြောင်ပန်း/ကြောင်ပန်းလေး

၅၅။ MMS 50 : 2024 Zingiber officinale Roscoe. ချင်း/ချင်းတက်

၅၆။ MMS 51 : 2024 Allisum sativum L. ကြက်သွန်ဖြူ

၅၇။ MMS 52 : 2024 Alpinia conchigera Griff. ပတဲကောကြီး

၅၈။ MMS 53 : 2024 Cinnamomum tamal (Buch.–Ham) T. Nees & C.H. Eberm.ကရဝေး

၅၉။ MMS 54 : 2024 Senna alexandrina Mill. ပွေးကိုင်း

၆၀။ MMS 55 : 2024 Terminalia citrina (Gaertn). Roxb. ကြစု

၆၁။ MMS ISO 15 : 2017 Rolling bearings များ –Radial bearings များအတွက် အတိုင်းအတာကန့်သတ်ချက်များ၊ ယေဘုယျတွဲဖက်မှုအစီအစဉ်

၆၂။ MMS ISO 104 : 2015 Rolling bearings များ – Thrust bearings များအတွက် အတိုင်းအတာကန့်သတ်ချက်များ၊ ယေဘုယျတွဲဖက်မှုအစီအစဉ်

၆၃။ MMS ISO 2858 : 1975 ၁၆ ဘား(bar)ရှိသော End–suction Centrifugal Pumps များအတွက် သတ်မှတ်ချက်၊ nominal duty point နှင့် အတိုင်းအတာများ

၆၄။ MMS ISO 5199 : 2002 Centrifugal Pumps များအတွက် နည်းပညာဆိုင်ရာ အသေးစိတ်ဖော်ပြချက်များ (အတန်းအစား –၂)

၆၅။ MMS ISO 9905 : 1994 Centrifugal Pumps များအတွက် နည်းပညာဆိုင်ရာ အသေးစိတ်ဖော်ပြချက်များ (အတန်းအစား –၁)

၆၆။ MMS MTLAS 56 : 2024 မြန်မာနိုင်ငံတရားဝင်သစ်ဖြစ်ကြောင်း အာမခံသည့်စနစ်

၆၇။ MMS ISO 9328–7 : 2018 ဖိအားဆိုင်ရာအသုံးပြုမှုများအတွက် သံပြားထုတ်ကုန်များ– နည်းပညာဆိုင်ရာပေးပို့မှု အခြေအနေများ – အပိုင်း၇ – စတီန်းလက်စ်စတီး (အစွန်းခံသံမဏိများ)

၆၈။ MMS ISO 12540 : 2017 အဆောက်အဦများတွင်အသုံးပြုသောမှန် – ဆိုဒါလိုင်းဆီလီကိတ်ဖြင့်အားဖြည့်ထားသော ဘေးကင်းရန်စီမံထားသည့်မှန်

၆၉။ MMS ISO 12543–2 : 2021 အဆောက်အဦများတွင်အသုံးပြုသောမှန် – လွှာထပ်မှန်နှင့် ဘေးကင်းရန်စီမံထားသည့် လွှာထပ်မှန် – အပိုင်း ၂ – ဘေးကင်းရန်စီမံထားသည့် လွှာထပ်မှန်

၇၀။ MMS ISO 12543–4 : 2021 အဆောက်အဦများတွင် အသုံးပြုသောမှန် – လွှာထပ်မှန်နှင့် ဘေးကင်းရန်စီမံထားသည့် လွှာထပ်မှန် – အပိုင်း ၄ – ခံနိုင်ရည်ရှိမှုအတွက် စမ်းသပ်ခြင်းနည်းလမ်းများ

ကမ္ဘာ့ဖြစ်ရပ်မှန်မြင်ကွင်းကြားက ရယူအပ်ရာသင်ခန်းစာများ

# မရယူနိုင်ခြင်းသည် ကွဲပြားသောအခင်းအကျင်းများဆီသာ ဦးတည်စေသည်

မြင့်မြတ်

တစ်စစီပြိုကွဲပြီး အိုးမဲ့အိမ်မဲ့ ရှစ်သန်း၊ ပြည်ပဒုက္ခသည်အဖြစ် ခြောက်သန်းအထိ ရောက်ရှိသွားပြီဖြစ်တဲ့ ဆီးရီးယားနိုင်ငံကိုကြည့်ပြီး သင်ခန်းစာယူစရာတွေ သံဝေဂဖြစ်စရာတွေ များစွာရှိလိမ့်မယ်လို့ ယူဆပါတယ်။ သင်ခန်းစာယူတတ်ရင်ပေါ့။

ဆိုလိုတာက.. ဆီးရီးယားလိုနိုင်ငံနဲ့ ပထဝီနိုင်ငံရေး၊ နောက်ခံသမိုင်းကြောင်း မတူသော်လည်း မိမိတို့နိုင်ငံမှာက ၁၃၅ မျိုးသော တိုင်းရင်းသားလူမျိုးပေါင်းစုံ စုစည်းနေထိုင်တဲ့ ပြည်ထောင်စုကြီးဖြစ်နေတယ်။ လွတ်လပ်ရေးနဲ့အတူပါလာတဲ့ လက်နက်ကိုင် ရောင်စုံသူပုန်အစုံနဲ့ နွားကွဲကျားဆွဲအနေအထားကြည့်ပြီး ကျားသစ်ချောင်းချောင်းနေတဲ့ နိုင်ငံတွေကြားမှာ ကြိုးစားရပ်တည်နေရတဲ့ နိုင်ငံလည်းဖြစ်တယ်။ လွတ်လပ်ရေး အချုပ်အခြာနဲ့ ပြည်ထောင်စုပြိုကွဲမယ့်အန္တရာယ်တွေကြောင့် တပ်မတော်က မကြာခဏဝင်ပြီး ထိန်းရ၊ သိမ်းရအစဉ်အလာရှိ နိုင်ငံတစ်နိုင်ငံအနေနဲ့ လက်ရှိဆီးရီးယားပြိုကွဲမှုဖြစ်စဉ်နဲ့တကွ ဆက်စပ်ကမ္ဘာ့ဖြစ်စဉ်တွေကနေ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးအကျိုးစီးပွားအတွက် အမြဲသင်ခန်းစာယူနေရမှာဖြစ်တယ်လို့ ခံယူမိပါတယ်။

### ဆီးရီးယားရုတ်တရက်ပြိုကွဲခြင်း အကြောင်းတရားအချို့နဲ့အတူ

**တစ်နှစ်ကျော်လာပြီဖြစ်တဲ့ အစ္စရေး- ဟားမတ်စ်၊ အစ္စရေး- ဟဇ်ဘိုလာစစ်ပွဲများဆီ အာရုံစိုက်နေရာကနေ ရုတ်တရက်ချက်ချင်းဆိုသလို ဖြစ်သွားခဲ့တဲ့ ဆီးရီးယားအဖြစ်အပျက်တွေဆီက ကျွန်တော်တို့ ဘယ်လိုသင်ခန်းစာတွေရနိုင်ပါသလဲ။ နိုင်ငံတစ်နိုင်ငံမှာ အချင်းချင်း စည်းလုံးညီညွတ်မှုမရှိ၊ အပြန်အလှန်တိုက်ကြ၊ ခိုက်ကြ၊ သွေးကွဲနေကြရင် နိုင်ငံအတွင်းက ဆန့်ကျင်ဘက်ပြိုင်ဘက်အသီးသီးကို ထောက်ပံ့နေတဲ့နိုင်ငံတွေ နိုင်ငံတကာအဖွဲ့အစည်းတွေက မိမိနိုင်ငံအတွင်း တရားဝင်ဝင်ရောက်စွက်ဖက်ခွင့်ရသွားအောင် ကိုယ်တိုင်လမ်းဖွင့်လိုက်သလို ဖြစ်သွားနိုင်သလားဆိုတဲ့ အချက်ကို မြင်နေဖို့လိုပါတယ်။**

မိမိမှာ ကိုယ်ပိုင်အစိုးရတစ်ရပ်ရှိနေမယ်၊ နိုင်ငံ့နယ်မြေပိုင်နက်နဲ့ အချုပ်အခြာကို ကာကွယ်စောင့်ရှောက်မယ့် အမြဲတမ်းတပ်မတော်တစ်ရပ်ရှိနေမယ်၊ ထိုနိုင်ငံ၊ ထိုအစိုးရအောက်က နိုင်ငံသားတွေရဲ့ အမျိုးသားအကျိုးစီးပွား၊ ကိုယ်စီအမျိုးသားရေးလက္ခဏာရပ်အသီးသီး ခိုင်ခိုင်မာမာရှိနေတဲ့နိုင်ငံကို ဘယ်နိုင်ငံဘယ်အဖွဲ့အစည်းကမှ ကျူးကျော်တိုက်ခိုက် သိမ်းပိုက်လို့မရပါဘူး။ သို့သော် ဆီးရီးယားမှာတော့ အထက်ကတင်ပြခဲ့တဲ့ လက္ခဏာအားလုံး လုံးဝပျက်ယွင်းသွားခဲ့ရပြီလို့ ဆိုရမှာဖြစ်ပါတယ်။

ဆီးရီးယားပြိုကွဲရခြင်းအကြောင်းရင်းမှာ အစိုးရဆန့်ကျင်ဘက် HTS အဖွဲ့က တော်လွန်းလို့လည်း



နိုင်ငံတစ်စစီပြိုကွဲပြီး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည့် ဆီးရီးယားပြည်သူများ။

မဟုတ်ပါဘူး။ အစ္စရေးလေတပ်က ကြိုတင်တိုက်ခိုက်မှုနဲ့ HTS ဘက်က အိမ်နီးချင်းတူကီယဲရဲ့ အကြီးအကျယ် ထောက်ပံ့မှုတွေသာမပါရင် ဆီးရီးယားတပ်မတော်ကြီး ယခုလို လျင်လျင်မြန်မြန်နဲ့ အရေးနိမ့်ဖို့ အကြောင်းမရှိနိုင်ပါဘူး။ တကယ်လို့ ပြည်သူတွေ စည်းစည်းလုံးလုံးနဲ့ ညီညီညွတ်ညွတ်ရှိခဲ့ရင်လည်း သမ္မတအာဆတ်အစိုးရနဲ့ သူ့ရဲ့ တပ်မတော်ကြီးအနေနဲ့ ယခုလို လွယ်လွယ်ကူကူ အရှုံးပေးစရာမရှိလောက်ဘူးလို့ ယူဆပါတယ်။ ဒီနေရာမှာ နိုင်ငံတစ်နိုင်ငံရဲ့အချုပ်အခြာကို ကာကွယ်စောင့်ရှောက်ရာမှာ အမြဲတမ်းတပ်မတော်တစ်ရပ်ရဲ့ အရေးပါပုံ၊ စုစည်းညီညွတ်မှုနဲ့ စစ်မက်ရေးရာမှာသာမက သံတမန်ရေးရာကဏ္ဍရဲ့ သံတမန်စစ်ပွဲ အရေးပါမှုများကိုလည်း တွေ့မြင်ရမှာဖြစ်ပါတယ်။

### နိုင်ငံပြို လူမျိုးဘာသာလက္ခဏာ အမျိုးခံရမယ့်အခြေအနေ ရောက်သွားနိုင်

ဆီးရီးယားမှာ သမ္မတအာဆတ်လက်ထက်ကတည်းက နိုင်ငံက Weak State အခြေအနေမှာ ရှိနေတာကြာခဲ့ပါပြီ။ ရုရှားနဲ့ အီရန်နိုင်ငံတို့ရဲ့ ကူညီပံ့ပိုးမှုရနေတဲ့ ဆီးရီးယားကို တူကီယဲနောက်ခံ HTS အစ္စလာမ္မစ်အဖွဲ့က လက်နက်အင်အားအသာနဲ့ တိုက်ခိုက်နေစဉ်အတွင်းနဲ့ တိုက်ထုတ်ပြီးနောက်ပိုင်းမှာ ပထဝီနိုင်ငံရေးအရ အားသာချက်ရယူလိုတဲ့ အစ္စရေးက ဆီးရီးယားအချက်အချာနေရာအားလုံးကို ဗုံးကြဲ၊ မြေပြင်တပ်တွေ ထိုးဖောက်တိုက်ခိုက်ပြီး ဂိုလန်ကုန်းမြင့်အပါအဝင် နယ်မြေအချို့ကို သိမ်းပိုက်ခဲ့တာတွေ့ရပါတယ်။

အမေရိကန်ကလည်း ဆီးရီးယားက Kurds နဲ့ SDF လိုအဖွဲ့တွေကို ယခင်ကတည်းက ထောက်ပံ့နေခဲ့တာဖြစ်ပါတယ်။ ယခုအခါမှာတော့ သူ့အကျိုးစီးပွားအတွက် ဆီးရီးယားပြည်တွင်းရေးမှာ ထဲထဲဝင်ဝင် ပါဝင်ပတ်သက်လာပြီး အမေရိကန်စစ်စခန်းတွေ တိုးချဲ့၊ တပ်ချလာရတဲ့အခြေအနေဖြစ်လာတယ်။ ဒါ့အပြင် ပြင်သစ်ကလည်း ဆီးရီးယားမှာ ပြန်ပြီးခြေကုပ်ယူလာတဲ့ ISIS ရဲ့ရန်ကို အကြောင်းပြပြီး ဆီးရီးယားနယ်မြေအချို့ကို လေကြောင်းကနေ ဗုံးကြဲခဲ့တယ်။

ဒါကြောင့် **ပြိုင်ဘက်ဆီးရီးယားစစ်အုပ်စုတွေရဲ့ပဋိပက္ခတွေကြားမှာ ဆီးရီးယားနိုင်ငံဟာ တူကီယဲ၊ အမေရိကန်၊ အစ္စရေး၊ အီရန်၊ ရုရှား၊ ပြင်သစ်တို့ရဲ့ Proxy War အဆင့်ကနေ ပြည်ပတပ်တွေ တိုက်ရိုက်ဝင်ရောက်စွက်ဖက်လာမယ့် အခြေအနေတွေရှိလာနေကြောင်း သုံးသပ်ရမှာဖြစ်ပါတယ်။ နယ်မြေတွေ အပြိုင်အဆိုင်သိမ်းကြရင်းက နောက်ဆုံး နယ်နိမိတ်ပျောက်၊ နိုင်ငံလည်းပျောက်၊ လူမျိုးပါပြုတ်၊ ကိုးကွယ်ရာဘာသာတရားနဲ့ ဆီးရီးယားအမျိုးသားရေးကိုယ်ပိုင်လက္ခဏာတွေပါ ပျောက်ကွယ်တဲ့အထိ ဖြစ်သွားနိုင်ပါတယ်။**

တစ်ဖက်ကကြည့်ရင် တူကီယဲအကူအညီနဲ့ အစိုးရဖွဲ့နိုင်ခဲ့တဲ့ HTS အဖွဲ့အနေနဲ့ နိုင်ငံကို အပြည့်အဝအုပ်ချုပ်နိုင်မယ့် အချုပ်အခြာအာဏာပိုင်စိုးခွင့်ရောရှိပါ့မလား။ သူတစ်ပါး နှာခေါင်းပေါက်နဲ့ အသက်ရှင်နေရတဲ့ဘဝ တာရှည်ခံဖို့ ဘယ်လွယ်ပါ့မလဲ။ အယူရှိရင် အပေးလည်းရှိရသလို ကျေးဇူးခံ၊ ကျေးဇူးစားဘဝ၊ ပြည်ပသြဇာမကင်း အမှီခိုခံဘဝနဲ့နေရတဲ့ ဆီးရီးယားလက်နက်ကိုင်တွေကြောင့် နိုင်ငံရော ပြည်သူပါ ကမ္ဘာ့အလယ်မှာ အင်မတန်မျက်နှာငယ်တဲ့အနေအထား ရောက်နေပါတယ်။

နိုင်ငံတကာနယ်ချဲ့တွေ အထူးသဖြင့် အနောက်နယ်ချဲ့အုပ်စုတွေဟာ နိုင်ငံတစ်နိုင်ငံကို ဖြိုခွဲချင်ရင် နိုင်ငံရေး၊ လူမျိုးရေး၊ ဘာသာရေးအရပြိုကွဲအောင် ဦးစွာလုပ်လေ့ရှိကြတယ်။ ဆီးရီးယားမှာဆိုရင် အာရပ်ဆွန်နီ၊ အယ်လာဝိုက်၊ ကာဒစ်ရှ်၊ ခရစ်ယာန်၊ ဒရုဇ်၊ တာခ်မန် စသဖြင့် ကွဲပြားနေတဲ့အုပ်စုအမျိုးမျိုးဟာ အချင်းချင်း တိုက်ခိုက်သတ်ဖြတ်ကြ၊ သွေးခွဲသပ်လျှိုခံရတဲ့အထိ ညီညွတ်မှုမရှိခဲ့ကြပါဘူး။ HTS၊ SDF၊ SNA၊ တောင်ပိုင်းစစ်ဆင်ရေးဌာနချုပ်၊ IS၊ အယ်လ်ခိုင်ဒါ စသဖြင့် အချို့က အစွန်းရောက်လက်နက်ကိုင်တွေဖြစ်နေကြပြီး အမျိုးမျိုးသောလက်နက်ကိုင်အုပ်စုတွေအကြား အချင်းချင်းတိုက်ခိုက်နေကြတဲ့ ဆီးရီးယားကို အနောက်အုပ်စုအနေနဲ့ ဖြိုခွဲရတာ သိပ်မခက်ပါဘူး။ အဓိကအချက်က ညီညွတ်မှုပါ။ အကျိုးစီးပွားချင်းမတူတဲ့ လူမျိုးစုတွေအကြား စည်းလုံးညီညွတ်မှုမရှိခြင်းက နိုင်ငံပြိုကွဲခြင်းရဲ့ အဓိကအကြောင်းတရားဖြစ်ကြောင်း ယနေ့ဆီးရီးယားဖြစ်စဉ်က သက်သေပါပဲ။

> **❝ ပြိုင်ဘက်ဆီးရီးယားစစ်အုပ်စုတွေရဲ့ပဋိပက္ခတွေကြားမှာ ဆီးရီးယားနိုင်ငံဟာ တူကီယဲ၊ အမေရိကန်၊ အစ္စရေး၊ အီရန်၊ ရုရှား၊ ပြင်သစ်တို့ရဲ့ Proxy War အဆင့်ကနေ ပြည်ပတပ်တွေ တိုက်ရိုက်ဝင်ရောက်စွက်ဖက်လာမယ့် အခြေအနေတွေရှိလာနေကြောင်း သုံးသပ်ရမှာဖြစ်ပါတယ်။ နယ်မြေတွေ အပြိုင်အဆိုင်သိမ်းကြရင်းက နောက်ဆုံး နယ်နိမိတ်ပျောက်၊ နိုင်ငံလည်းပျောက်၊ လူမျိုးပါပြုတ်၊ ကိုးကွယ်ရာဘာသာတရားနဲ့ ဆီးရီးယားအမျိုးသားရေးကိုယ်ပိုင်လက္ခဏာတွေပါ ပျောက်ကွယ်တဲ့အထိဖြစ်သွားနိုင် ❞**

### ဒါကြောင့် ယခုလိုအချိန်ဟာ အရေးကြီးပါတယ်

ဘာကြောင့်လဲ။ အခြေအနေအရ ကျွန်တော်တို့ မြန်မာနိုင်ငံတော်ကြီးနဲ့ တိုင်းရင်းသားအားလုံးအတွက် ဒီအချိန်၊ ဒီကာလဟာ အလွန်ကို အရေးကြီးနေလို့ပါပဲ။ ပြည်တွင်း၊ ပြည်ပ အကွက်ကျကျစီမံမှုတွေအောက်မှာ ဘယ်လိုနည်းနဲ့မှ ကျွန်တော်တို့ မှောက်ရက်လဲလို့မဖြစ်ပါဘူး။ ဒီလိုအခြေအနေတွေ မြင်ရဖို့ နှစ်ရှည်လများစောင့်နေတဲ့ ပြည်ပကမြေခွေးတစ်အုပ်နဲ့ အဖျက်သမားတွေအလိုကျ ဖြစ်မသွားအောင် ကိုယ့်ကိုယ်ကိုယ် ကာကွယ်နိုင်စွမ်းရှိရပါမယ်။ ဒီလိုဖြစ်လာဖို့ ရေလာမြောင်းပေးလမ်းဖွင့်ပေးနေသူတွေ၊ ဘယ်သူတွေ သစ္စာဖောက်နေသလဲ မြင်နိုင်ဖို့လိုတယ်။

**ကတိမတည်၊ သစ္စာမရှိ၊ ကျေးဇူးမဲ့သူ ဘယ်သူလဲ မြင်တတ်ရမယ်။ ရိုးသားတဲ့ပြည်သူတွေ၊ အေးအေးချမ်းချမ်းနေလိုသူတွေအတွက် နိုင်ငံနဲ့ လူမျိုးအတွက်ကို ဘယ်တုန်းကမှ မစဉ်းစားခဲ့ကြဖူးတဲ့ ပြည်တွင်းက အဖျက်သမားတွေသာမက နိုင်ငံကို အလုံးစုံပြိုကွဲပျက်စီးစေလိုတဲ့ ပြည်ပအန္တရာယ်တွေကိုပါ မြင်နေဖို့လိုပါတယ်။ ဟန်ချက်ညီညီ မြေပေါ်မြေအောက် တစ်ဆင့်ချင်း ချိတ်ဆက်အကောင်အထည်ဖော်နေတဲ့ နိုင်ငံပျက်စီးရေးလမ်းစဉ်အားလုံး သတိပြုဖို့လိုတယ်။ တပ်မတော်နဲ့ နိုင်ငံတော်အစိုးရအနေနဲ့တော့ ယခင်ကတည်းက နိုင်ငံရေးလမ်းစဉ်ကို ယုံကြည်လို့ နိုင်ငံရေးနည်းနဲ့သာ ဖြေရှင်းဖို့ အစဉ်တစိုက် လမ်းဖွင့်လမ်းခင်းထားပြီးသား။ ဒါကို ကတိမတည်ဘဲ တောမီးလောင် တောကြောင်လက်ခမောင်းခတ်ချင်တဲ့ လက်နက်ကိုင်တချို့က တစ်ကျော့ပြန်စစ်ပွဲတွေ ဖန်တီးချင်နေကြတယ်။**

နိုင်ငံရေးနည်းလမ်းအစား စစ်ရေးနည်းလမ်းနဲ့ ဖြေရှင်းဖို့ ခြောင်ကျကျစိန်ခေါ်ပြီး တည်ငြိမ်အေးချမ်းရေးမပျက်ပျက်အောင် လုပ်လာနေကြတယ်။ တစ်ပြိုင်တည်းမှာ မြေပေါ်အဖွဲ့အစည်းတချို့ကလည်း နိုင်ငံရေးအရ ဖြေရှင်းဖို့ ဆန္ဒရှိဟန်ပြသနေပြန်တယ်။ ဘာပဲဖြစ်ဖြစ် မိမိတို့လုပ်ရပ်ဟာ ပွဲလန့်တုန်းဖျာခင်းလုပ်ရပ်မဖြစ်ဘဲ နိုင်ငံနဲ့ပြည်သူအတွက် အမှန်တကယ်သစ္စာရှိရှိနဲ့ စေတနာပါတဲ့လုပ်ရပ်သာဖြစ်မယ်ဆိုရင်တော့ အထူးမှတ်ချက်ပေးစရာမရှိပါဘူး။

### သင်ခန်းစာဆိုတာကလည်း ယူတတ်မှ

ဒါကြောင့်လည်း ယခုလို ကမ္ဘာ့အဖြစ်အပျက်တွေကနေ သင်ခန်းစာ၊ အတွေ့အကြုံများစွာကို ထိုက်သင့်သလောက် ရယူနေကြလိမ့်မယ်လို့ ယုံကြည်မိပါတယ်။ သူများအဖြစ်အပျက်၊ သူများအတွေ့အကြုံတွေကနေ ရယူတတ်တဲ့သင်ခန်းစာကသာ ပိုတန်ဖိုးရှိပါတယ်။ ကိုယ်ကိုယ်တိုင်တွေ့ကြုံခံစားရပြီးမှ၊ ပေးဆပ်မှုအမြောက်အမြား ရင်းနှီးပြီးမှ ရလာတဲ့သင်ခန်းစာနဲ့တော့ တူနိုင်မှာမဟုတ်ပါဘူး။ ကိုယ်ကိုယ်တိုင် ဒါမျိုးမကြုံရအောင် သူများရဲ့ ခါးသီးတဲ့ ဖြစ်စဉ်တွေကနေ မရရအောင်သင်ခန်းစာယူတတ်ခြင်းက မိမိအတွက် အဆုံးအရှုံးနည်းစေမှာဖြစ်ပါတယ်။ ဒါကြောင့်လည်း သူများဆုံးရှုံးမှုကနေ မိမိအတွက် အကျိုးအမြတ်ရှိအောင်၊ သူတို့ခံစားရသလို ကိုယ်မခံစားရအောင် ရယူသင့်တာကို အခွင့်အလမ်းအဖြစ် ရယူအသုံးချနိုင်ခြင်းကသာ မိမိရဲ့ ပညာဉာဏ်ဖြစ်ကြောင်း တင်ပြလိုပါတယ်။

စာမျက်နှာ ၁၁ သို့ ❐

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် လူသုံးကုန်ပစ္စည်းများရောက်ရှိလာမှုကို သွားရောက်ကြည့်ရှုစစ်ဆေး

**စစ်တွေ ဇန်နဝါရီ ၁၄**

အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုအရ ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် ရခိုင်ပြည်နယ်သို့ သင်္ဘောများဖြင့် ဆန်နှင့်အခြေခံစားသောက်ကုန်ပစ္စည်းများကို ပို့ဆောင်ပေးလျက်ရှိရာ စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်းတွင် အမ်ဗွီတော်ဝင်သီရိသင်္ဘောနှင့် အမ်ဗွီအောင်ရတနာ၁ဝင်းသင်္ဘောတို့ဖြင့် ရန်ကုန်မြို့မှ ဆန်နှင့်အခြေခံစားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများရောက်ရှိလာမှုကို ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

အမ်ဗွီတော်ဝင်သီရိသင်္ဘောတွင် ဆန်နှင့်လူသုံးကုန်ပစ္စည်းများ စုစုပေါင်း တန် ၄၀၀ တင်ဆောင်၍လည်းကောင်း၊ အမ်ဗွီအောင်ရတနာ၁ဝင်းသင်္ဘောတွင် ဆန်နှင့်အခြေခံစားသောက်ကုန်များ စုစုပေါင်း တန် ၆၀၀ တင်ဆောင်၍လည်းကောင်း စစ်တွေမြို့သို့ ရောက်ရှိလာခြင်းဖြစ်သည်။

အဆိုပါ သင်္ဘောများမှ ကုန်ပစ္စည်းများအား ကုန်တင်ကုန်ချပြုလုပ်နေမှုကို ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး ကုန်ပစ္စည်းများအား စနစ်တကျအတင်အချပြုလုပ်နိုင်ရေး၊ ဈေးကွက်အတွင်းအမြန်ဆုံးဖြန့်ဖြူးရောင်းချရေး၊ ကုန်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုမဖြစ်စေရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်နိုင်ရေးတို့ကိုမှာကြားပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်းပေးသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ရခိုင်ပြည်နယ်ဘဏ်ခွဲနှင့် ပြည်နယ်သာသနာရေးမှူးရုံးတို့သို့ သွားရောက်၍ ဝန်ထမ်းများနှင့်တွေ့ဆုံကာ ဝန်ထမ်းများ ရုံးလုပ်ငန်းများဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ရခိုင်ပြည်နယ်ဘဏ်ခွဲသို့ သွားရောက်ပြီး ဝန်ထမ်းများနှင့်တွေ့ဆုံရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက ရခိုင်ပြည်နယ်၏အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်နေကြသည့် တောင်သူများအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးစရိတ်ချေးငွေများ နှစ်စဉ်ထုတ်ပေးလျက်ရှိကြောင်း၊ အလားတူ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ပြီး ဝန်ထမ်းလုံခြုံရေး၊ ရုံးလုံခြုံရေးနှင့် ရုံးစာရွက်စာတမ်းများလုံခြုံရေးတို့ကို အလေးထား ဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့်လည်း ဝန်ထမ်းများသက်သာချောင်ချိရေးအတွက် ဆန်နှင့်စားသောက်ကုန်ပစ္စည်းများ ပေးအပ်ချီးမြှင့်ခြင်း၊ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ဆန်နှင့်စားသောက်ဖွယ်ရာပစ္စည်းများ ချီးမြှင့်ပေးအပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်းနှင့် လိုအပ်ချက်များရှိပါကလည်း ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။ **တင်ထွန်း(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျ အာဆီယံ-တရုတ်စင်တာ အထွေထွေအတွင်းရေးမှူးချုပ်နှင့် တွေ့ဆုံ နည်းပညာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၄**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၉ ရက် ညနေပိုင်းက ပေကျင်းမြို့ရှိ အာဆီယံ-တရုတ်စင်တာ (ASEAN–China Centre–ACC) သို့ ရောက်ရှိရာ ACC အထွေထွေအတွင်းရေးမှူးချုပ်က အာဆီယံနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ သိပ္ပံနှင့်နည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာတက္ကသိုလ်နှင့် သိပ္ပံများတွင် လက်ရှိဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

**ဆွေးနွေး**

ထို့နောက် ဒုတိယဝန်ကြီးသည် ACC အထွေထွေအတွင်းရေးမှူးချုပ်နှင့် အဆိုပါစင်တာ၌ တွေ့ဆုံပြီး တရုတ်-မြန်မာနှစ်နိုင်ငံအကြား အကျိုးစီးပွား ရရှိစေရေးနှင့် ချစ်ကြည်ရင်းနှီးမှု ခိုင်မြဲစေရေး၊ အသက်မွေးဝမ်းကျောင်း ပညာကဏ္ဍ၊ AI နှင့် EV နည်းပညာများ ဖွံ့ဖြိုးရေးကဏ္ဍ၊ အပြန်အလှန်ဖလှယ်ရေး ကဏ္ဍများတွင် လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုများကို မဟာဗျူဟာမြောက် ဆောင်ရွက်ရေးနှင့် ဆွေးနွေးကြပြီး အမှတ်တရ လဲလှယ်ခဲ့ကြကြောင်း သိရသည်။




စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ လက်ဆောင်များကို အပြန်အလှန် **သတင်းစဉ်**

❒ စာမျက်နှာ ၁၀ မှ

ဆီးရီးယားမှာ လတ်တလောအနိုင်ရနေတဲ့ HTS အဖွဲ့ရဲ့ နိုင်ငံသစ်တစ်ခုတည်ထောင်ချင်တဲ့ အိပ်မက်က အနာဂတ်မှာ တကယ်အလုပ်ဖြစ်ပါ့မလား။ ပညာ၊ ဆင်ခြင်တုံတရားအားနည်းပြီး ညီညွတ်မှုမရှိသူတွေနေတဲ့နိုင်ငံမှာ နိုင်ငံသစ်တစ်ခု မွေးဖွားဖို့ လွယ်လွယ်နဲ့မရကြောင်းကို ဆီးရီးယားက မနေ့အမြန် ဘယ်လိုသက်သေပြမလဲ စောင့်ကြည့်ရပါမယ်။ လူမျိုးရေးအရ အမုန်းတရား အခြေခံပဋိပက္ခရှိရင် လူမျိုးရေးဇာန်းပြ ဝင်ရောက်စွက်ဖက်မယ်၊ ဘာသာရေးအရကွဲပြားရင် ဘာသာရေးအရ ဝင်စွက်မယ်၊ ဝင်စွက်တဲ့နိုင်ငံတိုင်းမှာ ဘာစနစ်၊ ဘာဖက်ဒရယ်၊ ဘာဒီမိုကရေစီအတွက်ဆိုပြီး မှန်ကန်တဲ့ ဘယ်ရည်ရွယ်ချက်မှ ရှိနိုင်မယ်မထင်ပါဘူး။ အိမ်ကြက်ချင်းအိုးမဲသုတ်မယ့်သူချည်းပါပဲ။

> ❝ ကတိမတည်၊ သစ္စာမရှိ၊ ကျေးဇူးမဲ့သူ ဘယ်သူလဲ မြင်တတ်ရမယ်။ ရိုးသားတဲ့ ပြည်သူတွေ၊ အေးအေးချမ်းချမ်းနေလိုသူတွေအတွက် နိုင်ငံနဲ့လူမျိုးအတွက်ကို ဘယ်တုန်းကမှ မစဉ်းစားခဲ့ကြဖူးတဲ့ ပြည်တွင်းက အဖျက်သမားတွေသာမက နိုင်ငံကို အလုံးစုံပြိုကွဲပျက်စီးစေလိုတဲ့ ပြည်ပအန္တရာယ်တွေကိုပါ မြင်နေဖို့လိုပါတယ်။ ဟန်ချက်ညီညီ မြေပေါ်မြေအောက် တစ်ဆင့်ချင်းချိတ်ဆက်အကောင်အထည်ဖော်နေတဲ့ နိုင်ငံပျက်စီးရေးလမ်းစဉ်အားလုံး သတိပြုဖို့လိုတယ်။ တပ်မတော်နဲ့ နိုင်ငံတော်အစိုးရအနေနဲ့တော့ ယခင်ကတည်းက နိုင်ငံရေးလမ်းစဉ်ကိုယုံကြည်လို့ နိုင်ငံရေးနည်းနဲ့သာဖြေရှင်းဖို့ အစဉ်တစိုက် လမ်းဖွင့်လမ်းခင်းထားပြီးသား။ ဒါကို ကတိမတည်ဘဲ တောမီးလောင် တောကြောင်လက်ခမောင်းခတ်ချင်တဲ့ လက်နက်ကိုင်တချို့က တစ်ကျော့ပြန်စစ်ပွဲတွေ ဖန်တီးချင်နေကြတယ် ❞

ဘာပဲဖြစ်ဖြစ် စစ်ပွဲတွေဖြစ်ရင် လက်နက်ရောင်းတဲ့ လက်နက်ကုမ္ပဏီတွေနဲ့ သူတို့အထောက်အပံ့ရယူထားတဲ့ အစိုးရတွေ၊ အဖွဲ့အစည်းတွေ၊ လက်နက်ကိုင် ကိုယ်ကျိုးရှာသူတွေသာ ပျော်ကြမှာပါ။ စစ်နဲ့ခနေ၊ စစ်နဲ့အာဏာ ယှဉ်တွဲနေတဲ့အတွက် ဖြစ်ပါတယ်။ ဘာကြောင့် အရှေ့လယ်ပိုင်းဒေသမှာ ယနေ့တိုင် စစ်မီးမငြိမ်းနိုင်ဖြစ်ရသလဲ။ အစ္စရေး၊ ယူကရိန်း အပါအဝင် ကမ္ဘာ့နိုင်ငံအချို့မှာ ဖြစ်ပွားနေတဲ့ စစ်ပွဲတွေမှာ စစ်လက်နက်အကြီးအကျယ်ရောင်းချနေတဲ့ အမေရိကန်အစိုးရနဲ့ လက်နက်ကုမ္ပဏီတွေအကြောင်း လေ့လာလိုက်ရင် သိနိုင်ပါတယ်။ ဆိုလိုတာက ယနေ့ကမ္ဘာမှာ ဖြစ်ပျက်နေတဲ့ အဖြစ်အပျက်အများစုဟာ သက်ဆိုင်ရာနိုင်ငံ၊ အဖွဲ့အစည်းတွေရဲ့ အသီးသီးသော ကိုယ်ကျိုးရှာစီးပွားသက်သက်သာဖြစ်ကြောင်း တထစ်ချခံယူထားဖို့ ဖြစ်ပါတယ်။

အရေးအကြီးဆုံးက ပထဝီနိုင်ငံရေးနဲ့ ပထဝီစီးပွားရေးအတွေးအခေါ်တွေ ကျွန်တော်တို့မှာရှိနေကြဖို့ပါပဲ။ နိုင်ငံကို ဆီးရီးယားလို အသုံးချခံမဖြစ်ဖို့ အရေးကြီးပါတယ်။ အရာရာကို မပေါ့မဆ ပညာဉာဏ်ရှိရှိ သတိတရားထားနိုင်ဖို့နဲ့ ဒုက္ခရောက်နေတဲ့လူသားတွေအပေါ်မှာ ကိုယ်ချင်းစာတရားထားနိုင်ဖို့လည်း ပါပါတယ်။ နောင်တမရစေချင်တဲ့စေတနာကြောင့်လည်းဖြစ်သလို တပ်မတော်ကြီးအင်အားခိုင်မာတောင့်တင်းနေဖို့က အရေးကြီးဆုံးဆိုတဲ့အချက်ကိုလည်း လျစ်လျူမရှုမိဖို့လိုပါတယ်။ တပ်မတော်ဆိုတဲ့မဏ္ဍိုင်တစ်ခု အင်အားရှိနေရင် တည်ငြိမ်အေးချမ်းမှု၊ လူမှုစီးပွားဖွံ့ဖြိုးမှု၊ ဘာသာသာသနာနဲ့ ကိုယ်ပိုင်လက္ခဏာ၊ ကျန်တာအားလုံး ကျွဲကူးရေပါဆိုသလို လိုက်ပါတိုးတက်လာပါလိမ့်မယ်။

လောလောဆယ် အရေးကြီးနေတာက ကျွန်တော်တို့အချင်းချင်းကြားမှာ စေတနာသန့်သန့် လေးပြသနိုင်ကြဖို့ ရန်လိုတာတွေ၊ မုန်းခြင်း၊ ချစ်ခြင်းတွေကို ခေတ္တခဏမေ့ထားရအောင် ဖြစ်ပါတယ်။ ဒီအချိန်မှာ နိုင်ငံပဲ့ထွက်မသွားအောင်ကြိုးစားကြဖို့နဲ့ နှစ်သစ်မှာ ဘယ်လို နိုင်ငံရေးအခင်းအကျင်းသစ်ကို လှစ်ဟကြမလဲ၊ ဒါကိုပဲ အလေးအနက်ထားအာရုံစိုက်ကြရအောင် မေတ္တာရပ်ခံအပ်ပါတယ်။ ။

# ညောင်လေးပင်ခရိုင်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

**ညောင်လေးပင် ဇန်နဝါရီ ၁၄**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းက ညောင်လေးပင်ခရိုင်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်သည်။

**လမ်းညွှန်မှာကြား**

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ညောင်လေးပင်မြို့နယ် ဘိုင်းဒါးကျေးရွာ၌ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ဘိုင်းဒါးချောင်းပေါ်တွင် သဘာဝရေစီးအားသုံးရေတင်စနစ် အသုံးပြု၍ ဟင်းသီးဟင်းရွက် အမယ်စုံစိုက်ခင်း ဧက ၅၀ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုကို ကွင်းဆင်းကြည့်ရှုအားပေးခဲ့ပြီး စိုက်ပျိုးရေကို အကျိုးရှိရှိ စနစ်တကျသုံးစွဲရန်၊ ဟင်းသီးဟင်းရွက် စွန့်ပစ်ပစ္စည်းများဖြင့် တိရစ္ဆာန်အစာနှင့် သဘာဝမြေသြဇာအဖြစ် ပြန်လည်သုံးစွဲကြရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ညောင်လေးပင်မြို့နယ် စံတွင်းကုန်းကျေးရွာရှိ တစ်ကွင်းတစ်ဆက်တည်း ပဲတီစိမ်းစံပြစိုက်ခင်းဧက ၂၅၀ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အောင်မြင်စွာ မွေးမြူရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသော ဦးဝင်းဌေး၏ ကာကီကင်းဘဲကောင်ရေ ၁၀၀၀ နှင့် ဒေသကြက်ကောင်ရေ ၃၀၀၀ မွေးမြူထားရှိမှု၊ ဘိုင်းဒါးကျေးရွာရှိ ဟင်းသီးဟင်းရွက် ကုန်စိမ်းဒိုင်များနှင့် ဘိုင်းဒါးကျေးရွာရှိ MSME လုပ်ငန်းရှင် ဦးအောင်မျိုး၏ ဖိုးရွှေလမုန့်မျိုးစုံလုပ်ငန်းသို့ သွားရောက်ကြည့်ရှုအားပေးပြီး ဒေသတွင်းပို့ကုန်အဆင့်တွင် ရပ်မနေဘဲ ပြည်ပပို့ကုန်အဆင့် မျှော်မှန်းဆောင်ရွက်ရန်၊ ထုပ်ပိုးမှုစနစ်များ အဆင့်မြှင့်တင်ရန်၊ အစားအစာထုတ်လုပ်



မှု ဘေးကင်းလုံခြုံရန်နှင့် FDA ထောက်ခံချက်ရရှိနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲပြသယှဉ်ပြိုင်နိုင်ရေး တိုင်းဒေသကြီး MSME အေဂျင်စီ အစည်းအဝေးကျင်းပ

**ထားဝယ် ဇန်နဝါရီ ၁၄**

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲပြသယှဉ်ပြိုင်နိုင်ရေး တိုင်းဒေသကြီး MSME အေဂျင်စီ အစည်းအဝေး (၁/၂၀၂၅)ကို ယနေ့နံနက်ပိုင်းက ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**ကျင်းပသွားမည်**

အစည်းအဝေးတွင် တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမောင်ကြီးက (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို နေပြည်တော် တပေါင်းကွင်း၌ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးမှ MSME ထုတ်ကုန်ပြိုင်ပွဲတွင် အသေးစားလုပ်ငန်းရှင် တစ်ဦးက ကိုကိုးထုတ်ကုန်၊ အငယ်စားလုပ်ငန်းရှင်တစ်ဦးက ရိုးရာချည်ထည်၊ အလတ်စားလုပ်ငန်းရှင်တစ်ဦးကပုလဲထုတ်ကုန်၊ OROP ထုတ်ကုန်များအနေဖြင့် လုပ်ငန်းရှင်သုံးဦးက ရေထွက်ကုန်၊ ရော်ဘာထုတ်ကုန်၊ ငှက်သိုက်ထုတ်ကုန်များ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း၊ MSME ထုတ်ကုန်ပြပွဲတွင် ပြည်တွင်းကုန်ကြမ်းသုံး ထုတ်ကုန်များအနေဖြင့် ရိုးရာချည်ထည် ထုတ်ကုန်လေးမျိုး၊ စိုက်/ မွေး အခြေခံ ထုတ်ကုန်များအနေဖြင့် ပုလဲထုတ်ကုန်ငါးမျိုး၊ကိုကိုးစားသောက်ကုန် ခြောက်မျိုး၊ မောတောင်ကော်ဖီထုတ်ကုန် ငါးမျိုး၊ သီဟိုဠ်ထုတ်ကုန် နှစ်မျိုး၊ ကွမ်းသီးထုတ်ကုန်သုံးမျိုး၊ ပြည်ပပို့ကုန်များအနေဖြင့် ရေထွက်ကုန် ခုနစ်မျိုး၊ ရော်ဘာထုတ်ကုန် သုံးမျိုး၊ OROP ထုတ်ကုန်များနှင့် ငှက်သိုက်ထုတ်ကုန် ၂၂ မျိုး၊ ရေထွက်ကုန် ခြောက်မျိုး၊ ရော်ဘာထွက်ကုန် သုံးမျိုးကို လုပ်ငန်းရှင် ၁၀ ဦးက ထုတ်ကုန် ၆၆ မျိုးအား ပြသရောင်းချသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး MSME အေဂျင်စီ တွဲဖက်အတွင်းရေးမှူးက ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲတွင် ပြသရောင်းချမည့်ထုတ်ကုန်များနှင့် ပြိုင်ပွဲဝင် MSME လုပ်ငန်းရှင်များ စာရင်းတင်ပြပြီး ပြိုင်ပွဲဝင် MSME လုပ်ငန်းရှင်များအား တိုင်းဒေသကြီးအဆင့် ဆန်ခါတင်ရွေးချယ်နိုင်ရန် အမှတ်ပေးစည်းမျဉ်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီး MSME အေဂျင်စီအဖွဲ့ဝင်များက ဖြည့်စွက်ဆွေးနွေးခဲ့ကြပြီး တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးက ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကျုံပျော်ခရိုင်၌ အသေးစား၊ အငယ်စားနှင့် အလတ်စား ထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲကျင်းပ

**ကျုံပျော် ဇန်နဝါရီ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင်၏ အသေးစား၊ အငယ်စားနှင့် အလတ်စား MSME ထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲကို ဇန်နဝါရီ ၁၄ ရက် မွန်းလွဲ ၁ နာရီက ကျုံပျော်မြို့နယ် ဧရာမင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြပွဲ၊ ပြိုင်ပွဲကို ကျုံပျော်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစောထွန်းဝင်း၊ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး ညီညီအောင်နှင့် အဖွဲ့ဝင် (၂) ဦးရန်နိုင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဒေသထွက်ကုန်ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

ထို့နောက် သတ်မှတ်စည်းမျဉ်းနှင့် ကိုက်ညီသည့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် OROP စီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်များနှင့် မြို့နယ်များအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးခဲ့ကြသည်။

အဆိုပါ အသေးစား၊ အငယ်စားနှင့် အလတ်စား MSME ထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲသို့ ကျုံပျော်ခရိုင်အတွင်းရှိ ကျုံပျော်မြို့နယ်၊ ကျောင်းကုန်းမြို့နယ်နှင့် ရေကြည်မြို့နယ်တို့မှ ကြိမ်၊ ဝါး၊ ဗေဒါ လူသုံးကုန်ပစ္စည်းများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထုတ်ကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ ပါဝင်ပြသခဲ့ကြပြီး ဝယ်ယူအားပေးသူများကိုလည်း ရောင်းချပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ဟုမ္မလင်းမြို့၌ နာဂရိုးရာနှစ်သစ်ကူးပွဲတော် အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပ

**ဟုမ္မလင်း ဇန်နဝါရီ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့၌ နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှုကော်မတီက စီစဉ်ကျင်းပသည့် ဇန်နဝါရီ ၁၅ ရက်တွင် ကျရောက်မည့် နာဂရိုးရာနှစ်သစ်ကူးပွဲတော် အထိမ်းအမှတ် ဘော်လီဘော ပြိုင်ပွဲနှင့် ဖူဆယ်ဘောလုံးပြိုင်ပွဲတို့ကို ဇန်နဝါရီ ၁၂ ရက်မှ ၁၄ ရက်အထိ ဟုမ္မလင်းမြို့ နန်ဖွတ်မော်ရပ်ကွက် နာဂရိုးရာကွင်း၌ ကျင်းပသည်။

အဆိုပါအားကစားပြိုင်ပွဲတွင် ဘော်လီဘောပြိုင်ပွဲဝင် ခြောက်သင်းနှင့် ဖူဆယ်ဘောလုံးပြိုင်ပွဲဝင် ခြောက်သင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသည့် အသင်းသားများအား ဇန်နဝါရီ ၁၅ ရက်တွင် ဆုများချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**ဟုမ္မလင်း(ပြန်/ဆက်)**

**ပေါင်းစည်းချစ်ကြည် လက်တွဲညီ**
**ပြည်ထောင်စုရဲ့ ပန်းတိုင်ဆီ**

# ချောင်းဆုံမြို့နယ်၌ ကျောက်သင်ပုန်းအခြေခံထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်မှု ကွင်းဆင်းကြည့်ရှု

**ချောင်းဆုံ ဇန်နဝါရီ ၁၄**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်ရှိ အသေးစားလုပ်ငန်းရှင်များ သမဝါယမအသင်းလီမိတက်၏ ကျောက်သင်ပုန်းအရွယ်စုံ၊ ကျောက်သင်ပုန်းနာရီ၊ ကျောက်ထွင်းရုပ်ပုံများ၊ စာတန်းပါကျောက်သင်ပုန်းများ၊ ကျောက်တံများနှင့် ခဲသွေးကျောက်များထုတ်လုပ်နေမှု



အခြေအနေကို ပြည်နယ်သမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် မုဒ္ဒွန်းကျေးရွာသို့ ကွင်းဆင်းကြည့်ရှုခဲ့ပြီး အသင်းအမှုဆောင်များ၊ အသင်းသားများနှင့် တွေ့ဆုံ၍ ကျောက်သင်ပုန်းထုတ်လုပ်ရာတွင် လိုအပ်ချက်များအပေါ် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ခဲ့သည်။

**ဈေးကွက်သို့ ရောင်းချ**

အသေးစားလုပ်ငန်းရှင်များ သမဝါယမအသင်းလီမိတက်အနေဖြင့် ကျောက်သင်ပုန်းလုပ်ငန်း၊ သံပန်းစတီးလုပ်ငန်း၊ အထည်ချုပ်လုပ်ငန်း၊ ခနိုဖူးခြောက်လုပ်ငန်းများ လုပ်ကိုင်သည့် အသင်းသားလုပ်ငန်းရှင် ၂၀ ဖြင့် ပါဝင်ဖွဲ့စည်းထားသည့်အသင်းဖြစ်ပြီး ပြည်နယ်နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ကျပ်သန်း ၃၀ ကို ရယူဆောင်ရွက်လျက်ရှိရာ ယင်းလုပ်ငန်းမှ တစ်လလျှင် ပျမ်းမျှစုစုပေါင်း တန်ဖိုးငွေကျပ် ၁၈၆ သိန်းတန်ဖိုးရှိ ကျောက်သင်ပုန်းပစ္စည်းများ ထုတ်လုပ်၍ ချောင်းဆုံ၊ မော်လမြိုင်၊ ရန်ကုန်၊ ပဲခူးနှင့် မန္တလေးဈေးကွက်များသို့ ရောင်းချဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## လက်ဘနွန်နိုင်ငံ၏ စာမျက်နှာသစ်ကိုရေးထိုးမည်ဟု ဝန်ကြီးချုပ်သစ် ပြောကြား



**ဘေရွတ် ဇန်နဝါရီ ၁၄**

လက်ဘနွန်နိုင်ငံ၏ စာမျက်နှာသစ်ကို ရေးထိုးရန် ဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ်သစ် နဝပ်ဖ်ဆာလန်က ဇန်နဝါရီ ၁၄ ရက်တွင် ပြောကြားသည်။

**ဖော်ဆောင်ပေးမည်**

လက်ဘနွန်နိုင်ငံအတွက် တရားမျှတမှု၊ လုံခြုံမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် အခွင့်အလမ်းများကို ဖော်ဆောင်ပေးမည်ဖြစ်ကြောင်း ၎င်းက မြို့တော်ဘေရွတ်တွင် ဝန်ကြီးချုပ်သစ်အဖြစ် ပထမဆုံးအကြိမ် မိန့်ခွန်းပြောကြားရာတွင် ထပ်လောင်းပြောကြားသည်။ လက်ဘနွန်နိုင်ငံသည် အစ္စရေးနှင့် ဟဇ်ဘိုလာအဖွဲ့အကြား တိုက်ခိုက်မှုများကြောင့် ပျက်စီးမှုများရှိခဲ့သဖြင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို အမြန်ဆောင်ရွက်ရန် လိုအပ်ကြောင်းနှင့် လက်ရှိအချိန်တွင် နိုင်ငံတောင်ပိုင်း ဗက်ကာဒေသနှင့် မြို့တော်ဘေရွတ်တို့ရှိ ထိခိုက်ပျက်စီးခဲ့သည့် ဌာနဆိုင်ရာအဆောက်အအုံများနှင့် နေအိမ်များကို ပြန်လည်တည်ဆောက်ရမည်ဟု ၎င်းကပြောကြားသည်။ ထို့ပြင် နိုင်ငံ့စီးပွားပြန်လည်တည်ဆောက်ရေးနှင့် ဒေသခံများအား အလုပ်အကိုင်များပေးအပ်နိုင်ရေးအတွက် ဆောင်ရွက်မည်ဟု ၎င်းကထပ်လောင်းပြောကြားသည်။ လက်ရှိအချိန်သည် စည်းလုံးမှုပြိုကွဲခြင်းကို ရပ်တန့်ပြီး ပေါင်းစည်းဆောင်ရွက်ရမည့်အချိန်ရောက်ရှိနေကြောင်း ၎င်းက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

## လာအိုနိုင်ငံတွင် ယခုနှစ်အတွင်း ငါးကြိမ်မြောက်လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူမည်

**ဗီယင်ကျန်း ဇန်နဝါရီ ၁၄**

လာအိုနိုင်ငံတွင် ယခုနှစ်အတွင်း ငါးကြိမ်မြောက်ကောက်ယူမည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းကို အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ် တက်ကြွစွာပါဝင်ဆောင်ရွက်ရေးအတွက် တာဝန်ရှိသူများအား လာအိုနိုင်ငံ ဒုတိယဝန်ကြီးချုပ် ကီခီယို ကီခမ်ဖီသောင်က တိုက်တွန်းခဲ့ကြောင်း ယနေ့ဆင်ဟွာသတင်းအရ သိရသည်။



လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းဆိုင်ရာ လုပ်ငန်းများတွင် နိုင်ငံသားများ ပူးပေါင်းပါဝင် ဆောင်ရွက်ရေးအတွက် ၎င်းလုပ်ငန်းများအား နိုင်ငံသားများသို့ အသိပညာပေးခြင်းကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်လိုအပ်ကြောင်း ဒုတိယဝန်ကြီးချုပ်က ထပ်လောင်းပြောကြားခဲ့သည်။

လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ထိရောက်မှုရှိစေရေးအတွက် ပါဝင်ဆောင်ရွက်မည့် ဝန်ထမ်းများအား သင်တန်းများပေးခြင်း အပါအဝင် လိုအပ်သည်များ စီစဉ်ဆောင်ရွက်ရန် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း ဦးဆောင်ကော်မတီဝင်များအား ဇန်နဝါရီ ၁၄ ရက်တွင် ၎င်းက ညွှန်ကြားခဲ့သည်။ လာအိုနိုင်ငံတွင် ၁၉၈၅ ခုနှစ်မှစတင်၍ ဆယ်နှစ်တစ်ကြိမ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းများ ကောက်ယူခဲ့ရာ ယခုနှစ်တွင် ငါးကြိမ်မြောက် ကောက်ယူရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်သည်။

ယခုကဲ့သို့ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းဖြင့် လာမည့်ငါးနှစ်အထိ ရည်မှန်းဆောင်ရွက်မည့် နိုင်ငံ၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအစီအမံအတွက် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်သည်။ **ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

## အီဂျစ်နိုင်ငံက ရာဖာနယ်စပ်ဖြတ်ကျော်စခန်းကို ပြန်လည်ဖွင့်လှစ်ရန် ပြင်ဆင်နေ

**ကိုင်ရို ဇန်နဝါရီ ၁၄**

အစ္စရေးနှင့် ဟားမတ်စ်အဖွဲ့အကြား အပစ်အခတ်ရပ်စဲရေးရရှိရန် နီးကပ်လာသည့်အတွက် အီဂျစ်နိုင်ငံက ရာဖာနယ်စပ်ဖြတ်ကျော်စခန်းကို ပြန်လည်ဖွင့်လှစ်ရန်ပြင်ဆင်နေကြောင်း ယနေ့ဆင်ဟွာသတင်းအရ သိရသည်။

**ကြိုတင်ပြင်ဆင်ထား**

အဆိုပါနယ်စပ်ဖြတ်ကျော်စခန်းရှိ လုံခြုံရေး၊ စီမံခန့်ခွဲရေး၊ ပြည်ဝင်ခွင့်ဗီဇာနှင့် ကျန်းမာရေးဆိုင်ရာဌာနများအား လုပ်ငန်းများဆောင်ရွက်နိုင်ရန် ပြင်ဆင်ထားကြောင်း အီဂျစ်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ယခင်က ယင်းနယ်စပ်ဖြတ်ကျော်စခန်းအား ပိတ်ထားရစဉ်အတွင်းက လုပ်ငန်းများ ပြန်လည် လည်ပတ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားခဲ့ကြောင်း တာဝန်ရှိသူက ပြောကြားသည်။

လက်ရှိအချိန်တွင် ၎င်းနယ်စပ်ဖြတ်ကျော်စခန်း ပြန်လည်ဖွင့်လှစ်ပါက လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးပစ္စည်းများ ဂါဇာဒေသသို့ ဝင်ရောက်နိုင်ရေးအတွက် အီဂျစ်ကြက်ခြေနီအသင်းက ဆောင်ရွက်နေသည်။ လောင်စာဆီအပါအဝင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးပစ္စည်းများတင်ဆောင်ထားသည့် ထရပ်ကားများ ဂါဇာဒေသသို့ဝင်ခွင့်ရရှိရေးအတွက် နယ်စပ်တွင် စောင့်ဆိုင်းနေသည်။ ရာဖာနယ်စပ်ဖြတ်ကျော်စခန်းမှ ဂါဇာဒေသသို့ လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးပစ္စည်းပေးပို့ခြင်းကို အစ္စရေးတပ်မတော်က ဂါဇာဒေသရှိပါလက်စတိုင်းဒေသများအား သိမ်းပိုက်သည့်အချိန်ဖြစ်သည့် ယမန်နှစ် မေလမှစတင်၍ ရပ်ဆိုင်းခဲ့သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**



## ဂါဇာကမ်းမြောင်ဒေသ အပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲ နောက်ဆုံးအဆင့် ရောက်ရှိ

**ဂျေရုဆလင် ဇန်နဝါရီ ၁၄**

ဂါဇာကမ်းမြောင် အပစ်အခတ်ရပ်စဲရေးအတွက် ကာတာနိုင်ငံ ဒိုဟာမြို့တွင် ကျင်းပသည့်ဆွေးနွေးပွဲသည် နောက်ဆုံးအဆင့်သို့ ရောက်ရှိသွားပြီဖြစ်ကြောင်း ဟားမတ်စ်အဖွဲ့က ဇန်နဝါရီ ၁၄ ရက်တွင် ပြောကြားသည်။

ပါလက်စတိုင်းဒေသခံများ စောင့်စားနေသည့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရရှိရန် နီးကပ်လာနေပြီဖြစ်ကြောင်း စေ့စပ်ညှိနှိုင်းရေးဆောင်ရွက်နေသည့် ဟားမတ်စ်အဖွဲ့တာဝန်ရှိသူက ပြောကြားသည်။ လက်ရှိအချိန်တွင် ယင်းမူကြမ်းနှင့်ပတ်သက်သည့် အစ္စရေး၏ သဘောထားတုံ့ပြန်ချက်ကို စောင့်ဆိုင်းနေသည်ဟု ၎င်းကထပ်လောင်းပြောကြားသည်။ ကာတာနိုင်ငံ ဒိုဟာမြို့တွင် ကျင်းပသည့် အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲတွင် တိုးတက်မှုများရရှိနေပြီး အစ္စရေးနိုင်ငံကလည်း အပစ်အခတ်ရပ်စဲရေးရရှိရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း အစ္စရေးနိုင်ငံခြားရေးဝန်ကြီး ဂီဒီအွန်ဆားစ်က ပြောကြားသည်။ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်တွင် အစ္စရေး ပါဝင်လက်မှတ်ရေးထိုးနိုင်ရန် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုသည် အစ္စရေးအစိုးရအဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အရ ဟားမတ်စ်အဖွဲ့က ကလေးများ၊ အမျိုးသမီးများနှင့် သက်ကြီးရွယ်အိုများကို လွှတ်ပေးမည်ဖြစ်ကာ အပြန်အလှန်အနေဖြင့် အစ္စရေးကလည်း ပြစ်မှုကျူးလွန်သည်ဟု စွဲချက်ဖြင့် ထိန်းသိမ်းထားသူများကို ပြန်လွှတ်ပေးမည်ဖြစ်ပြီး အစ္စရေးတပ်မတော်ကလည်း ဂါဇာဒေသရှိ တပ်စွဲထားရာနေရာများမှ ရုပ်သိမ်းကာ ဂါဇာဒေသခံများအား နေရင်းဒေသများတွင် ပြန်လည်နေထိုင်ခွင့်ပြုမည်ဖြစ်သည်။ ဟားမတ်စ်အဖွဲ့က အစ္စရေးနိုင်ငံတောင်ပိုင်းဒေသသို့ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်က ဝင်ရောက်တိုက်ခိုက်ခဲ့ပြီးနောက် အစ္စရေးတပ်မတော်နှင့် ဟားမတ်အဖွဲ့အကြား အပြန်အလှန်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။



**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

## တရုတ်နွေဦးပွဲတော်အတွင်း နိုင်ငံသားများအနေဖြင့် ခရီးစဉ်အရေအတွက် ကိုးဘီလီယံခန့်သွားရောက်မည်ဟု ခန့်မှန်းထား

**ပေကျင်း ဇန်နဝါရီ ၁၄**

တရုတ်နိုင်ငံ၏ ယခုနှစ် နှစ်သစ်ကူးနွေဦးပွဲတော်အတွင်း နိုင်ငံသားများအနေဖြင့် ခရီးစဉ်အရေအတွက် ကိုးဘီလီယံခန့်သွားရောက်မည်ဟု ခန့်မှန်းထားကြောင်း ယနေ့ဆင်ဟွာသတင်းအရ သိရသည်။

ယခုနှစ်မှစတင်၍ နွေဦးပွဲတော်အား ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ယူနက်စကိုက သတ်မှတ်ခဲ့သည်။ ပွဲတော်ကာလအတွင်း လေယာဉ်နှင့် ရထားခရီးစဉ်များ စံချိန်တင်မြင့်တက်လေ့ရှိသည်။ ပွဲတော်ကျင်းပသည့်ကာလအတွင်း လေယာဉ်ခရီးစဉ်အရေအတွက် သန်း ၉၀ ပြေးဆွဲမည်ဖြစ်သည်။

လက်ရှိအချိန်တွင် တစ်နေ့လျှင် ပျမ်းမျှရထားခရီးစဉ်ပေါင်း ၁၂ ဒသမ ၇၅ သန်းခန့် ပြေးဆွဲနေရသည်။ ပွဲတော်ကျင်းပစဉ်အတွင်း နိုင်ငံသားများသည် မိသားစုပြန်လည်ဆုံတွေ့ရန် နေရပ်ပြန်ကြကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

## ပျဉ်းမနားမြို့နယ်၌ အမျိုးသားတစ်ဦးအားသတ်ဖြတ်ပြီး လုယက်မှုကျူးလွန်သူ တရားခံအမျိုးသားနှစ်ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၄**

ဇန်နဝါရီ ၇ ရက်က နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် သဲကျွန်းကျေးရွာရှိ PNPT ကလေးအားကစားကွင်းအနီး ယာခင်းလူသွားလမ်းပေါ်၌ အမျိုးသားတစ်ဦး(စိစစ်ဆဲ)မှာ ပါးစပ်အတွင်း ကျွန်းရွက်ခြောက်များ ဆို့သွင်းထားပြီး လက်နှစ်ဖက်နှင့် ခြေထောက်နှစ်ဖက်တို့အား အင်္ကျီ၊ ပလတ်စတစ်ကြိုးများဖြင့် ချည်နှောင်လျက် ဦးခေါင်းနောက်စေ့တွင် ပြတ်ရှဒဏ်ရာတစ်ချက်၊ ခန္ဓာကိုယ်၌ ပွန်းခြစ်ဒဏ်ရာများ၊ ဝဲဘက်နားသွေးထွက် ဒဏ်ရာများဖြင့် သေဆုံးနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ပြီး ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ရွာကောက်နယ်မြေရဲစခန်း(ပ)၄/၂၀၂၅၊ ရာဇသတ်ကြီး ပုဒ်မ ၃၀၂ ဖြင့် အမှုရေးဖွင့်စုံစမ်းဆောင်ရွက်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက အခင်းဖြစ်ရပ်မှတ်တမ်းများရယူခြင်း၊ နယ်မြေအတွင်း သတင်းရယူ စုံစမ်းခြင်းများ ဆောင်ရွက်ခဲ့ရာ သေဆုံးသူမှာ ပျဉ်းမနားမြို့နယ် ပေါင်းလောင်း(၁)ရပ်ကွက်နေ ကျော်ဇင်မိုး(၃၄)နှစ်(ဘ)ဦးအောင်မြင့်ဖြစ်ကြောင်းနှင့် ၎င်းသည် ဇန်နဝါရီ ၆ ရက် ည ၈ နာရီခွဲက နေအိမ်မှ နှင်းဆီအဝိုင်းဘက်သို့ ၄၇ယ/၃၂၁၉၃ နံပါတ်ပါ Scoppy အမျိုးအစား ဆိုင်ကယ်တစ်စီးဖြင့် သွားရောက်ရာမှ နေအိမ်သို့ပြန်လည်ရောက်ရှိလာခြင်း မရှိဘဲ Scoppy အမျိုးအစား ဆိုင်ကယ်တစ်စီး၊ Infinix အမျိုးအစား လက်ကိုင်ဖုန်းတစ်လုံး၊ ငွေကျပ် ၅၀၀၀၀ ခန့်ပါ ပိုက်ဆံအိတ်တစ်လုံး၊ ယာဉ်မောင်းလိုင်စင်တစ်ခု၊ စမတ်ကတ်တို့နှင့်အတူ ပျောက်ဆုံးနေသူဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ပြစ်မှုကျူးလွန်သူတရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့ရာ နယ်မြေအတွင်း မိမိအမာခံသတင်းပေးများထံမှရရှိသော အချက်အလက်များနှင့် အခင်းဖြစ်ရပ်အထောက်အထားများအရ ဇန်နဝါရီ ၁၂ ရက် ညပိုင်းတွင် တရားခံ ပျဉ်းမနားမြို့နယ် မြို့သစ်ရပ်ကွက်နေ ဝေဠုကျော်(၂၀)နှစ်(ဘ) ဦးမျိုးအောင်နှင့် သဲကျွန်းကျေးရွာနေ ကောင်းခန့်ဇော်(ခ)ဆင်ပေါက်(၁၆)နှစ်(ဘ)ဦးသိန်းလွင်တို့ နှစ်ဦးတို့အား ၎င်းတို့၏နေအိမ်အသီးသီး၌ ဖမ်းဆီးရမိခဲ့ပြီး အခင်းဖြစ်စဉ်က လုယက်ယူဆောင်သွားခဲ့သည့် သက်သေခံ Scoppy အမျိုးအစား ဆိုင်ကယ်တစ်စီးနှင့် Infinix အမျိုးအစား လက်ကိုင်ဖုန်းတစ်လုံးတို့အား သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ ဝေဠုကျော်နှင့် ကောင်းခန့်ဇော်(ခ) ဆင်ပေါက်တို့၏ ထွက်ဆိုချက်အရ ၎င်းတို့နှင့်အတူ ပြစ်မှုကျူးလွန်ရာ၌ပါဝင်သူ ဖမ်းဆီးရန်ကျန် တရားခံ ကျော်ဇင်ထက်(စိစစ်ဆဲ)တို့



(ဝဲမှယာ တရားခံ ကောင်းခန့်ဇော်(ခ)ဆင်ပေါက် ၊ တရားခံ ဝေဠုကျော်)

သုံးဦးသည် PNPT ကလေးအားကစားကွင်းအနီး ယာခင်းလူသွားလမ်းပေါ်၌ ခင်မင်ရင်းနှီးသူ ကျော်ဇင်မိုးနှင့် တွေ့ဆုံစဉ် ငွေကြေးလိုအပ်ချက်အရ ကျော်ဇင်မိုးအား သတ်ဖြတ်ခဲ့ကြပြီး ၎င်း၏ Scoppy အမျိုးအစား ဆိုင်ကယ်နှင့် infinix အမျိုးအစား လက်ကိုင်ဖုန်းတစ်လုံး၊ ငွေကျပ် ၅၀၀၀၀ ခန့်တို့အား လုယက်ယူဆောင်ခဲ့ကြခြင်း ဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

အဆိုပါဖြစ်စဉ်မှ ပြစ်မှုကျူးလွန်သူ တရားခံ ဝေဠုကျော်နှင့် ကောင်းခန့်ဇော်(ခ) ဆင်ပေါက်တို့ နှစ်ဦးအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဖမ်းဆီးရန်ကျန်တရားခံ ကျော်ဇင်ထက်အား ဖမ်းဆီးရမိနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



ခြေစစ်ပွဲ အုပ်စု(D)၌ ပါဝင်သော မြန်မာ၊ ဗီယက်နမ်၊ တရုတ်(တိုင်ပေ)နှင့် မကာအိုအသင်းတို့မှ နည်းပြချုပ်များကို တွေ့ရစဉ်။

## အာရှဖလား အမျိုးသမီးဖူဆယ်ခြေစစ်ပွဲ အုပ်စု(D) ပွဲကြိုသတင်းစာရှင်းလင်းပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၄**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ၂၀၂၅ အာရှဖလား အမျိုးသမီးဖူဆယ်ခြေစစ်ပွဲ အုပ်စု(D) ပွဲစဉ်များအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ဇန်နဝါရီ ၁၄ ရက်က သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ကျင်းပရာ အိမ်ရှင်မြန်မာ၊ ဗီယက်နမ်၊ တရုတ်(တိုင်ပေ)နှင့် မကာအိုအသင်းတို့မှ နည်းပြချုပ်များ တက်ရောက်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်း နည်းပြချုပ်ဖြစ်သူ ထိုင်းနိုင်ငံသား ဘန်လက်ချာယိုဝန်က “ကျွန်တော်တို့ အိမ်ကွင်းပရိသတ်ရှေ့မှာ ရလဒ်ကောင်းတွေရဖို့ ကြိုးစားပါမယ်။ ဒီပွဲအတွက် ကြိုတင်ပြင်ဆင်မှုတွေ အများကြီးလုပ်ထားသလို ပြိုင်ပွဲအတွက်လည်း အသင့်ဖြစ်နေပါပြီ။ အုပ်စုကတက်ဖို့ရည်မှန်းထားတာကြောင့် ပွဲတိုင်းအကောင်းဆုံး ကြိုးစားပါမယ်။ အနိမ့်ဆုံး သရေတစ်မှတ်သို့မဟုတ် နိုင်ပွဲတစ်ခုခုရဖို့ တစ်သင်းလုံးကြိုးစားပါမယ်”ဟုပြောကြားသည်။ ဗီယက်နမ်ဖူဆယ်အသင်းနည်းပြချုပ် ငုယင်ဒင်ဟန်းက “မြန်မာဖူဆယ်အသင်းတွေက အခုလက်ရှိ နည်းပြတာဝန်ယူနေချိန်မှာ တိုးတက်မှုရှိလာတာ တွေ့ရပါတယ်။ အဝေးကွင်းမှာ လာရောက်ကစားရတဲ့ ထုံးစံအတိုင်း ခက်ခဲမှုတွေရှိပါတယ်။ ဒါပေမဲ့လည်း မြန်မာအသင်းနဲ့ အဖွင့်ပွဲအတွက် လေ့ကျင့်ပြင်ဆင်မှုတွေ လုပ်ထားပြီးပါပြီ။ အနိုင်ရမယ်လို့လည်း ယုံကြည်ပါတယ်။ အုပ်စုတက်ပြီး နောက်ဆုံးပြိုင်ပွဲတွေအဆင့်ကိုရောက်ဖို့ ရည်ရွယ်ထားပါတယ်။ အုပ်စုတွင်း ပြိုင်ဘက်တွေအားလုံး အသင်းကောင်းတွေဖြစ်လို့ ပွဲစဉ်တွေက ခက်ခဲမှာပါ” ဟု ပြောကြားသည်။

တရုတ်(တိုင်ပေ)အသင်းနည်းပြချုပ် ရှဲလီချွန်းက “ဒီပြိုင်ပွဲ မတိုင်ခင်မှာ နိုင်ငံတကာပွဲတွေ ကစားထားတာရှိပြီး ကစားသမားတွေအနေနဲ့ ပြိုင်ပွဲအတွေ့အကြုံ အတန်အသင့်ရှိထားပါတယ်။ လုံလောက်တဲ့ လေ့ကျင့်ပြင်ဆင်ချိန်လည်း ရှိထားပါတယ်။ အသင်းတိုင်းက ခြေစစ်ပွဲအောင်ဖို့ရည်မှန်းပြီး အစွမ်းကုန်ကြိုးစားကြမှာဖြစ်လို့ လွယ်ကူတဲ့ ပွဲစဉ်တွေတော့ ဖြစ်လာမှာ မဟုတ်ပါဘူး။ အခု အုပ်စုပွဲစဉ်တွေက ကစားသမားတွေအတွက် အခွင့်အလမ်းကောင်းတွေ ပေးနိုင်တဲ့ ပွဲစဉ်တွေပါ။ အသင်းလိုက် ကစားပုံပိုပြီး တိုးတက်လာမှာ သေချာပါတယ်” ဟု ပြောကြားခဲ့သည်။ မကာအိုအသင်းနည်းပြချုပ် ချန်ကာချွန်းက “ဒီပြိုင်ပွဲအတွက် ပြင်ဆင်ချိန် ငါးလနီးပါး ရထားလို့ လေ့ကျင့်ချိန် အများကြီးရှိခဲ့ပါတယ်။ အုပ်စုတွင်း ပြိုင်ဘက်တွေက အသင်းကောင်းတွေဖြစ်တဲ့အတွက် ကျွန်တော်တို့ အစွမ်းကုန်ကြိုးစားရမှာပါ။ ကျွန်တော်တို့ ကစားသမားတွေအနေနဲ့ ဒီပြိုင်ပွဲကိုပျော်ရွှင်စွာနဲ့ အားကစားစိတ်ဓာတ်အပြည့်၊ ပြိုင်ပွဲဝင်စိတ်အပြည့်နဲ့ ကစားနိုင်ဖို့က ဦးစားပေးရည်မှန်းချက်ပါ”ဟုပြောကြားခဲ့သည်။

အုပ်စု(D) ပွဲစဉ်များကို ဇန်နဝါရီ ၁၅ ရက်(ယနေ့) စတင်မည်ဖြစ်ပြီး မွန်းလွဲ ၂ နာရီခွဲတွင် တရုတ်(တိုင်ပေ) အသင်းနှင့် မကာအိုအသင်း၊ ညနေ ၅ နာရီတွင် မြန်မာအသင်းနှင့်ဗီယက်နမ်အသင်းတို့ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယင်းခြေစစ်ပွဲကို ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF**

### ဆောင်းရာသီတွင် ဖြစ်ပွားလေ့ရှိသော လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ ကူးစက်ဖြစ်ပွားမှုမှ ကာကွယ်နိုင်ရန် အသိပေးနှိုးဆော်ချက် (၁၃-၁-၂၀၂၅)

ဆောင်းရာသီကာလတွင် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ဖြစ်ပွားစေတတ်သော ရာသီတုပ်ကွေးရောဂါပိုးများ၊ ကိုဗစ် - ၁၉ ရောဂါပိုး၊ Human metapneumovirus(HMPV) ရောဂါပိုးစသည့် အဏုဇီဝရောဂါပိုးများ ကူးစက်ဖြစ်ပွားမှုမြင့်တက်လေ့ရှိပြီး ကလေးငယ်များ၊ အသက်အရွယ်ကြီးရင့်သူများနှင့် ကိုယ်ခံအားစနစ် ကျဆင်းနေသူများတွင် ရောဂါပိုမိုပြင်းထန်စွာ ခံစားရစေနိုင်သည်။

#### ရောဂါကူးစက်ပုံနည်းလမ်းများ

- ရောဂါပိုးကူးစက်ခံစားနေရသူ၏ ချောင်းဆိုးခြင်း၊ နှာချေခြင်းတို့မှထွက်ရှိသည့် အစက်အမှုန်များ(Droplets) မှတစ်ဆင့် ကူးစက်ခြင်း၊
- ရောဂါပိုးကူးစက်ခံစားနေရသူနှင့် အနီးကပ်ထိတွေ့ခြင်း၊ လက်ဆွဲနှုတ်ဆက်ခြင်းမှ တစ်ဆင့်ကူးစက်ခြင်း၊
- ရောဂါပိုးကပ်တင်နေသည့် အရာဝတ္ထုပစ္စည်းများ၊ မျက်နှာပြင်များအား လက်ဖြင့်ထိမိပြီး ပါးစပ်၊နှာခေါင်းနှင့် မျက်စိတို့အား ထပ်ဆင့်ထိမိရာမှ တစ်ဆင့်ကူးစက်ခြင်း။

#### ရောဂါလက္ခဏာများ

- ချောင်းဆိုးခြင်း၊ ဖျားခြင်း၊ နှာစေးနာပိတ်ခြင်း၊ လည်ချောင်းနာခြင်း၊ အသက်ရှူကျပ်ခြင်း၊
- ရောဂါပြင်းထန်ပါက လေပွွန်ရောင်ခြင်း၊ အဆုတ်ရောင်ခြင်း။

#### ရောဂါကာကွယ်ရေးနည်းလမ်းများ

- ရောဂါသံသယလက္ခဏာများ ခံစားရပါက ပါးစပ်နှင့်နှာခေါင်းစည်း(Mask)ဝတ်ဆင်ခြင်း၊ ဆပ်ပြာနှင့်ရေ သို့မဟုတ် ရေမလိုလက်သန့်စင်ဆေးရည်ဖြင့် စနစ်တကျလက်ဆေးခြင်း၊ နှာချေ၊ ချောင်းဆိုးပါက နှာခေါင်းနှင့် ပါးစပ်ကို လုံခြုံအောင်ဖုံးအုပ်ခြင်း၊ အခြားသူများနှင့် ခပ်ခွာခွာနေခြင်း။

လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါဖြစ်ပွားမှု မြင့်တက်လျက်ရှိသော ပြည်ပနိုင်ငံများသို့ သွားရောက်မည့်သူများအနေဖြင့် ရောဂါကူးစက်ခံရမှုမရှိစေရေး သတိပြုကာကွယ်ကြရန်နှင့် မိမိနိုင်ငံသို့ ပြန်လည်ရောက်ရှိပြီးနောက် သံသယလက္ခဏာများ ပေါ်ပေါက်လာပါက နီးစပ်ရာကျန်းမာရေးဌာနများသို့ စောစီးစွာ သွားရောက်ပြသ၍ ကုသမှုခံယူကြရန် ဖြစ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## မန်ယူကွင်းလယ်ကစားသမား မိုင်နူးကို ခေါ်ယူရန် ဘိုင်ယန်မြူးနစ်နဲ့ ချယ်လ်ဆီးတို့ အပြိုင်ကြိုးပမ်းနေ

ဂျာမန် ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းနဲ့ ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးအသင်းတို့ဟာ မန်ယူအသင်း ကွင်းလယ်ကစားသမား မိုင်နူးကို စာချုပ်ချုပ်ဆိုခေါ်ယူဖို့ အပြိုင်ကြိုးပမ်းလျက် ရှိပါတယ်။

ကွင်းလယ် ကစားသမား မိုင်နူးဟာ လက်ရှိအချိန်မှာ မန်ယူအသင်းရဲ့ ပထမဦးစားပေး ကစားသမားတွေထဲမှာ ဝင်ငွေအနိမ့်ဆုံး ကစားသမားစာရင်းထဲမှာ ပါဝင်နေတာဖြစ်ပေမယ့် မန်ယူအသင်းကတော့ ကွင်းလယ်ကစားသမားမိုင်နူးရဲ့ ပြောင်းရွှေ့ကြေးကိုတော့ သတ်မှတ်ထားခြင်း မရှိသေးတာ ဖြစ်ပါတယ်။

ကွင်းလယ်ကစားသမား မိုင်နူးအနေနဲ့ မန်ယူအသင်းမှာ ရရှိထားတဲ့ လုပ်ခလစာဟာ တစ်ပတ်ပေါင်နှစ်သောင်းဖြစ်ပြီး လက်ရှိချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းကလည်း ၂၀၂၇ ခုနှစ်မှာ ကုန်ဆုံးမှာ ဖြစ်ပါတယ်။

ကွင်းလယ်ကစားသမား မိုင်နူးဟာ မန်ယူအသင်းနဲ့အတူ အကောင်းဆုံး ခြေစွမ်းပြကစားနိုင်ခဲ့တာကြောင့် လက်ရှိအချိန်မှာ ပရီမီယာလိဂ်ပြိုင်ဘက် ချယ်လ်ဆီးအသင်းနဲ့ ဂျာမန် ဘွန်ဒက်လီဂါ ထိပ်သီးအသင်းဖြစ်တဲ့ ဘိုင်ယန်မြူးနစ်အသင်းတို့က ခေါ်ယူဖို့ အပြိုင်ကြိုး ပမ်းနေကြတာလည်း ဖြစ်ပါတယ်။

**ငွေကြယ်**

# မွန်ပြည်နယ် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

**မော်လမြိုင် ဇန်နဝါရီ ၁၄**

မွန်ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ (၁/၂၀၂၅) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပသည်။

ဦးစွာ မွန်ပြည်နယ်ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက ပြည်နယ်အတွင်း ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေး အထူးအလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအပါအဝင် တန်ခိုးကြီးစေတီပုထိုးများ၊ သာသနိက အဆောက်အအုံများ၊ ခရီးသွားဒေသများတွင် ခရီးသွားဧည့်သည်များ ဝင်ရောက်လာနေသည်ဖြစ်သည့်အတွက် ဘေးကင်းလုံခြုံမှု၊ ဒေသထွက် အစားအစာများ အရည်အသွေးကောင်းမွန်စွာ ထုတ်လုပ်ရောင်းချမှုနှင့် ခရီးစဉ်ဒေသများတွင် လမ်းညွှန်အမှတ်အသားများထားရှိစေရေး ဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ ပြည်နယ်အတွင်း ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးကြရန်နှင့် ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး အလုပ်အကိုင် အခွင့်အလမ်းနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေး ဝိုင်းဝန်းကြရန် အမှာစကားပြောကြားသည်။

ထို့နောက် မွန်ပြည်နယ်ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီအတွင်းရေးမှူး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇေယျာထွန်းက ပြည်နယ်အတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ မွန်ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီဝင်များက ဟိုတယ်နှင့် ခရီးသွားကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြမှုအပေါ် ပြည်နယ်ဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**စည်သူ(ပြန်/ဆက်)**

❖ **ကျောဖုံးမှ**

အဆိုပါ တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)၊ တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)တို့တွင် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြု အရာရှိများ၊ သူနာပြုစစ်သည်များနှင့်သူနာပြုရဲမေများလိုက်ပါသွားကာ ဒေသခံပြည်သူများအား ခွဲစိတ်ကုသမှု ရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အရိုးရောဂါ၊ မျက်စိရောဂါ၊ နား/ နှာခေါင်း/ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး X-Ray ရိုက်ခြင်း၊ Ultrasound ရိုက်ခြင်း၊ ရောဂါဗေဒပါရဂူများဖြင့် ရောဂါရှာဖွေစမ်းသပ်ကုသခြင်း၊ ECG စက်၊ ဓာတ်မှန်ရိုက်စက်များဖြင့် ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းနှင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးပေးခြင်းများကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။



တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်) ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ရန်ကုန်မြို့မှ ထွက်ခွာစဉ်။

ထို့ပြင် အရေးပေါ်အခြေအနေပေါ်ပေါက်ပါက ဆေးရုံတင်ကုသမှုများဆောင်ရွက်ပေးရန် တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ် (ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)ပေါ်တို့တွင် လူနာ ၃၀ အထိလည်းကောင်း၊ တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ပေါ်တွင်လူနာ ၂၅ ဦးအထိလည်းကောင်း တင်ဆောင်ကုသနိုင်သည့် ခွဲစိတ်ခန်း၊ သားဖွားမီးယပ်ခန်း၊ စမ်းသပ်ခန်းနှင့် အထူးကြပ်မတ်ကုသဆောင်များလည်း ပါရှိကြောင်း သိရသည်။

တပ်မတော်အထူးကုဆေးအဖွဲ့ဝင်များ ပါဝင်သည့် တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့အနေဖြင့် ၂၀၁၃ ခုနှစ်မှစတင်၍ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသနှင့် မြစ်ကြောင်းများတစ်လျှောက် ဆေးကုသရန် ခက်ခဲသော ကျေးရွာများရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယခုခရီးစဉ်သည် (၁၉)ကြိမ်မြောက်ဖြစ်ပြီး (၁၈)ကြိမ်မြောက်အထိ ဒေသခံပြည်သူစုစုပေါင်း၁၇၈၇၃၅ဦးတို့ကိုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကာ ဆေးရုံရေယာဉ်ပေါ်ရှိသားဖွားခန်း၌ ကိုယ်ဝန်ဆောင်မိခင် ၂၈ ဦးတို့အား အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။

အလားတူ တပ်မတော်အထူးကုဆေးအဖွဲ့ဝင်များ ပါဝင်သည့် တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)ဖြင့် ၂၀၁၆ ခုနှစ်မှစ၍ မြန်မာ့ပင်လယ်ကမ်းရိုးတန်းဒေသများနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယခုခရီးစဉ်သည် (၁၈)ကြိမ်မြောက်ဖြစ်ပြီး (၁၇)ကြိမ်မြောက်အထိ ဒေသခံပြည်သူစုစုပေါင်း ၁၅၇၀၈၇ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကာ ဆေးရုံရေယာဉ်ပေါ်ရှိသားဖွားခန်း၌ ကိုယ်ဝန်ဆောင်မိခင် ၂၁ ဦး တို့အား အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၅-၁-၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၇၅ | ၃၁၉၀ | ၃၁၅၅ | ၃၀၉၀ | ၃၁၉၅ | ၃၂၁၀ | ၃၂၂၅ | ၃၁၄၅ | ၄၅၀၅ | ၃၄၄၀ | ၃၁၆၀ | ၃၁၆၅ | ၃၂၃၅ | ၃၂၀၀ | ၃၂၂၀ | ၃၄၇၅ | ၃၉၅၀ |
| 95 Ron | ၃၁၆၀ | ၃၂၇၅ | ၃၂၄၀ | ၃၁၇၅ | ၃၂၈၀ | ၃၂၉၅ | ၃၃၁၀ | ၃၂၃၀ | ၄၅၆၀ | ၃၅၂၅ | ၃၂၅၀ | ၃၂၅၀ | ၃၃၂၀ | ၃၂၈၅ | ၃၃၀၅ | ၃၅၆၅ | ၄၁၀၀ |
| HSD (500 ppm) | ၂၇၁၀ | ၂၈၂၅ | ၂၇၉၀ | ၂၇၂၅ | ၂၈၃၀ | ၂၈၄၅ | ၂၈၆၅ | ၂၇၈၅ | - | ၃၀၇၅ | ၂၈၀၀ | ၂၈၀၀ | ၂၈၇၀ | ၂၈၃၅ | ၂၈၆၀ | ၃၁၁၅ | ၃၉၅၀ |
| HSD (50 ppm) | ၃၃၄၀ | ၃၄၅၀ | ၃၄၂၀ | ၃၃၅၅ | ၃၄၆၀ | ၃၄၇၅ | ၃၄၉၀ | ၃၄၁၀ | ၄၈၃၀ | ၃၇၀၀ | ၃၄၂၅ | ၃၄၃၀ | ၃၅၀၀ | ၃၄၆၀ | ၃၄၈၅ | ၃၇၄၀ | - |
| HSD (10 ppm) | ၃၃၄၀ | ၃၄၅၀ | ၃၄၂၀ | ၃၃၅၅ | ၃၄၆၀ | ၃၄၇၅ | ၃၄၉၀ | ၃၄၁၀ | - | ၃၇၀၀ | ၃၄၂၅ | ၃၄၃၀ | ၃၅၀၀ | ၃၄၆၀ | ၃၄၈၅ | ၃၇၄၀ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၀၂ | ၂၉၉၄ |
| 95 Ron | ၂၉၈၆ | ၃၀၇၉ |
| HSD (500 ppm) | ၂၅၅၁ | ၂၆၃၂ |
| HSD (50 ppm) | ၃၁၅၈ | ၃၂၅၁ |
| HSD (10 ppm) | ၃၁၅၈ | ၃၂၅၁ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## စာပေဗိမာန်စာမူဆုရ စာအုပ်ဖြန့်ချိရောင်းချ

**ရန်ကုန် ဇန်နဝါရီ ၁၄**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာပေဗိမာန် စာမူဆု ကဗျာပေါင်းချုပ် ပထမဆုရရှိသည့် စာရေးဆရာဘုန်းမြင့်ချို (သာယာဝတီ) ၏ "ပိုးကိုက်ရာကင်း ပန်းတစ်ခင်းကဗျာများ" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ဤစာအုပ်တွင် ကဗျာပုဒ်ရေ ၆၆ ပုဒ် ပါရှိသည်။ မြန်မာကဗျာ ဖွဲ့နည်းစနစ်များ မှန်ကန်ပြီး လေးလုံးစပ်၊ ဒွေးချိုး၊ လေးဆစ်ချိုး၊ တေးထပ်စသည်ဖြင့် ကဗျာဖွဲ့နည်းများ စုံလင်အောင် ရေးဖွဲ့ထားသည်။ ကျေးလက်ဓလေ့၊ အတွေးအမြင်၊ ဘာသာရေး၊ ယဉ်ကျေးမှု၊ ချစ်မှုရေးရာ စသည်ဖြင့် အကြောင်းအရာပိုင်းတွင် စုံလင်သကဲ့သို့ တင်ပြပုံ၊ ရှုမြင်ပုံတို့လည်း ဆန်းသစ်သည်ကို တွေ့ရသည်။ တိုင်းချစ်ပြည်ချစ်စိတ်နိုးကြားစေသော ကဗျာများ၊ အရာရာတွင် စည်းကမ်းလိုက်နာစေလိုသော စေတနာကဗျာများ၊ နှလုံးသားအာဟာရဖြစ်စေမည့် ကဗျာများ စသည်ဖြင့် အမျိုးအမည် အကြောင်းအရာစုံ၊ ရှုထောင့်စုံမှ ဂုဏ်၊ ရသ၊ အလင်္ကာ စုံလင်စွာ ဖော်ကျူးရေးဖွဲ့ထားသော စာအုပ်ကောင်း တစ်အုပ်ဖြစ်သည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ကျပ် ၄၀၀၀ ဖြင့် အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁၈-၂၄၉၀၃၁၊ ၀၁၈-၃၈၁၄၄၈)၊ အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ ၀၉-၄၄၉၅၄၀၆၆၇)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန် စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆) နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန (ဖုန်း ၀၁၈-၂၄၉၀၃၁၊ ၀၁၈-၃၈၁၄၄၈) သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆေးတက္ကသိုလ်(မန္တလေး)ဆေးပညာပထမနှစ်(၁/၂၀၂၅) ကျောင်းသား ကျောင်းသူများ၏ မောင်မယ်သစ်လွင်ကြိုဆိုပွဲကျင်းပ

**မန္တလေး ဇန်နဝါရီ ၁၄**

ဆေးတက္ကသိုလ်(မန္တလေး) ဆေးပညာပထမနှစ် (၁/၂၀၂၅)တွင် ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများ၏ မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ ဆေးတက္ကသိုလ်(မန္တလေး) ဇီဝကခန်းမ (မန်းရတနာပုံ)၌ ကျင်းပသည်။ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဆေးတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် နှင့်ဆေးနီးနွယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသည့် ဧည့်ပရိသတ်များတက်ရောက်ကြသည်။




အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်အနေဖြင့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍပေါင်းစုံ၊ ဘက်ပေါင်းစုံတို့မှ ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ ဆေးပညာရှင်များသည် လူသားတို့၏အသက်နှင့် သက်ဆိုင်သည့်အတတ်ပညာရှင် အလုပ်ဖြစ်ပါကြောင်း၊ ဆေးပညာတတ်ကျွမ်းမှုတစ်ခုတည်းနှင့် မလုံလောက်ဘဲ ခံယူချက်သဘောထားမှန်ကန်၍ ကျင့်ဝတ်သိက္ခာများကို လေးစားလိုက်နာပြီး ပြည်သူလူထုအားကိုးထိုက်သည့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်သူများဖြစ်အောင်၊ လူသားများ၏အကျိုး၊ တိုင်းပြည်အကျိုးတို့ကို ဆောင်ရွက်နိုင်သော နိုင်ငံ့သားကောင်းများဖြစ်သည်အထိ ကြိုးစားသွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ချီးမြှင့်**

ဆက်လက်၍ ကျောင်းသား ကျောင်းသူတစ်ဦးစီက ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် ကျေးဇူးတင်စကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျောင်းသား ကျောင်းသူများ၏ ဂုဏ်ပြုဖျော်ဖြေမှုများနှင့် ကျောင်းသား ကျောင်းသူများ ရိုက်ကူးထားသည့် ဆေးတက္ကသိုလ်(မန္တလေး) သမိုင်းကြောင်း Video Clip တို့ကို ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




## မြဝတီမြို့ အထက(ဝါးတော)၌ ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပ

**မြဝတီ ဇန်နဝါရီ ၁၄**

ကရင်ပြည်နယ် မြဝတီမြို့ အခြေခံပညာအထက်တန်းကျောင်း (ဝါးတော)၏၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက အဆိုပါကျောင်းဝင်း၌ ကျင်းပသည်။

ဦးစွာ ဖိတ်ကြားထားသောဧည့်သည်တော်များက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး Grade-9 မှ ကျောင်းသား ကျောင်းသူများက "ကြိုဆိုပါသည် စုံညီပွဲတော်" တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ ထို့နောက် မြဝတီမြို့နယ်ပညာရေးမှူး ဦးမိုးကျော်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ကျောင်းအုပ်ဆရာမကြီး ဒေါ်စိုးစိုးသက်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်နှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တို့၌ ကာယ၊ ဉာဏပိုင်းတွင် ထူးချွန်သော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဇာဖြူဝင်း(မြဝတီ)**

## ရမည်းသင်းမြို့နယ် မြို့လှရွာ၌ ပြာသိုလပြည့်အမေနေ့ သက်ကြီးပူဇော်ပွဲ ကျင်းပ

**ရမည်းသင်း ဇန်နဝါရီ ၁၄**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မြို့လှကျေးရွာ၌ ပြာသိုလပြည့်အမေနေ့ သက်ကြီးပူဇော်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက မြို့လှတောင်ကျောင်းတိုက်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။




**လှူဖွယ်များဆက်ကပ်**

ဦးစွာ မြို့လှတောင်ကျောင်းတိုက်အတွင်းရှိ ဒက္ခိဏာရာမ မဟာမုနိဘုရားကြီးရှေ့တွင် ခင်ပွန်းကြီးဆယ်ပါး ကန်တော့ပွဲကျင်းပပြီး ဆရာတော်များအား ဆွမ်း၊ ဘောဇဉ်နှင့်လှူဖွယ်များ ဆက်ကပ်လှူဒါန်းသည်။ ယင်းနောက် မြို့လှတိုက်နယ်အတွင်းရှိ မြို့လှ၊ တံတားဦး၊ မြို့ဟောင်း၊ သီးကုန်း၊ အင်းပေါင်(တောင်ရွာ)၊ အင်းပေါင်(မြောက်ရွာ)၊ ဝါးရုံတော(အရှေ့ရွာ)၊ ဝါးရုံတော(အနောက်ရွာ)၊ သရက်ပင်၊ ပွဲဆယ်၊ ပင်းစု(တောင်ရွာ)၊ ပင်းစု(မြောက်ရွာ)၊ ပုတီးကုန်း၊ ကုန်းသာနှင့် ရိုးကြီးရွာတို့မှ အဘိုးအဘွား ၁၄၂ ဦးတို့အား လှူဖွယ်ပစ္စည်းများ ပေးအပ်ဂါရဝပြုကန်တော့ကြသည်။

ယင်းနောက် စာစီစာကုံး၊ ပန်းချီ၊ ကဗျာ၊ ယိမ်းအက၊ သီချင်းဆိုပြိုင်ပွဲတို့တွင် ဆုရရှိသူများအား ဆုချီးမြှင့်ပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**လှိုင်သန်းတင့်(ရမည်းသင်း)**

## ကမာရွတ်မြို့နယ်၌ လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရမှု အကျိုးခံစားခွင့် ထုတ်ပေး

**ရန်ကုန် ဇန်နဝါရီ ၁၄**

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်၌ လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရရှိမှု အကျိုးခံစားခွင့် ထုတ်ပေးခြင်း အခမ်းအနားကို ယနေ့မွန်းတည့် ၁၂ နာရီက ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံးခန်းမ၌ ကျင်းပသည်။




ဦးစွာ ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ တိုင်းဒေသကြီး တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များ အကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး တာဝန်ခံအရာရှိက ကမာရွတ်မြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော လှမျိုးအောင် ပလတ်စတစ်လုပ်ငန်းမှ အာမခံအလုပ်သမား ဦးကျော်ကျော်အောင်အား အမြဲတမ်းလုပ်အားဆုံးရှုံးမှု ၆၀ ရာခိုင်နှုန်းအတွက် ငွေလုံးငွေရင်း ငွေကျပ် ၆၃၅၀၄၀၀ နှင့် ARK Premium Solution Co.,Ltd မှ အာမခံအလုပ်သမား ဦးရဲလတ်ဟိန်း၏ ဆေးဖိုးပြန်အမ်းငွေကျပ် ၂၂၆၄၀၄၀ ကို အလုပ်ဌာနတာဝန်ခံများ၊ အလုပ်သမားရေးရာ ညှိနှိုင်းရေးကော်မတီ (WCC) အဖွဲ့ဝင်များ ရှေ့မှောက်တွင် ခွင့်ပြုထုတ်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဒေါပုံမြို့နယ်၌ မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော် ကျင်းပ

**ဒေါပုံ ဇန်နဝါရီ ၁၄**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် ဒေါပုံမြို့နယ်တွင် ၂၀၂၅ ခုနှစ် မြို့နယ်အဆင့်ပညာရေးစုံညီပွဲတော်ကို ယနေ့နံနက် ၉ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပညာခန်းမ၌ ကျင်းပသည်။

ဦးစွာ ဒေါပုံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁)ဗိုလ်မှူး စိုးမိုးအောင်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်နိုင်နိုင်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် မြို့နယ်အဆင့်ဆုများဖြစ်သည့် လူရည်ချွန်ဆု၊ သင်္ချာစွမ်းရည်ဆု၊ အင်္ဂလိပ်စာစွမ်းရည်ဆု၊ စာစီစာကုံး၊ ကဗျာ၊ ပန်းချီ၊ ပိုစတာနှင့် နိုင်ငံတကာပေးစာဆုများ၊ ဘောလုံးပြိုင်ပွဲဆုနှင့် မက်ခရိုမာရသွန်ပြိုင်ပွဲဆု စသည်ဖြင့် ဆုပေါင်း ၇၅ ဆုကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ရာ ကျောင်းသား ကျောင်းသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

**ချစ်စုဝေ(ပြန်/ဆက်)**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့ကျေးရွာ ဂျာနယ် ထွက်ရှိ



၁၅-၁-၂၀၂၅ ရက်နေ့ထုတ် အတွဲ (၂၂)၊ အမှတ် (၂) တွင်
- နိုင်ငံစီးပွားရေးကို အထောက်အကူပြုစေသည့် ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး
- ပြည်တွင်းစားသုံးဆီထုတ်လုပ်မှုကဏ္ဍ တိုးတက်လာ၍ ပြည်ပမှတင်သွင်းရန် မလိုအပ်
- စက်သုံးဆီ လိုသလောက်ဝယ်ယူနိုင်မည့် MPTA Application စတင်အသုံးပြု
- လျှပ်စစ်သုံးလူစီးယာဉ်များ အကောက်ခွန် ကုန်လှောင်ရုံအတွင်း ထည့်သွင်းခွင့် ဇန်နဝါရီလအထိ ခွင့်ပြု
- ရေနံချောင်းသဘာဝဓာတ်ငွေ့ ဖြန့်ဖြူးရေးစခန်းမှ နေရောင်ခြည်စွမ်းအင်သုံးစနစ် စတင်
- မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် ကျင်းပပြုလုပ်မည်
- မှတ်ဉာဏ်တုနည်းပညာ(AI)သည် အသုံးပြုသူများအပေါ် လွှမ်းမိုးချုပ်ကိုင်လာနိုင်
- ၂၀၂၄ ခုနှစ်တွင် သဘာဝဘေးအန္တရာယ်ကြောင့် ကမ္ဘာတစ်ဝန်းတွင် ထိခိုက်ဆုံးရှုံးမှုများပြားစသည်တို့အပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သုတရသ စုံလင်စွာဖြင့် ထွက်ရှိပြီ ဖြစ်ပါသည်။

တစ်စောင် (၂၅၀) ကျပ်
အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။
DKY Journal

**✻ UFC မှ**

ဂျိုရှူအာဗန်က အဆင့် ၁၅ ရပ်တည်နေသည်။ ဂျိုရှူအာဗန်သည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝ ၁၄ ပွဲ ထိုးသတ်ရာတွင် ၁၂ ပွဲမြောက် အနိုင်ရခဲ့ခြင်းဖြစ်ပြီး UFC နှင့် လက်တွဲအပြီး ခြောက်ပွဲထိုးသတ်ရာတွင် ငါးပွဲမြောက် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဂျိုရှူအာဗန်သည် ဒီဇင်ဘာ ၈ ရက်က နောက်ဆုံးထိုးသတ်သည့်ပွဲတွင် အမေရိကန်ဖိုက်တာ ကိုဒီဒန်ဒါကို အမှတ်ဖြင့် အနိုင်ရထားသည်။

**သတင်း - ရှိုင်းထက်ဇော်**
**ဓာတ်ပုံ - UFC**

# ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး) ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် ဆုနှင်းပွဲကျင်းပ

**တောင်ကြီး ဇန်နဝါရီ ၁၄**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်၏ KG+12စနစ်သစ် တက္ကသိုလ်ဝင်တန်းကို ဖြေဆိုအောင်မြင်ခဲ့ပြီး ဝင်ခွင့် သတ်မှတ်ချက်များနှင့်ကိုက်ညီ၍ ကွန်ပျူတာ တက္ကသိုလ်(တောင်ကြီး) ပထမနှစ်သင်တန်းသို့ ဝင်ခွင့်ရမောင်မယ်သစ်လွင်များကြိုဆိုပွဲနှင့် သင်တန်း နှစ်များမှ ထူးချွန်ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၁၄ ရက် နံနက် ၈ နာရီက တောင်ကြီးမြို့နယ်ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး) ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

**သီဆိုဖျော်ဖြေ**

ဦးစွာ ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနသီချင်းနှင့် မြကျွန်း ညီညီတေးသီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

ထို့နောက် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်က နိုင်ငံတော်နှင့် လူသားများကို အကျိုးပြုသည့် သုတေသနလုပ်ငန်းများ လုပ်ဆောင် ရင်း ပညာကို စဉ်ဆက်မပြတ် လေ့လာဆည်းပူးနေကြ ရန် အလေးအနက် ထားမှာကြားလိုကြောင်းနှင့်



မောင်တို့မယ်တို့သည် ITနည်းပညာခေတ်၏ စိန်ခေါ် မှုများကို ရင်ဆိုင်ကျော်လွှားနိုင်အောင် ကြိုးစား၍ ဆန်းသစ်တီထွင်မှုများကိုလည်း ဆက်လက် ကြိုးပမ်းဖော်ထုတ်သွားကြရန် တိုက်တွန်းပြောကြား သည်။

ယင်းနောက် ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး) သင်တန်းနှစ်များမှ ထူးချွန်ဆုရရှိကြသော ကျောင်း သား ကျောင်းသူများအား ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးတို့က ဆုများ ချီးမြှင့်ပေးကြပြီး ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး) မှ ကျောင်းသား ကျောင်းသူများက ရှမ်းတိုင်းရင်းသား ရိုးရာ(တိုးနယား)အက၊ ပအိုဝ်းတိုင်းရင်းသားရိုးရာ အကများဖြင့် ကပြဖျော်ဖြေကြသည်။

ထို့နောက် ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး) ရှိ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ သောက်သုံးရေဖူလုံစွာသုံးစွဲနိုင်ရေးအတွက် ပြည်နယ် ဝန်ကြီးချုပ်က ရေသန့်စက်လှူဒါန်းပေးခြင်းနှင့် ကွန်ပျူတာတက္ကသိုလ် ကျောင်းသား ကျောင်းသူများ အတွက် အားကစားပစ္စည်းများကို ပြည်နယ်သယံဇာတ ရေးရာဝန်ကြီး ဦးစိုင်းလိတ်တို့က ပေးအပ်ရာ ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး) ဒုတိယပါမောက္ခ ချုပ်က လက်ခံရယူပြီး ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူး၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆရာ ဆရာမများ နှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ကျောက်ဆည်ခရိုင်နှင့် တံတားဦးခရိုင်အတွင်းရှိ ရွှေလုပ်ငန်းရှင်များ၊ ဓာတ်သတ္တု(ရွှေ)ရောင်းဝယ်ခြင်းလုပ်ငန်း လုပ်ကိုင်သူများ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပ



**ကျောက်ဆည် ဇန်နဝါရီ ၁၄**

မန္တလေးတိုင်းဒေသကြီး သယံဇာတ ရေးရာဝန်ကြီး၊ တိုင်းဒေသကြီး ဓာတ်သတ္တု (ရွှေ) ရောင်းဝယ်ခြင်း ဝန်ဆောင်မှုလုပ်ငန်း ကနဦးစိစစ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရွှေဇင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ကျောက်ဆည်မြို့ မြို့တော်ခန်းမ၌ ကျောက်ဆည်ခရိုင်နှင့် တံတားဦးခရိုင် အတွင်းရှိ ရွှေလုပ်ငန်းရှင်များ၊ ဓာတ်သတ္တု ရောင်းဝယ်ခြင်းလုပ်ငန်း လုပ်ကိုင်သူများ နှင့်တွေ့ဆုံပြီး ဝန်ဆောင်မှုလိုင်စင် လျှောက်ထားမှုများနှင့် ပတ်သက်၍ ဆွေးနွေးသည်။

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီး သယံ ဇာတရေးရာဝန်ကြီးက အမှာစကားပြော ကြားပြီး တိုင်းဒေသကြီး သတ္တုတွင်းဦးစီး ဌာန ညွှန်ကြားရေးမှူး ဦးမိုးဆွေ၊ တိုင်း ဒေသကြီးအခွန်ဦးစီးဌာန ညွှန်ကြားရေး မှူး ဦးစိုးလှမြင့်နှင့် တာဝန်ရှိသူများ က ဓာတ်သတ္တု(ရွှေ) ရောင်းဝယ်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများနှင့်ပတ်သက်၍ ဥပဒေ/နည်းဥပဒေများ၊ ရွှေလုပ်ငန်းရှင် များအနေဖြင့် နေ့စဉ်ရောင်းချခြင်း၊ ဝယ်ယူ ခြင်းစာရင်းများကို ပြုစုထားပြီးတင်ပြရေး၊ နိုင်ငံတော်အား သတ်မှတ်အခွန်များ ပေးဆောင်ရေး၊ လုပ်ငန်းများဆောင်ရွက် ရာတွင် သဘာဝပတ်ဝန်းကျင်ထိခိုက် ပျက်စီးမှုမရှိစေရေး ရှင်းလင်းဆွေးနွေး ကာ ရွှေလုပ်ငန်းရှင်များက သိရှိလိုသည် များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရ သည်။

**သက်မောင်(ကျောက်ဆည်)**



# ကျိုက်လတ်မြို့၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ

**ကျိုက်လတ် ဇန်နဝါရီ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ် မြို့နယ် အမှတ်(၁)အခြေခံပညာ အထက် တန်းကျောင်းတွင် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင် ရေးပွဲတော်ကို ယမန်နေ့က ကျင်းပသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်း ဒေသကြီး လူမှုရေးရာဝန်ကြီး ဦးခင်မောင် ကြည်၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြား ရေးမှူး ဒေါ်ယဉ်ဆွေဝင်း၊ ဖျာပုံခရိုင် စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်လင်းတို့က မုခ်ဦးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး လူမှု ရေးရာဝန်ကြီးက အမှာစကားပြောကြား သည်။

ဆက်လက်၍ ပွဲတော်၌ ယှဉ်ပြိုင်ခဲ့ကြ သော ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြင်ပြော ပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ အလယ် တန်းအဆင့်နှင့် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများ၌ ဆုရရှိသူ ကျောင်းသား ကျောင်းသူများအား တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ပြီး ပွဲတော်အတွင်း ပြသ ထားရှိသည့် ပြခန်းများကို လှည့်လည် ကြည့်ရှုခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြိတ်မြို့၌ ငါးသယံဇာတထိန်းသိမ်းရေးလုပ်ငန်းတွင် မိမိဆန္ဒဖြင့် ပူးပေါင်းခြင်း သဘောတူညီချက် မူဝါဒဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**မြိတ် ဇန်နဝါရီ ၁၄**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ငါးသယံဇာတ ထိန်းသိမ်းရေးလုပ်ငန်းတွင် မိမိဆန္ဒဖြင့် ပူးပေါင်းခြင်း သဘော တူညီချက် Voluntary Partnership Agreement (VPA) မူဝါဒ ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ငါးလုပ်ငန်းဦးစီးဌာနနှင့် Fauna & Flora – Myanmar တို့ ပူးပေါင်း၍ Green Eye ဟိုတယ် အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

မြိတ်ကျွန်းစုဒေသအပါအဝင် မြန်မာ့အဏ္ဏဝါ သက်ရှိ သယံဇာတများကို စဉ်ဆက်မပြတ်ဖွံ့ဖြိုးစေပြီး ငါးသယံဇာတကို မှီခိုနေရသူများ၏ အလုပ်အကိုင်အခွင့်အလမ်း ရေရှည်ဖွံ့ဖြိုးစေ ကာ မြန်မာ့ပင်လယ်ငါးလုပ်ငန်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးစေရန်၊ လိုအပ်သောမူဝါဒဆိုင်ရာအချက်အလက်များ အကြံပြုဆွေးနွေး နိုင်ရန် ရည်ရွယ်ချက်များဖြင့် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပ ခြင်းဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲကို မြိတ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဇော်မင်းဦးက အမှာစကားပြောကြား၍ ဖွင့်လှစ်ပေးပြီး Fauna & Flora– Myanmar စီမံကိန်းမန်နေဂျာ ဦးစိုးထွန်းက အလုပ်ရုံ ဆွေးနွေးပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ဆွေးနွေးပွဲကို စတင်ခဲ့သည်။ ဆွေးနွေးပွဲသို့ ဌာနဆိုင်ရာများ၊ ရေလုပ်ငန်း



လုပ်ကိုင်သူများ၊ စီမံကိန်းကျေးရွာများမှ ဒေသခံများ တက်ရောက် ကြသည်။

ဆွေးနွေးပွဲတွင် ငါးသယံဇာတထိန်းသိမ်းရေးလုပ်ငန်းတွင် မိမိဆန္ဒဖြင့်ပူးပေါင်းခြင်း သဘောတူညီချက်မူဝါဒ (မူကြမ်း) ကို Fauna & Flora–Myanmar မှ အကြံပေးပညာရှင် Dr. Philip Dearden က ဦးဆောင်၍ ရှင်းလင်းဆွေးနွေးပြီး တက်ရောက် လာကြသူများဖြင့် ဆွေးနွေးကာ ဆွေးနွေးပွဲရလဒ် ရှင်းလင်း ချက်များကို သဘောတူညီချက်ရယူခြင်းများ ဆောင်ရွက်ခဲ့ကြ ကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**

# စစ်ကိုင်းပညာရေးတက္ကသိုလ်၌ အတန်းပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**စစ်ကိုင်း ဇန်နဝါရီ ၁၄**

စစ်ကိုင်းပညာရေးတက္ကသိုလ်တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အတန်းပေါင်းစုံ အမျိုးသား အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၄ ရက် နံနက် ၉ နာရီက အဆိုပါတက္ကသိုလ်ရှိ အားကစားကွင်း၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသား အမျိုးသမီး မီတာ ၁၀၀၊ မီတာ ၂၀၀၊ မီတာ ၄၀၀ တစ်ဦးချင်းပြိုင်ပွဲနှင့် မီတာ ၄၀၀ လက်ဆင့်ကမ်းပြိုင်ပွဲများ ပါဝင်ပြီး အတန်းပေါင်းစုံမှ ကျောင်းသား ကျောင်းသူ ၈၅ ဦးတို့က ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ ဆုရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား စစ်ကိုင်းပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ မြတ်မြတ်သော်၊ ဒုတိယပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ခဲ့ကြသည်။

စစ်ကိုင်းပညာရေးတက္ကသိုလ်အနေဖြင့် အားကစားမျိုးစုံပြိုင်ပွဲများကို နှစ်စဉ် ပညာသင်နှစ်အလိုက် စဉ်ဆက်မပြတ် ကျင်းပဆောင်ရွက်ပေးလျက်ရှိကြောင်း သိရ သည်။

**ခရိုင်(ပြန်/ဆက်)**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၁၄-၁-၂၀၂၅ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့် အလှူရှင်များစာရင်း

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၉၈၇၄။ | ကိုတင်မောင်ဆွေနှင့် ကိုထက်ဖြိုးအောင်နှင့်အဖွဲ့များ ကောင်းမှု | ၁၀၀၀၀၀၀၀ |
| ၉၈၇၅။ | ဦးထွန်းအေးနှင့်ဇနီး ဒေါ်စန်းစန်းဦးမိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၉၈၇၆။ | ကျေးဇူးတို့အားရည်စူး၍ ဒေါ်စန်းစန်း၊ ဒေါ်ခင်သန်းနွဲ့၊ (မြေး)မောင်အောင်ဝင်းထက်ဟိန်းမိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၉၈၇၇။ | ဦးဟိန်းသုဟန်နှင့်ဇနီး ဒေါ်နှင်းဝတ်ရည်၊ ဒေါ်မြင့်သူဇာမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၉၈၇၈။ | ဒေါ်အမာတင်မှ ဗိုလ်ကြီးရှိန်းဇာနည်ထွန်း မွေးနေ့ကောင်းမှု | ၃၀၀၀၀၀ |
| ၉၈၇၉။ | ဒေါ်ကျင်သိန်း ကောင်းမှု | ၂၀၀၀၀၀ |
| ၉၈၈၀။ | ဦးစံငွေနှင့်ဇနီး ဒေါ်ခင်မေရီထွန်း၊ သား၊ သမီး၊ မြေးများကောင်းမှု | ၂၀၀၀၀၀ |
| ၉၈၈၁။ | ဦးဝင်းမြိုင်နှင့်ဇနီး ဒေါ်အေးမိုးသူ၊(သမီး)မအိန္ဒြာမိုရ်ဝင်းမြိုင် မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၉၈၈၂။ | ကွယ်လွန်သူနှစ်ဖက်မိဘမောင်နှမများနှင့် ခင်ပွန်းဦးဝင်းမြင့်တို့အားရည်စူး၍ ဒေါ်သန်းရီ၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၂၀၀၀၀၀ |
| ၉၈၈၃။ | ဆရာတော်ဦးစန္ဒဝရကောင်းမှု | ၁၁၀၀၀၀ |
| ၉၈၈၄။ | ဦးသိန်းလွင်နှင့်ဇနီး ဒေါ်နွဲ့နွဲ့ဟန်မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၉၈၈၅။ | ဦးကျော်ရွှေနှင့်ဇနီး ဒေါ်သန်းဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၈၈၆။ | ဦးကိုကိုလေးနှင့်ဇနီး ဒေါ်ထွေးထွေးရီ၊ သား၊ သမီး၊ မြေး တစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၉၈၈၇။ | ကွယ်လွန်သူဦးထွန်းလှိုင်အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၈၈၈။ | ဦးထွန်းလင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၈၈၉။ | ဦးရဲလှထွန်းကောင်းမှု | ၁၀၀၀၀၀ |
| ၉၈၉၀။ | ကွယ်လွန်သူဒေါ်ခင်သန်းနုအားရည်စူး၍ ဒေါ်ရူပလှိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၈၉၁။ | ကွယ်လွန်သူ ဗိုလ်ရဲချစ်အားရည်းစူး၍ မိခင်ဖြစ်သူဒေါ်မြရွှေကောင်းမှု | ၁၀၀၀၀၀ |
| ၉၈၉၂။ | ကွယ်လွန်သူ ဗိုလ်မှူးချုပ်သိန်းထွန်း(ငြိမ်း)အားရည်စူး၍ ဒေါ်ခင်ကြိုင်ထွန်း သား/သမီး/မြေးတစ်စုကောင်းမှု | ၁၅၀၀၀၀ |
| ၉၈၉၃။ | Dr အောင်မွန်နှင့်ဇနီး ပါမောက္ခ Dr ချယ်ရီသန်းသန်းတင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၈၉၄။ | ဦးသီဟဝင်းနှင့်ဇနီး ဒေါ်ဇင်မာခိုင်၊ (သား)မောင်စွမ်းရည်ထွဋ်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၈၉၅။ | ကွယ်လွန်သူမိဘနှစ်ပါးအားရည်စူး၍ ဦးဇော်မင်းဦးနှင့်ဇနီး ဒေါ်လှဲ့လှဲ့စိုး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၈၉၆။ | ဦးသန်းငွေနှင့်ဇနီး ဒေါ်မြမြဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၈၉၇။ | မိဘများကိုအမှူးထား၍ ဒေါ်ပိုပိုအောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၈၉၈။ | ဦးသိန်းထွန်းနှင့်ဇနီး ဒေါ်နန်းထွန်းရွှေမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၈၉၉။ | ကွယ်လွန်သူမိဘများဖြစ်သော ဦးကုလားကြီးနှင့် ဒေါ်ငြိမ်းညွန့်အား ရည်စူး၍ သမီး ဒေါ်ပြုံးရီ၊ ဒေါ်ငွေးကြည်ကောင်းမှု | ၁၀၀၀၀၀ |
| ၉၉၀၀။ | ဒေါ်ခင်မြ၊(သမီး)မစင်ဒီချမ်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၉၀၁။ | ကွယ်လွန်သူ နှစ်ဖက်မိဘများအားရည်စူး၍ ဦးမင်းမင်းကြည်နှင့်ဇနီး ဒေါ်အေးအေးမွန်၊ (သား)မောင်အံ့သူကျော်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၉၀၂။ | ကွယ်လွန်သူသားကြီးဝေယံဦးအားရည်စူး၍ ဦးဝင်းအောင် နှင့်ဇနီး မိခင်ဒေါ်ခင်မြင့်ရည်၊ (မြေး)မမေသော်ဝတီဝေ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၉၀၃။ | ဦးမြင့်ဇော်နှင့်ဇနီး ဒေါ်ဝါဝါလှိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၉၀၄။ | ဦးရဲခေါင်နှင့်ဇနီး ဒေါ်ခိုင်မေဦးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၉၀၅။ | ဦးမျိုးမြင့်သန်းနှင့်ဇနီး ဒေါ်သူဇာနွယ်ဦးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၉၀၆။ | ကွယ်လွန်သူ ဦးမြင့်လွင်အားရည်စူးပြီး ဒေါ်ကြည်ကြည်ဦး အားအမှူးထား၍ (သား)ဦးအောင်သူဟိန်းနှင့်ဇနီး ဒေါ်သက်သက်ခိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၉၀၇။ | ဒေါ်မြင့်မြင့်သန်းနှင့် ဒေါ်မြင့်မြင့်အေးမိသားစုကောင်းမှု | ၉၀၀၀၀ |
| ၉၉၀၈။ | ဦးအောင်ပြည့်ဖြိုးမိသားစုကောင်းမှု | ၇၀၀၀၀ |
| ၉၉၀၉။ | ဒေါ်ငွေးငွေးမြင့် မိသားစုကောင်းမှု | ၅၅၀၀၀ |
| ၉၉၁၀။ | ဦးမောင်မောင်ကြည်နှင့်ဇနီး ဒေါ်ခင်အေးမြင့်မိသားစု ကောင်းမှု | ၅၀၀၀၀ |
| ၉၉၁၁။ | ဦးစံကိုကိုနှင့်ဇနီး ဒေါ်ယမင်းဟန်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၉၁၂။ | ဒေါ်အေးအေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၉၁၃။ | ဦးစိုးတင့်နှင့်ဇနီး ဒေါ်ခင်ခင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၉၁၄။ | ဦးစိုးမိုးနှင့်ဇနီး ဒေါ်သင်ဇာအောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၉၁၅။ | ဦးကျော်ရွှေနှင့်ဇနီး ဒေါ်အေးမာမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၉၁၆။ | ကွယ်လွန်သူနှစ်ဖက်မိဘများနှင့်ဇနီးဒေါ်သန်းအေးတို့အား ရည်စူး၍ ဦးအောင်သန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၉၁၇။ | ကိုရှိုင်းစိုးဇော်နှင့်ဇနီး မတင်နီလာရှင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၉၁၈။ | ဦးကျော်မောင်နှင့်ဇနီး ဒေါ်မြင့်မြင့်ကြည်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၉၁၉။ | ဒေါ်ခင်သန်းဝေမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၉၂၀။ | ကွယ်လွန်သူ ဦးစန္ဒာ+အဘွားဒေါ်ရွှေဖန်၊ ဦးကျော်မြင့်+ မိခင်ကြီး ဒေါ်နန်းလှလှသန်း၊ အဒေါ် ဒေါ်နန်းမြမြသန်းတို့အား ရည်စူး၍ မနန်းသင်းသင်းဆွေကောင်းမှု | ၅၀၀၀၀ |
| ၉၉၂၁။ | ဦးကျော်ခင်နှင့်ဇနီး ဒေါ်မြင့်မြင့်သန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၉၂၂။ | ဦးကျော်ဆွေနှင့်ဇနီး ဒေါ်ခင်မြင့်ရီ၊ (သမီး)မရည်မွန်ဆွေမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၉၂၃။ | ဦးကျင်ပိန်နှင့်ဇနီး ဒေါ်တင်ကြည်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၉၂၄။ | ကွယ်လွန်သူဖခင်ကြီး ဦးစိုးသိန်းနွယ် သမီး/မြေးကောင်းမှု | ၅၀၀၀၀ |
| ၉၉၂၅။ | မိဘများအားအမှူးထား၍ ဦးဝင်းနိုင်နှင့်ဇနီး ဒေါ်ဆုမွန်ထွေး မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၉၂၆။ | ဦးဟုတ်စိန်နှင့်ဇနီး ဒေါ်ကြင်ကြင် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၉၂၇။ | ဦးကျော်မင်းနှင့်ဇနီး ဒေါ်မာလာရီ၊ (သမီး)မဖြူစင်ကျော်မင်း မိသားစုကောင်းမှု | ၅၀၀၀၀ |
**ဦးမျိုးမင်းဟိန်း** — **အထက်တန်းရှေ့နေ (စဉ် – ၅၆၁၃၉)**

**ဦးကောင်းမြတ်ဇော်** — **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၇၉၂)**

**အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်တထောင်၊ အ.ထ.က(၅)မှ ဒုတိယအလယ်တန်းပြဆရာမ ဒေါ်ခင်ဆန်းဝင်း [၁၂/ဗတထ (နိုင်) ၀၁၄၇၀၄]၏ ဖခင် ဦးအုန်းသွင် (ခ) ဦးအုံးသွင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၁ တိုးချဲ့ရပ်ကွက်၊ ဦးဝိစာရလမ်း၊ တိုက်–၄၆(E1)၊ မဟာမြိုင်အိမ်ရာနေ ကျွန်မ ဒေါ်မေချမ်းမြေ့ [၁၂/ဒဂမ(နိုင်)၀၄၇၀၆၁] ကိုင်ဆောင်သူ၏ ဖခင်အမည်မှာ ဦးဇော်ဝင်းသောင်းနှင့် ဦးဇော်ဝင်းသန်းမှာ တစ်ဦးတည်းဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကြေးတိုင်စု(၁)လမ်း၊ ပိန္နဲကုန်းရပ်ကွက်၊ အမှတ်(၂၉)၊ ဒုတိယထပ်၊ သုံးလွှာ(ခေါင်းရင်းခန်း)၊ အကျယ်အဝန်း(၁၈x၅၄)ပေရှိ လူနေထိုင်ရန်အသင့်ရှိသော ရေ/မီးအစုံပါတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

အထက်ပါတိုက်ခန်းအား အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားသူများဖြစ်သော ဦးစိုးသီဟ + ဒေါ်ဝါဝါနိုင် [၇/ဖမန(နိုင်)၀၉၅၀၅၀]မှ အဆိုပါ တိုက်ခန်းအား မိမိတို့သာ တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရာ တိုက်ခန်းရောင်းဖိုးငွေ၏ စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤတိုက်ခန်းအရောင်းအဝယ်ကို ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား (စာရွက်စာတမ်းမူရင်းများ)နှင့်တကွ ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ပြီးဆုံးသည်အထိ လုပ်ဆောင်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်ဝေမာလင်း၏လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ငြိမ်းငြိမ်း (LL.B)(D.B.L)**

**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၅၈၉၇)**

**အမှတ်(၈၃)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊**

**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း– ၀၉–၄၂၅၂၈၆၀၄၂၊ ၀၉–၇၆၀၈၁၁၇၇၆**

## ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၃၇)၊ သုခမိန်လမ်း၊ မြေကွက်အမှတ်(၄၀၇) ဟုခေါ်တွင်သော (၄၀ × ၆၀)ပေအနက်မှ တရားဝင် မခွဲမစိတ်ရသေးသည့်(အမှတ်–၄၀၈ နှင့်ကပ်လျက်)မြေကွက်ကိုလမ်းပေါ်မှ မျက်နှာမူပါက ညာဘက်/ခြေရင်းခြမ်း၊ (၂၀ × ၆၀)ပေ ရှိသည့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေကို အပြီးအပိုင်ဝယ်ယူခြင်းအား ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ဖော်ပြပါမြေနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို စာချုပ်အဆက်အစပ်ဖြင့်ပိုင်ဆိုင်သူ **ဦးစန်းမောင် ( ၁၂/အလန(နိုင်)၀၂၆၃၃၃ )**ထံမှ ကျွန်ုပ်တို့မိတ်ဆွေဖြစ်သူ **ဒေါ်မြင့်မြင့်မော် ( ၁၂/တမန(နိုင်)၁၀၀၉၀၉ )**က အပိုင်ဝယ်ယူရန် မြေကွက်၏တန်ဖိုးငွေအနက်မှ ( ၁၃–၁–၂၀၂၅ )ရက်နေ့တွင် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ( ၁၀ )ရက်အတွင်း တရားဝင်ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်သည်။ ၎င်းနေ့ရက်ကို ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **ဒေါ်မြင့်မြင့်မော်** ၏ လွှဲအပ်ညွှန်ကြားချက်အရ–

**ဦးမြတ်မင်းသိန်း(LL.B)** — DL.101(IP),WIPO(Switzerland) — တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၇၀၃)

**ဒေါ်သက်သက်ဆွေ(LL.B)** — DL.101(IP),WIPO(Switzerland) — အထက်တန်းရှေ့နေ(စဉ်–၄၆၀၅၄)

အမှတ်(၄၄၅)A-4၊ ကောလိယလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။

Phone no - 09-968 245 587 , 09-448 031 054 .

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်– ၅၊ နည်းဥပဒေ– ၂၀)
## ဒေါပုံမြို့နယ်တရားရုံးတော်၌
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၂၆

ဦးဉာဏ်ဝင်းကျော် (တရားလို) နှင့် ဦးမင်းသူ (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗမာအေးရပ်ကွက်၊ အေးစေတီလမ်း၊ အမှတ် (၁၉၉)ရပ်နေ (ယခုနေရပ်လိပ်စာမသိသူ) တရားပြိုင် ဦးမင်းသူ သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ပဋိညာဉ်အတိုင်း အိမ်နှင့်မြေအား အရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်ပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၂၄)ရက် (၁၃၈၆ ခုနှစ်၊ ပြာသိုလဆုတ် ၁၁ ရက်)၊ မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ပါရှိသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ ဇန်နဝါရီလ (၁၄)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်ရဲထက်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ဒေါပုံမြို့နယ်တရားရုံး**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်– ၂၁၊ နည်းဥပဒေ– ၂၂)
## အင်းစိန်ခရိုင်တရားရုံးတော်
## ၂၀၁၈ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၁၂၄
## (ယခင်ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး)နှင့်ဆက်နွှယ်သည့်
## ၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ် – ၁၄၂

Autumn Dream Group Of Companies (၎င်း၏ကိုယ်စား တာဝန်ပေးအပ်ခြင်းခံရသူ ဒါရိုက်တာဦးလုံဂျွန်း) **(ဒီကရီအနိုင်ရသူ)** နှင့် Shwe Moe Group Construction Co.,Ltd **(တရားရှုံး)**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ ဗိုလ်ဗထူး (၉)လမ်း၊ အမှတ် (၅/၁၂၅)နေ Shwe Moe Group Construction Co.,Ltd (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

(ယခင် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး) ၂၀၁၈ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၁၂၄ တွင်ကျရှိသည့် ဒီကရီအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် Autumn Dream Group Of Companies (၎င်း၏ကိုယ်စား တာဝန်ပေးအပ်ခြင်းခံရသူ ဒါရိုက်တာဦးလုံဂျွန်း)က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ (သို့မဟုတ်) အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်၊ (၁၃၈၆ ခုနှစ်၊ ပြာသိုလဆုတ် ၁၀ ရက်) နေ့ မွန်းမတည့်မီ(၁၀)နာရီ အချိန်တွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ၊ ၂ရက်နေ့၌ ဤရုံးတော်တံဆိပ်ခတ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စောထွန်းအေး)**
**ဒုတိယခရိုင်တရားသူကြီး(၅)**
**အင်းစိန်ခရိုင်တရားရုံး**

**မိတ္တာမေတ္တာ**

ဒဂုံမြို့သစ်ဆိပ်ကမ်း အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း ရွှေပေါက်ကံမြို့နယ်ရှိ မြေကွက်များ ဈေးကောင်းပေးဝယ်လိုသည်။

09 40 70 80 736

## "အများသိစေရန်"

ကျွန်တော် ဦးစည်သူမြင့် [၁၂/သဃက(နိုင်) ၀၀၂၆၃၁] နှင့် ဒေါ်ဇင်မာလွင် [၁၂/ဥကတ (နိုင်) ၁၃၃၈၈၅]တို့သည် (၁၄-၁-၂၀၂၅)ရက်နေ့တွင် တောင်ဥက္ကလာပမြို့နယ်တရားရုံး၌ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးပါကြောင်းနှင့် နောက်နောင်တွင် မည်သည့်ကိစ္စရပ်များနှင့် ပတ်သက်ဆက်နွှယ်မှု မရှိတော့ပါကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ဦးစည်သူမြင့်**
**[၁၂/သဃက(နိုင်)၀၀၂၆၃၁]**

## အများသိစေရန် ကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ် (၇၃၇/ခ)၊ ၁၂၀၀၈/ပေ၊ မြေကွက်တည်နေရာအမှတ် (၇၃၇/ခ)၊ ဣန္ဒာ (၁၀)လမ်း၊ (၄) ရပ်ကွက်၊ ဦးကျော်ဝင်း [၁၂/ဥကမ (နိုင်) ၁၃၃၉၄၈] အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား မြေအမည်ပေါက် ဦးကျော်ဝင်းထံမှ အမွေဆက်ခံပိုင်ဆိုင်စာချုပ် အမှတ်–၆၁၂/၂၀၂၄ (၂၃-၁-၂၀၂၄)ဖြင့် ပိုင်ဆိုင်လာသူ ဦးကြည်လွင်ဦး [၁၂/ဥကမ (နိုင်) ၁၆၆၆၂၉]၊ ဒေါ်ဆုမွန်ကျော် [၁၂/ဥကမ (နိုင်) ၂၀၈၇၂၁]တို့မှ ဂရန်မိတ္တူလျှောက်ထားလာခြင်းအပေါ် ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ဆောင်ရွက်၍ ကန့်ကွက်သူမရှိသောကြောင့် အမှုတွဲအမှတ်– မဥ/ဂရန်မိတ္တူ– ၂၀၂၄၀၁၀၂၄၃ (၆-၃-၂၀၂၄) ဖြင့် ဂရန်(မိတ္တူမှန်) လျှောက်ထားခြင်းကို ခွင့်ပြုပြီးဖြစ်ပါသဖြင့် မြို့မြေစာရင်းတွင် မြေငှားစာချုပ်အမှတ်– မဥ/၄–၃၀၈/၉၃/ ၂၀-၉-၉၃ ဖြင့် ထုတ်ပေးထားသည့် မူရင်းဂရန်ကို ပယ်ဖျက်ပြီးဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစိုးသူရအောင်[၁၂/ဥကတ(နိုင်)၁၆၆၅၇၀] သည် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၁၀၆)၊ မြေကွက်အမှတ်(၁၁၉၄)၊ ဧရိယာ (၁၀x၆၀)ပေရှိ ပါမစ်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဆက်စပ်စာချုပ်ဖြင့် တရားဝင် ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုလာသူ ဦးကျော်ဘုန်းလင်း [၁၂/သဃက(နိုင်) ၀၄၆၈၈၆]ထံမှ တရားဝင်ဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့်စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤသတင်းစာ ကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကိစ္စ အထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိုးသူရအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နိုင်နိုင်ဝင်း**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၅၈၅)**
**တိုက်(၃)၊ အခန်း(၁၀၆)၊ အရှေ့အောင်မြေသာစည်၊ ကမာရွတ်မြို့နယ်။**
**ဖုန်း– ၀၉–၉၄၁၄၅၆၂၆၂၊ ၀၉–၂၆၂၆၆၂၃၉၉၊ ၀၉–၇၉၅၆၆၉၃၂၆**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မြင့်မြင့်ရီ [၁/မကန(နိုင်) ၀၄၇၂၈၁] သည် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၃၂/စီ)၊ မြေကွက်အမှတ်(၁/၇၉)၊ ဧရိယာ (၈၉x၁၀၀)ပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်ပိုင်ဆိုင်သူဖြစ်သော ဒေါ်မိုမို [၁၂/ဗဟန(နိုင်) ၀၀၆၄၆၉]ဂရန်အမည်ပေါက်ထံမှ တရားဝင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့်စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤသတင်းစာကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စ အထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြင့်မြင့်ရီ ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နိုင်နိုင်ဝင်း**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၅၈၅)**
**တိုက်(၃)၊ အခန်း(၁၀၆)၊ အရှေ့အောင်မြေသာစည်၊ ကမာရွတ်မြို့နယ်။**
**ဖုန်း– ၀၉–၉၄၁၄၅၆၂၆၂၊ ၀၉–၂၆၂၆၆၂၃၉၉၊ ၀၉–၇၉၅၆၆၉၃၂၆**

# ရွှေတိဂုံစေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းတော်ကပ်လှူပူဇော်ပွဲ

# ကုသိုလ်ပြုနိုင်ရေးနှိုးဆော်လွှာ



ဒါနကုသိုလ်ပြုမယ်

ရွှေတိဂုံစေတီတော် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်း

70349401001

Call Center : 3211 www.kbzpay.com

ရွှေတိဂုံစေတီတော်မြတ်ကြီးအား ၂၀၂၄ ခုနှစ် စက်တင်ဘာလမှစ၍ လုံးတော်ပြည့် ရွှေသင်္ကန်းတော်ကပ်လှူခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိပါသည်။ သဒ္ဓါကြည်လင် ပါရမီရှင်များမှ သဒ္ဓါတရားနည်းများမဆို ကုသိုလ်ယူ ပါဝင်လှူဒါန်းနိုင်ပါရန်အတွက် ၂၀၂၅ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်းအစီအစဉ်တွင် KBZ Pay မှလည်း QR Code ဖတ်၍ကုသိုလ်တော်ပါဝင်၍ လှူဒါန်းနိုင်ပါကြောင်းနိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။


## ကန့်ကွက်နိုင်ကြောင်းကြေညာစာ

ရန်ကုန်တိုင်းဒေသကြီး၊လသာမြို့နယ်(၈)ရပ်ကွက်၊ ကျုံးကြီးလမ်းနှင့် ၂၄လမ်းထောင့်၊ တိုက်အမှတ်(၉/၂၃)၊ အခန်းအမှတ်(၃၀၁)၊ အကျယ်အဝန်း(၁၄၀၀–၁၅၀၀)စတုရန်းပေခန့်ရှိ (၃)လွှာ(ဒုတိယထပ်)တိုက်ခန်း ရေမီးအစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဦးအောင်သင်း(၁၂/လမတ(နိုင်)၀၂၉၈၄၃)ပါ–၁ ဦးတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြေညာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ– ဒေါ်ခင်အေးမြင့် (စဉ်–၇၁၅၈)
LL.B, LL.M, D.B.L
တရားလွှတ်တော်ရှေ့နေ
အမှတ် (၁၇၈)၊ မြေညီ၊ ၃၄ လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၅၁၈၆၀၄၅

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၆)၊ မြေကွက်အမှတ်(၂၀၃)၊ မြေကွက်တည်နေရာ အမှတ်၂၀၃၊ ဗိုလ်စောဦးလမ်း၊ ၄၆–ရပ်ကွက်၊ ဒဂုံမြောက်(ဦးဘိုစိန် AD–၀၅၀၃၃၀)၊ [၁၂/အလန(နိုင်)၀၀၈၄၈၈] အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်ဂရန်မြေအား ဂရန်အမည်ပေါက် ဦးဘိုစိန်(ဖခင်) နှင့် ဒေါ်ထွေးရီ(မိခင်)တို့ အသီးသီးကွယ်လွန်သဖြင့် ၎င်းတို့မှ မွေးဖွားသည့် သားသမီးများ ဖြစ်ကြသော ဒေါ်ရွှေကြည် [၁၂/အလန(နိုင်)၀၀၈၄၉၃]၊ ဒေါ်သန်းသန်းထွေး [၁၂/အလန(နိုင်)၀၃၃၈၉၈]၊ ဒေါ်ထွေးထွေးပို [၁၂/အလန(နိုင်)၀၀၈၄၉၄]၊ ဒေါ်နွယ်နွယ်ထွေး [၁၂/အလန(နိုင်)၀၃၃၈၉၉]၊ ဒေါ်ဝေဝေမြင့် [၁၂/သကတ(နိုင်)၁၅၄၇၀၁]တို့မှ ကွယ်လွန်သူမိဘများ၏ သားသမီးများ ဖြစ်ကြောင်း၊ ကွယ်လွန်သူ မိဘများတွင် မိမိတို့ညီအစ်မ (၄)ဦးသာ မွေးဖွားခဲ့ပြီးအခြားသော သားသမီးများ ကိတ္တိမမွေးစားသားသမီးများ တစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ မိမိတို့မှာမြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အထက်ပါမြေကွက်၏ အစုအားပိုင်ဆိုင်ပြီး ဒေါ်ဝေဝေမြင့်မှ အရောင်းအဝယ်စာချုပ်အမှတ်–၃၀၅၆/၂၀၁၇ ဖြင့် မြေကွက်ကြီး၏ (၂၀x၆၀)ပေအား ဝယ်ယူပိုင်ဆိုင်သူ ဒေါ်ဝေဝေမြင့် နှင့် ကျန်တစ်ခြမ်းပိုင်ဆိုင်သူ ဒေါ်ရွှေကြည် +၃ နှင့် ပေါင်း၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ပေ–၅၀လမ်း၊ တိုက်အမှတ်(၃၇)၊ နှစ်ခန်းတွဲ (၆)ထပ်တိုက်၏ (၆)လွှာ(အေ)၊ ခေါင်းရင်းခန်း၊ အလျား ( ၁၂ ½ ပေ x အနံ ၅၀ပေ )အကျယ်အဝန်းရှိ တိုက်ခန်းနှင့် ရေ+မီးအစုံ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ဝင်းဝင်းအောင် [၁၁/စတန(နိုင်)၀၀၀၈၀၁]ကိုင်ဆောင်သူမှ ၎င်းတရားဝင်ပိုင်ဆိုင်ကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ တာဝန်ယူကြောင်း ဝန်ခံကတိပြု၍ ရောင်းချလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဒေါ်သိင်္ဂီမြင့် [၁/မကတ(နိုင်)၀၆၆၉၄၄]နှင့် ဒေါ်အေးနွယ်[၈/ပခက(နိုင်)၁၉၃၅၆၅]ကိုင်ဆောင်သူတို့မှ ရောင်းချသည့်တန်ဖိုးဖြင့်ပင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ တိုက်ခန်းဝယ်ယူမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ ရက်သတ္တ(တစ်ပတ်) (၇)ရက်အတွင်း စာချုပ်စာတမ်း(မူရင်း)အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအပြီးအပိုင်အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သိင်္ဂီမြင့် [၁/မကတ(နိုင်)၀၆၆၉၄၄]နှင့် ဒေါ်အေးနွယ်**
**[၈/ပခက(နိုင်)၁၉၃၅၆၅]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သန်းသန်းစိုး**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၂၈၉၈) (၄–၁၂–၁၉၈၄)**
**တိုက်(၉/၁၁)၊ အခန်း(၁၀၃)၊ ပထမထပ်(စီ)၊ ၃၆လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph: 09–250022892, 09–443021827**

## “ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ လူနေရပ်ကွက်အမှတ်(၃)၊ မြေကွက်အမှတ်(၃၂၀/က)ဟု ခေါ်တွင်သော သာကေတမြို့နယ်၊၃/မာန်ပြေရပ်ကွက်၊မြင်တော်သာလမ်း၊ အမှတ်(၃၂၀/က)ဒေါ်အောင်စိန်ဖြူအမည်ပေါက်နှစ်(၆၀)ဂရန်မြေ အကျယ်အဝန်း ပေ(၂၀x၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ 3½ တိုက်၏ မြေညီထပ်နှင့်ပထမထပ်တိုက်ခန်းများအား မြေပိုင်မြေအခွင့်ရေးအပါအဝင်အကျိုးခံစားခွင့်အရပ်အားပိုင်ဆိုင်လက်ရှိဖြစ်ပြီး၎င်းတို့မှတရားဝင်အမွေဆက်ခံပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးသန့်ဇင်၊ ဦးသန်းတင့်၊ ဦးသန်းဆွေ၊ ဒေါ်သဇင်စိုးတို့ထံမှ ကျွန်ုပ်တို့မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်၍ အရောင်းအဝယ်အားကန့်ကွက်လိုသူ များရှိပါကပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်မို့မို့သော် ဒေါ်ဥမ္မာခင်
(စဉ်–၉၈၂၅/၂၀၁၄) (စဉ်–၉၆၃၂/၂၀၁၄)
တရားလွှတ်တော်ရှေ့နေများ
ဖုန်း–၀၉–၄၃၀၇၃၈၁၅ ၊ ၀၉–၇၈၀၀၇၃၉၆၁

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၈)၊ လူနေရပ်ကွက်အမှတ်(၂၈)၊ မြေကွက်အမှတ်(၁၂၆)၊ ဧရိယာ(၄၀ ပေ x ၆၀ ပေ)ပေါ်တွင် တည်ရှိသော တိုက်အမှတ်(၁၀/၁၂၆)၊ (ခေါင်းရင်းခြမ်း)၊ (၄)လွှာ၊ မဟာဗန္ဓုလလမ်း၊ (၂၈)ရပ်ကွက်၊ ဧရိယာ(၁၈. ၅ ပေx ၅၅ ပေ) အကျယ်ရှိ တိုက်ခန်းနှင့် ထိုတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဖြစ်သော ဒေါ်အေးသန်း [၁၂/လသန(နိုင်)၀၀၁၆၂၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးခွဲဟိန်းဝင့် [၇/တငန(နိုင်)၁၈၆၃၄၉]က အပြီးအပိုင်ဝယ်ယူရန် အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ အရောင်းအဝယ်ပြုလုပ်သည့် တိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်၊ ရပိုင်ခွင့်ရှိသူအပြင် အခြားမည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသည့်မူရင်း စာရွက်စာတမ်း အထောက်အထားများဖြင့် လာရောက်ကန့်ကွက်ရန် ဖိတ်ခေါ်အပ်ပါသည်။ အကယ်၍ သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ ရောင်းဝယ်မှုကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သိင်္ဂီအောင် LL.B, Dip in Business Law**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၄၀၄)**
**အမှတ်(၁၉၉)၊ ဗိုလ်နက်ကျော်လမ်း၊ (၄၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၃၀၆၆၄၁၈**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ လူနေရပ်ကွက်အမှတ်(၈)၊ နဝရတ်လမ်း၊ မြေကွက်အမှတ်(၂၇၅/က)ဟု ခေါ်တွင်သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်မြင့်မြင့်မော်အမည်ဖြင့် မှတ်သားတည်ရှိသော အကျယ်အဝန်း (၂၀ x ၆၀)ပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မြင့်မြင့်မော် [၁၀/သဖရ(နိုင်)၀၄၁၆၇၀]ကိုင်ဆောင်သူမှ ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဦးသီဟစော [၁၀/သထန(နိုင်)၁၇၄၆၇၁]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးသီဟစော၏ လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်ဖြူဝေဝေအောင် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၈၂၅၀)**
**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၇၇၇၂၉၁၇၇၅၊ ၀၉–၄၅၂၄၁၆၃၀၉**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၂၈၊ ဆရာစံလမ်း၊ မြေကွက်အမှတ်(၁၀၀၂/ခ)၊ မြေဧရိယာ–၀.၀၂၇၅ဧကရှိ မြေကွက်သည် ဒေါ်စောမိသီ[၁၂/ဥကတ(နိုင်) ၁၀၁၈၆၂]အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်ဖြစ်ပြီး ယင်းမြေကွက်နှင့် မြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အားလုံးတို့အား အရပ်ကတိစာချုပ်ဖြင့် လွှဲပြောင်းဝယ်ယူထားသူ ဒေါ်ယုယုစိန်[၁၂/ဒဂတ(နိုင်)၀၄၇၆၁၈]က ၎င်းသာတရားဝင်ရောင်းချပိုင်ခွင့်ရှိပြီး အပေါင်အနှံ အရှုပ်အရှင်းလုံးဝကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ရောင်းချသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ခင်နွယ်ဦး[၁၃/နခန(နိုင်)၀၀၅၄၀၆]မှ အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့အား အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းချသူ ဒေါ်ယုယုစိန်[၁၂/ဒဂတ(နိုင်)၀၄၇၆၁၈]ထံသို့ စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့် စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာပါရှိသည့် နေ့ရက်မှစ၍ (၃)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်အတူ ကျွန်ုပ်တို့ထံသို့ ရုံးချိန်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်ခင်နွယ်ဦး၏လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ဇင်ဇင်နိုင် ( LL.B), D.B.L** | **ဦးချစ်စန်းနိုင် ( LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၀၉၂)** | **အထက်တန်းရှေ့နေ(စဉ်–၃၉၇၁၄)** |

**အမှတ်(၁၁၄၄)၊ အောင်သုခ(၂၁)လမ်း၊ ၆/အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၂၅၄၄၈၆၅၅၈၊ ၀၉–၂၅၄၁၁၀၆၈၈**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

**အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ**
**မဟာစေတျာရာမ ဘုရားကြီးကျောင်းတိုက်**
**ဩဝါဒါစရိယ နဝဓုတင်္ဂါစာရဆရာတော်ဘုရားကြီး**
**ဘဒ္ဒန္တပညာသာရ (ဟသ်ာတမြို့ )**
**သိက္ခာတော်(၅၂)ဝါ၊ သက်တော်(၇၆)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတမြို့၊ ဘုရားကြီးရပ်ကွက်၊ မဟာစေတျာရာမ ဘုရားကြီးကျောင်းတိုက်၏ ဩဝါဒါစရိယဆရာတော် ဖြစ်တော်မူသော ဘဒ္ဒန္တပညာသာရ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) နဝဓုတင်္ဂါစာရ မဟာထေရ်မြတ်ကြီး သည် (၁၃၈၆ခုနှစ်၊ ပြာသိုလပြည့်နေ့) ၁၃-၁-၂၀၂၅ (တနင်္လာနေ့) နံနက် ၅:၅၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၆ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်) ၁၉-၁-၂၀၂၅ (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ဟသ်ာတမြို့၊ နတ်မော်ရွာ၊ ဗုဒ္ဓမဏ္ဍိုင်အပြည်ပြည်ဆိုင်ရာပဋ္ဌိပတ္တိဌာန (၁၀၈)ခန်းကမ္မဋ္ဌာန်းတိုက်ကြီးနှင့် ကပ်လျက် ဗုဒ္ဓမဏ္ဍိုင်မွေးပွင့်ဟောစံသတ္တဋ္ဌာနဓာတ်တော်တိုက်ကြီးအတွင်းသို့ ပင့်ဆောင် ပူဇော်ထားရှိမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

**စျာပနကော်မတီအဖွဲ့**
**ဘုရားကြီးကျောင်းတိုက်၊ ဟသ်ာတမြို့။**

---

### ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-သမိုင်း/၄၃၊ ဦးပိုင်အမှတ်(၃/က)၊ ဧရိယာ(၄.၄၉)ဧကရှိ အိမ်ရာမြေ အမျိုးအစား မြေကွက်ကြီးအနက်မှ တရားဝင်မခွဲမစိတ်ရသေးသည့် (၃၃ပေx၄၉ပေ)ရှိ အိမ်အမှတ်(၅)၊ ဝိဇ္ဇာလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်နေထိုင်၍ လက်ရှိပိုင်ဆိုင်ပြီး အမွေဆိုင်အရှုပ်အရှင်းကိစ္စတို့ကင်းရှင်းပါကြောင်းနှင့် တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများ (၁) ဒေါ်အုန်းမြင့်[၁၂/မရက(နိုင်)၀၆၁၈၈၆]၊ (၂) ဦးထွန်းမြင့်[၁၂/မရက(နိုင်)၀၆၁၈၈၄]၊ (၃)ဦးတင်စန်း[၁၂/မရက(နိုင်)၂၀၄၃၄၇]၊ (၄) ဒေါ်ချိုချိုမြင့် [၁၂/မရက(နိုင်)၀၆၀၈၂၅]၊ (၅) ဦးဝင်းနိုင်[၁၂/မရက(နိုင်)၀၆၁၈၈၅]၊ (၆) ဒေါ်အုန်းငွေ(ISN-၅၁၁၄၁၅)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)များ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း စာချုပ်စာတမ်းများနှင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကြည်ကြည်ထွေး (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၀၀)**
**အမှတ်(၁၆/ခ)၊ ရန်ကုန်လမ်း၊ (၆/၉)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-09-420058553, 09-799466954**

---

### ငွေချက်ထုတ်ရန်သမ္မန်စာ

**တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)**
**မရမ်းကုန်းခရိုင်တရားရုံးတော်၌**
**၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၂၂၁**

| | | |
|---|---|---|
| three Princess Companies Limited | နှင့် | ၁။ ဦးဇော်မြင့်ဦး |
| (ကုမ္ပဏီကိုယ်စားဦးဇာနည်တင်ဦး၊မန်နေဂျာ) | | ၂။ ဦးမျိုးသန့် |
| **တရားလို** | | **တရားပြိုင်များ** |

ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ ဟောင်းပါးကျေးရွာအုပ်စု၊ ဆယ်ဇင်းကျေးရွာအုပ်စု၊ ကျောက်ပုံရပ်ကွက်နေ တရားပြိုင်ဦးဇော်မြင့်ဦးနှင့်ဦးမျိုးသန့် (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

သင်တို့အပေါ်၌တရားလိုက "စက်ယန္တရား(၁)စီးလက်ရောက်ရလိုမှု (သို့မဟုတ်)စက်ယန္တရား၏ တန်ဖိုးငွေ(၅၆၁၆၀၀၀၀ဝိ/-)သိန်းရလိုမှုနှင့် စက်ယန္တရား ငှားရမ်းခကျန်ငွေ(၅၃၇၁၂၃၆ဝိ/-)+နောက်ကျ နစ်နာကြေးငွေ (၇၆၅၀၃၉၆ဝိ/-)၊ စုစုပေါင်းငွေ-(၁၃၀၂၁၆၃၂ဝိ/-)ကျပ်ရလိုကြောင်း" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ဇန်နဝါရီလ ( ၃၀ ) ရက်နေ့ (၁၃၈၆ခုနှစ်၊တပို့တွဲလဆန်း ၂ ရက်နေ့) မွန်းမတည့်မီ ၁၀:၀၀ နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငွေချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်သည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁၃) ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဖြူဝင်းငယ်)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**မရမ်းကုန်းခရိုင်တရားရုံး**

---

### ပတ်စ်ပို့ပျောက်

(ဘ) ဦးအောင်သိန်းဦး၏ သား ကျွန်တော် မောင်ဆက်နောင်ဦး [၁၄/ဖပန(နိုင်)၂၀၀၆၉၇] ၏ ပတ်စ်ပို့နံပါတ် (MG-191714) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-09-941491696**

---

### ပျောက်ဆုံးကြောင်း

(ဘ) ဦးအောင်ကျော်ဝင်း၏ သား မောင်ဟိဏ်းထက်အောင် [၁၂/ကမတ(နိုင်)၀၈၆၇၇၇] ၏ သင်္ဘောသား III/4 Certificate မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-09-795949594**

---

### "ရောင်းသူသိစေရန်"

ကျွန်ုပ်မိတ်ဆွေ ဒေါ်ကေခိုင်ကြည်မြ [၁၂/မရက(နိုင်)၁၁၂၀၂၁]သည် "ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မုဒိတာအိမ်ရာ(၂)၊ အခန်းအမှတ်(2B-438)"ဟုခေါ်တွင်သော တိုက်ခန်းအား အမည်ပေါက် ဦးစောထွန်းကြိုင်[၁၂/ပဘတ(နိုင်)၀၂၄၀၂၇]၏ အထူး ကိုယ်စားလှယ်စာရသူ ဦးမောင်ချေ[၁၁/မပတ(နိုင်)၀၃၉၉၁၁]နှင့် အရောင်းအဝယ်ပြုလုပ်ခဲ့ကြပြီး တိုက်ခန်းပိုင်ဆိုင်လက်ရှိဖြစ်သူဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေမှ မိမိအမည်ဖြင့် ဝယ်သူအမည်ပေါက်ပြောင်းလဲဆောင်ရွက်နိုင်ရန်အတွက် "တော်ဝင်မိသားစုကုမ္ပဏီ" သို့ ရောင်းသူကိုယ်စားလှယ်သည် ရောင်းသူ(အမည်ပေါက်)အား ခေါ်လာ၍ ဤကြော်ငြာပါသည့်နေ့မှ(၁၄) ရက်အတွင်း ကျွန်ုပ်မိတ်ဆွေနှင့်ဆက်သွယ်၍ မပျက်မကွက် အမည်ပြောင်းဆောင်ရွက်ပေးနိုင်ရန် အသိပေးကြေညာအပ်ပါသည်။ ကြော်ငြာရက်အတွင်း ဆက်သွယ်ဆောင်ရွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ တစ်ဖက်သတ် အမည်ပြောင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရန်နိုင်ဦး**
**အထက်တန်းရှေ့နေ(စဉ်-၄၆၇၁၆)**
**အမှတ်(၁၄၀)၊ ဒုထပ်၊ ၃၉-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၉၂၃၉၁**

---

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/အနော်မာ)၊ မြေကွက်အမှတ်-၂၅၉/ခ၊ အကျယ်အဝန်း (၂၀' x ၆၀' )၊ (၁၂၀၀) စတုရန်းပေ၊ (၀.၀၂၇၅) ဧကရှိ နှစ် (၆၀) မြေငှားဂရန်ဟုခေါ်တွင်ပြီး ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁/အနော်မာ) ရပ်ကွက်၊ အနော်မာ (၆) လမ်းအရှေ့၊ အမှတ် (၂၅၉/ခ) ဟုခေါ်တွင်သော မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆက်အစပ် အရောင်းအဝယ်ကတိစာချုပ်ဖြင့် တရားဝင် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဖြူဝေလွင် [၁၂/တမန(နိုင်)၁၁၄၄၀၆] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်အရောင်းအဝယ်ကိစ္စကို မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးသက်နိုင်ဦး [ LL.B, LL.M, MRes(Law), D.B.L]**
**အထက်တန်းရှေ့နေ (စဉ်-၃၆၉၃၃)**
**အမှတ် (၁၅)၊ မြေညီ၊ အထက်မန္တလေးလမ်းသွယ် (၃)၊ ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၉၇၅၀၂၁၈၄၁**

---

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး ၊ အလုံမြို့နယ်၊ အလုံလမ်း၊ Orchid Condo, ၈-လွှာ၊ တိုက်ခန်းအမှတ်-၈၆၊ အကျယ်အဝန်း(၂၈၀၅)စတုရန်းပေ အကျယ်ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသော ဒေါ်နှင်းလဲ့အောင် [၁၂/လသန(ဧည့်)၀၀၁၅၁၆]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် လူကိုယ်တိုင်ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီအရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဆုမွန်အောင် (LL.B, LL.M)**
**အထက်တန်းရှေ့နေ (စဉ်-၃၇၆၉၅)**
**အမှတ်-၁၉၆၊ စိန်မေရီဝင်း၊ ကျွန်းတောလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၃၁၇၄၆၄၈**

---

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ စကားဝါလမ်း၊ အမှတ် (၂၄၁)ဟု ခေါ်တွင်သော အကျယ်အဝန်း(၁၀ပေx၅၀ပေ)ရှိ မြေကွက်အား တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူ ဦးတင်ကိုကို [၁၂/ဥကမ(နိုင်)၁၅၅၄၄၅] ထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ချောစုလှိုင် [၁၂/ဥကမ(နိုင်)၀၀၁၉၃၂]၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးအောင်ဇော်ဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၇၈၂)**
**အမှတ်(၁၅)၊ ခိုင်ရွှေဝါလမ်း၊ မြဥယျာဉ်စိုက်ပျိုးရေးခြံ၊ (၄)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၈၄၆၅၈၇၁၊ ၀၉-၉၅၃၀၁၀၇၇၈**

---

### ဝယ်ယူပိုင်ဆိုင်ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ အထက်မင်္ဂလာလမ်း၊ အမှတ် (၁၂၀၅) ဟုခေါ်တွင်သော မြေရှင် ဒေါ်ခင်သန္တာ+၃ ဦးပိုင် မြေပေါ်တွင် ဆောက်လုပ်ထားသော (၂) ခန်းတွဲ၊ (၄)ထပ်တိုက်၏ မြေရှင် ဦးမင်းမင်းရရှိပိုင်ဆိုင်သည့် ဒုတိယထပ် (ခြေရင်းခြမ်း) (၁၁'-၅" x ၄၆') ပေရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်မြင့်ရီမ [၁၂/အစန(နိုင်)၁၂၁၀၄၇]က ပိုင်ရှင်ဖြစ်သူ ဦးမင်းမင်း [၁၂/အစန (နိုင်) ၁၄၀၄၀၇] ထံမှ (၁၃-၁-၂၀၂၅) ရက်နေ့တွင် နှစ်ဦးသဘောတူ တိုက်ခန်းအပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်ဖြင့် အပြီးအပိုင်ဝယ်ယူ၍ ပိုင်ဆိုင်မှုစာချုပ်စာတမ်းများနှင့်တကွ ယင်းတိုက်ခန်းအား လက်ရှိလက်ရောက်ရရှိပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်၍ အထက်ပါတိုက်ခန်းသည် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်မြင့်ရီမတစ်ဦးတည်းကသာလျှင် တရားဝင်ပိုင်ရှင်ဖြစ်ပါကြောင်းနှင့် အဆိုပါတိုက်ခန်းနှင့်ပတ်သက်ပြီး ဒေါ်မြင့်ရီမ၏ပိုင်ဆိုင်မှုအပေါ် မည်သူတစ်ဦးတစ်ယောက်ကမျှ နှောင့်ယှက်ခြင်း၊ ဟန့်တားခြင်း၊ အရေးဆိုခြင်းမပြုလုပ်ရန်နှင့် ပြုလုပ်ပါက တည်ဆဲတရားဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြင့်ရီမ၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ဇင်မာထွန်း (LL.B, D.B.L)** | **ဦးထွန်းလင်းကျော် (LL.B, D.B.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၀၇၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၀၁၅)** |

**အင်းစိန်ရှေ့နေအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။ ဖုန်း-၀၉-၄၄၈၀၀၈၇၁၆**

---

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၁၃၊ မြေကွက်အမှတ်(၁၀၃၂/က)၊ မြေကွက်အကျယ်(၂၀ပေx၆၀ပေ) အကျယ်အဝန်းရှိ ဒေါ်တင့်တင့်လွင် [၁၂/လသန(နိုင်)၀၁၁၉၆၈]၊ ဒေါ်လှလှချို [၁၂/ဥကတ(နိုင်)၀၈၁၄၁၅]တို့အမည်ပေါက်ပိုင်ဆိုင်လျက်ရှိသည့် နှစ်(၆၀)မြေငှားဂရန်မြေကွက်မှ တရားဝင် မခွဲမစိတ်ရသေးသော ဒေါ်လှလှချို [၁၂/ဥကတ(နိုင်)၀၈၁၄၁၅]ပိုင်ဆိုင်သည့် အစုကို အမည်ပေါက်ပိုင်ဆိုင် လက်ရှိဖြစ်ပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် ဒေါ်လှလှချို [၁၂/ဥကတ(နိုင်)၀၈၁၄၁၅]၏ ကိုယ်စား ဦးထွန်းမင်းထွန်း[၁၂/ဥကတ(နိုင်)၁၂၈၀၉၀]မှ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေများမှလည်း အပြီးအပိုင်ဝယ်ယူရန် သဘောတူညီသည့်အလျောက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ပိုင်ဆိုင်ကြောင်း အထောက်အထား မူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးခင်မောင်မြင့် ( LL.B,D.B.L,D.M.L,D.I.L)** | **ဦးကျော်ဝင်းလှိုင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၅၆၈၃)(၂၈-၆-၁၉၉၁)** | **(စဉ်-၁၇၄၇၇)(၂၁-၁၂-၂၀၂၁)** |
| **အမှတ်(၈၈၀)၊ (၁၁)လမ်း၊ (၁၃)ရပ်ကွက်၊** | **ဖုန်း-၀၉-၄၂၁၀၈၆၁၆၀** |
| **တောင်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၄၃၀၃၂၁၈၁** | |

---

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ခရိုင်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် (၁၁၀. Phase-2)၊ လူနေရပ်ကွက်အမှတ်- တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ မြေကွက်အမှတ် (၂၅၂ +၂၅၂/၄)၊ ဧရိယာ (၁၁.၈၈၂) ဧက အကျယ်အဝန်းရှိ ဒေါ်စပါယ် အမည်ပေါက် နှစ် (၆၀) ဂရန်မြေကွက်ကြီးအနက်မှ တရားဝင်မခွဲစိတ်ရသေးသော ယာယီမြေကွက်အမှတ် (Plot No.3)၊ အကျယ်အဝန်း (4800 sqft) ခန့် ရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို မူလအမည်ပေါက် ဒေါ်စပါယ် [၁၂/ဗဟန(နိုင်)၀၈၂၈၄၄] ထံမှ တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံသည့် City Proterties Co., Ltd. ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှု၊ ရောင်းချမှုနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့် အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ အပြီးအပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်ဇာလွင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၅၀၈)**
**အမှတ်-၃၃/၄၉၊ အခန်း(၃၈)၊ Strand Condo (ပ)ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၃၁၄၄၆၆၇**

---

### ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၃-ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်း၊ အမှတ်- ၆၈ဟု ခေါ်တွင်သော မြေနှင့်အိမ် အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၃၊ မြေကွက်အမှတ်-၆၈၊ ဧရိယာ (၀.၀၅၅)ဧက၊ မြေအမျိုးအစား-နှစ်(၆၀)မြေငှားဂရန်၊ မြေနှင့်ယင်းမြေပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်း၏ အမည်ပေါက်ပိုင်ရှင် ဦးဇော်ဝိတ်[၁/မကန(နိုင်)၀၈၁၉၀၃]မှ မိမိတစ်ဦးတည်း တရားဝင်အမည်ပေါက်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူရန်နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့(၇)ရက်အတွင်း ကန့်ကွက်အရေး ဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးသန်းဦး (LL.B,D.B.L)** | **ဦးဟန်လင်းအောင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၈၇၅)** | **အထက်တန်းရှေ့နေ(စဉ် - ၅၆၆၆၈)** |

**အမှတ်(၇၅၁)(ပထမထပ်)၊ တပင်ရွှေထီးလမ်း၊ ၃၈-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ရုံးဖုန်း-၀၉-၈၈၆၆၉၅၉၆၆**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

**❖ အခြေခံအားဖြင့် စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေနှင့် နည်းစနစ်များ လိုအပ်...**

**❖ မျိုးကောင်းမျိုးသန့်ဖြစ်ရန်၊ မြေကောင်းမွန်ရန်နှင့် သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာများ ပြည့်ဝစွာထည့်သွင်းရန်၊ စိုက်ပျိုးရေ အောင်ရေကောင်းစွာရရှိရန်နှင့် စိုက်နည်းစနစ်များ မှန်ကန်ရန်လို ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ မေလ ၂၄ ရက်နေ့တွင် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)၊ တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)တို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ရန်ကုန်မြို့မှ ထွက်ခွာ

နေပြည်တော် ဇန်နဝါရီ ၁၄

ဧရာဝတီတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိမြစ်ဝကျွန်းပေါ်နေ ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သည့် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အမှတ်(၄) ရေတပ်ဗေဟတံတားမှလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ကမ်းရိုးတန်းတစ်လျှောက်မှ မြို့နယ်၊ ကျေးရွာများနှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ်အတွင်းရှိ ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ အမှတ်(၂)ရေတပ် ဆိပ်ခံတံတား(သန်လျင်)မှလည်းကောင်း အသီးသီးထွက်ခွာကြရာ တပ်မတော်(ရေ)မှ အရာရှိကြီးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများက ပို့ဆောင်နှုတ်ဆက်ကြသည်။

စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ❖



တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ရန်ကုန်မြို့မှ ထွက်ခွာစဉ်။

## UFC 313 ပြိုင်ပွဲတွင် မြန်မာဖိုက်တာ ဂျိုရှုအာဗန် တွဲဆိုင်းပါဝင်မည်

ရန်ကုန် ဇန်နဝါရီ ၁၄

**မတ် ၈ ရက်တွင် အမေရိကန်နိုင်ငံ၌ကျင်းပမည့် UFC 313 ပြိုင်ပွဲတွင် မြန်မာဖိုက်တာ ဂျိုရှုအာဗန် တွဲဆိုင်းပါဝင်လာမည်ဖြစ်သည်။**

ဂျိုရှုအာဗန်သည် ဘရာဇီးဖိုက်တာ ဘရူနိုဆေးဗားနှင့် ထိုးသတ်ရမည်ဖြစ်သည်။ ဘရူနိုဆေးဗားသည် အသက် ၃၅ နှစ်ရှိပြီဖြစ်ပြီး ဂျိုရှုအာဗန်ထက် အတွေ့အကြုံပိုင်းဆိုင်ရာ သာလွန်နေသူလည်းဖြစ်ကာ ပရော်ဖက်ရှင်နယ်ကစားသမားဘဝ ၃၅ ပွဲ ထိုးသတ်ရာတွင် ၂၃ ပွဲနိုင်၊ ၁၂ ပွဲ ရှုံးနိမ့်ထားသည်။ UFC ၏ ဖလိုင်းဝိတ်တန်းအတွက် အဆင့်သတ်မှတ်ချက်တွင် ဘရူနိုဆေးဗားကအဆင့် ၁၃၊

စာမျက်နှာ ၁၇ ကော်လံ ၆ သို့ ✳




မြန်မာဖိုက်တာ ဂျိုရှုအာဗန်နှင့် ဘရာဇီးဖိုက်တာ ဘရူနိုဆေးဗား။


**ယနေ့ ဖတ်စရာ**

၂၀၂၅ မျိုးစေ့ပြပွဲတွင် စိုက်ပျိုးပညာပေးနည်းပညာဖြန့်ဝေမှုလုပ်ငန်းများ ဆောင်ရွက်သွားမည်

စာမျက်နှာ » ၈

ဂါဇာကမ်းမြောင်ဒေသ အပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲ နောက်ဆုံးအဆင့် ရောက်ရှိ

စာမျက်နှာ » ၁၃

ပျဉ်းမနားမြို့နယ်၌ အမျိုးသားတစ်ဦးအား သတ်ဖြတ်ပြီး လုယက်မှုကျူးလွန်သူ တရားခံအမျိုးသားနှစ်ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

စာမျက်နှာ » ၁၅